# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၄၀)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက် မဲရုံအမှတ် (၁) တွင် ဆန္ဒမဲပေး

ထန်တလန် နိုဝင်ဘာ ၈

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက် ၆ နာရီတွင် စတင်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မဲရုံအသီးသီး၌ လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း တို့သည် နံနက်ပိုင်းတွင် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည်။

ထန်တလန်မြို့နယ်၌ မဲရုံပေါင်း ၁၀၅ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၃၃၈၀၆ ဦးရှိရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်ချိန်မှစ၍ သက်ဆိုင်ရာ မဲရုံအသီးသီးသို့ လာရောက်ကြပြီး ဆန္ဒမဲပေးခဲ့ကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စိတ်ချလုံခြုံစွာ မဲပေးနိုင်ရန်နှင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံလုံခြုံရေးများနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁) ၌ ဆန္ဒမဲပေးစဉ်။

ဓာတ်ပုံ – မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အမြင်အာရုံမသန်စွမ်းသည့် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပါဝင် ဆန္ဒမဲပေး

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမြင်အာရုံမသန်စွမ်းသည့် မဲဆန္ဒရှင်ပြည်သူများလည်း စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ဆန္ဒမဲပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသည့် မဲဆန္ဒရှင်ပြည်သူများလည်း ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး အဆိုပါ မဲဆန္ဒရှင်များ အဆင်ပြေစေရန်အတွက် ကြည့်မြင်တိုင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မျက်မမြင်သုံးသင်္ကေတများပါရှိသည့် template (ပုံစံပြား) များ ထားရှိထားသော အထူးမဲရုံဖွင့်လှစ်ကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မဲရုံအမှတ် (၂) တွင် လာရောက်၍ ဆန္ဒမဲပေးသူ ကြည့်မြင်တိုင်မြို့နယ်မှ အမြင်အာရုံမသန်စွမ်းသည့် မသဲသဲချိုက "၂၀၁၅ ခုနှစ်တုန်းကလည်း မဲပေးခဲ့ပါတယ်။ အရင်တုန်းကလည်း အတွေ့အကြုံရှိထားတယ်။ ကိုယ်ကျွမ်းကျင်တဲ့ မျက်မမြင်ဘာသာရပ်နဲ့ အဆင်ပြေအောင် လုပ်ပေးထားတဲ့အတွက် အခက်အခဲမရှိပါဘူး။ မသန်စွမ်းသူတစ်ယောက်ဖြစ်နေပေမယ့်လည်း သန်စွမ်းသူတွေနဲ့ တန်းတူညီတူ နိုင်ငံသားတစ်ယောက်အဖြစ် တာဝန်ကျေစွာမဲပေးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလို အဆင်ပြေစွာ မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၄ ❐


ကာမလာဟားရစ်က အမေရိကန်၏ ပထမဆုံးသော အမျိုးသမီး ဒုတိယသမ္မတ ဖြစ်လာတော့မည် စာ ၂၀

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၈ ဒသမ ၅ သန်းကျော် ရောက်ရှိ စာ ၂၁

ဂျိုးဘိုင်ဒင်လက်ထက် အမေရိကန်ရဲ့မူဝါဒတွေ ဘယ်လိုပြန်လည်ပုံဖော်မလဲ နိုင်ငံတကာရေးရာ စာ ၂၂



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ယုံကြည်မှုကို ပြည်သူ့မဲဖြင့် ပြကြပြီ

မြန်မာနိုင်ငံသားတို့မျှော်လင့်နေကြသော ရွေးကောက်ပွဲကြီး ကျင်းပပြီးစီးခဲ့ပြီ။ ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်တို့တွင် ပေးခဲ့သော မဲအရေအတွက် စာရင်းများကို စတင်ရေတွက်နေပြီလည်းဖြစ်၏။ ထိုမဲစာရင်းတို့၏ ရေတွက်ပြီး ရလဒ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မကြာမီတွင် ကြေညာထုတ်ပြန်တော့မည် ဖြစ်ပါသည်။

ထိုထွက်ပေါ်လာသည့် ရလဒ်ပေါ်မူတည်ပြီး မည်သည့် နိုင်ငံရေးပါတီက အနိုင်ရ ဦးဆောင်ပါတီဖြစ်လာမည်ဆိုသည်ကိုလည်း သိကြရတော့မည်ဖြစ်ပါသည်။ နိုင်ငံ၏အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့ကို ပြည်သူလူထုက မည်သည့် နိုင်ငံရေးပါတီ၊ မည်သည့် နိုင်ငံရေးခေါင်းဆောင်များလက်သို့ လွှဲအပ်တာဝန်ပေးလိုသည်ဆိုခြင်းကို ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့် အဆုံးအဖြတ်ပြုကြမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များကလည်း မဲနိုင်သည်ဖြစ်စေ၊ မဲရှုံးသည်ဖြစ်စေ ပြည်သူလူထု၏ အဆုံးအဖြတ်ကို ကျေကျေနပ်နပ်ခံယူကြရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါသည်။

ယခုရွေးကောက်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီ ပါဝင်ယှဉ်ပြိုင်ကြပြီး တိုင်းဒေသကြီးလွှတ်တော်အတွက် မဲဆန္ဒနယ် ၆၁၂ နေရာ၊ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် ၁၆၁ နေရာ၊ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၃၁၅ နေရာနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာ ၂၉ နေရာတို့အတွက် ယှဉ်ပြိုင်ကြမည် ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ထိုမဲဆန္ဒနယ်များနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာတို့အတွက် မည်သူတို့ကို ပြည်သူလူထု၏ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တာဝန်ပေးမည်နည်းဆိုသည်ကို ပြည်သူ့ရှေ့မှောက်တွင် ဆန္ဒခံယူခြင်းဖြစ်၏။ ပြည်သူ့တာဝန်များထမ်းရွက်ရန် ပြည်သူလူထု၏ အဆုံးအဖြတ်ကို ခံယူခြင်းဟု ဆိုရပါမည်။

မှန်ပါသည်။

ရွေးကောက်ပွဲဟူသည် ပြည်သူလူထု၏ သဘောဆန္ဒကို မဲပေးရွေးချယ်သည့်နည်းဖြင့် ဖော်ထုတ်ပြသခြင်းဖြစ်ပါသည်။ မည်သည့် မဲဆန္ဒနယ်တွင် မည်သည့်နိုင်ငံရေးပါတီနှင့် နိုင်ငံရေးခေါင်းဆောင်ကို တာဝန်ပေးမည်ဟူသော ပြည်သူ့ သဘောထားကို မဲပေးခြင်းဖြင့် ဖော်ပြကြခြင်းဖြစ်ပါသည်။ ပြည်သူတို့ပေးလိုက်သော မဲအရေအတွက်တို့က လွှတ်တော်များတွင် လွှမ်းမိုးဦးဆောင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ပေါ်ထွက်လာစေမည် ဖြစ်၏။

ထို့ကြောင့် ပြည်သူလူထု၏ မဲတစ်ပြားသည် နိုင်ငံကို ဦးဆောင်မည့်သူများကို ရွေးချယ်နေခြင်းဖြစ်ပေသည်။ ပါတီများ နိုင်ငံရေးခေါင်းဆောင်များကလည်း နိုင်ငံ့တာဝန်ထမ်းရွက်ရန်အလို့ငှာ ရွေးကောက်ပွဲတွင် ၎င်းတို့ကို မဲပေးကြဖို့ တောင်းခံကြ၏။

ပြည်သူတို့ကလည်း တာဝန်ကျေပွန်စွာ မဲပေးခဲ့ကြပြီးပြီ။

မဲများကို စတင်ရေတွက်နေပြီဖြစ်ရာ ပြည်သူတို့မှာ စိတ်လှုပ်ရှားရင်ခုန်နေကြပြီ။ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြသူ ပြည်သူ့ကိုယ်စားလှယ်လောင်းများသည်လည်း ပြည်သူတို့နှင့်အပြိုင် ရင်ခုန်စိတ်လှုပ်ရှားနေကြမည်သာ။ မဲအများအပြားရရှိသူများ ရှိမည်ဖြစ်သလို မဲအနည်းအကျဉ်းမျှဖြင့် ကျေနပ်ရမည့် ကိုယ်စားလှယ်များလည်း ရှိမည်။ မဲချင်း သိသိသာသာကွဲခြားကာ အနိုင်အရှုံးပြတ်ပြတ်သားသား ကွဲကွဲပြားပြားဖြစ်သည့် မဲဆန္ဒနယ်များရှိသကဲ့သို့ မဲချင်းအပြိုင်အဆိုင်ဖြင့် မနီးယိုးစွဲဖြစ်နေသည့် မဲဆန္ဒနယ်တို့လည်း ရှိပါမည်။

ပြည်သူလူထုသည် ကိုဗစ်ရောဂါ၏ ခြိမ်းခြောက်နေမှုကို စိုးရိမ်မှုများကြားမှ၊ ထို့နောက် အခြားသောသတင်းတု သတင်းယောင်နှင့် ကောလာဟလများ ထုတ်လွှင့်ခြိမ်းခြောက်နေမှုများကြားမှပင် တစ်ခဲနက် မဲပေးကြသည်ကိုတွေ့ရသည်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးအတွက် အလွန်အားရဖွယ် အားတက်ဖွယ်ဖြစ်ပါသည်။ မဲပေးကြသည်ဆိုခြင်းတွင် မြန်မာနိုင်ငံသားတို့၏ တန်းတူညီမှု၊ မျှတမှု၊ လွတ်လပ်မှု၊ ဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေး ဒီမိုကရေစီအခွင့်အရေးတို့ဖြင့် ပြည့်စုံမှု၊ လူချင်းတူတူ သူချင်းမျှမျှ အလုပ်လုပ်ခွင့်၊ စီးပွားရှာခွင့် စသည့်စသည့် မျှော်လင့်ချက်များက အပြည့်ဖြစ်ပါမည်။ အနှစ်သာရ အပြည့်ဝဆုံးသည်ကား နိုင်ငံ၏ အုပ်ချုပ်ခွင့်အာဏာ၊ လုပ်ပိုင်ခွင့်တာဝန်တို့ကို ပြည်သူ့ကိုယ်စားလှယ်များလက်ထဲသို့ အပ်နှင်းခြင်းပင်ဖြစ်ပါသည်။

ဤသည်ပင် ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရတစ်ခုပင် ဖြစ်ပါ၏။ ဒီမိုကရေစီအုတ်မြစ် သည့်ထက်သည် ပိုမို ခိုင်မာမြဲမြံပါစေသတည်း။ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် စီမံခန့်ခွဲမှုအဝဝတွင် ပြည်သူလူထု၏ အဆုံးအဖြတ်ကသာ ထာဝစဉ် အတည်ဖြစ်ပါစေသတည်း။ ။

## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဇနီးတို့ မြန်အောင်မြို့နယ် အ.ထ.က သပြေကုန်း မဲရုံအမှတ် (၁) တွင် ဆန္ဒမဲလာရောက်ပေး

**မြန်အောင် နိုဝင်ဘာ ၈**

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဇနီးတို့ မြန်အောင်မြို့နယ် အ.ထ.က သပြေကုန်း မဲရုံအမှတ် (၁) ၌ ယနေ့ နံနက် ၉ နာရီက ဆန္ဒမဲ လာရောက်ပေးကြသည်။

မြန်အောင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)နယ်မြေ အ.ထ.က သပြေကုန်းမဲရုံ (၁) ၌ ဆန္ဒမဲပေးခွင့်ရှိသူ အမျိုးသား ၁၂၂၇ ဦး၊ အမျိုးသမီး ၁၅၄၃ ဦး စုစုပေါင်း ၂၇၇၀ ရှိကြောင်းနှင့် သပြေကုန်းကျေးရွာအုပ်စု အတွင်း မဲရုံ ၁၅ ရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၁၁၇၄၉ ဦးရှိကြောင်း မြန်အောင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)




ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် မြန်အောင်မြို့နယ် အ.ထ.က သပြေကုန်း မဲရုံအမှတ် (၁) တွင် ဆန္ဒမဲပေးစဉ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ စစ်တွေမြို့ပေါ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှုကို ကြည့်ရှု

**စစ်တွေ နိုဝင်ဘာ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် စစ်တွေမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။



ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက် မဲရုံ၊ ကျောင်းကြီးလမ်းရပ်ကွက် မဲရုံ၊ မောလိပ်ရပ်ကွက် မဲရုံနှင့် ကုန်တန်းရပ်ကွက်ရှိ မဲရုံများသို့ သွားရောက်ပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မဲရုံများသို့ သွားရောက်စဉ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးတို့ကို သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်များ၊ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများ၊ မဲရုံတာဝန်ရှိသူအားလမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့အပြင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်၊ စစ်တွေမြို့နယ်တာဝန်ခံ ဦးမောင်သိန်းဖြူနှင့် အဖွဲ့ဝင်များသည် ဘောက်သီးစု ရပ်ကွက်မဲရုံ၊ လမ်းသစ်ရပ်ကွက်မဲရုံ၊ ဆင်ကူးလမ်းရပ်ကွက်မဲရုံနှင့် အုန်းတစ်ပင်ရပ်ကွက်မဲရုံများသို့ သွားရောက်ပြီး မဲဆန္ဒရှင် ပြည်သူများ မဲပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မဲရုံများသို့ လှည့်လည်ကြည့်ရှုရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်အတူ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်တင်လှိုင်၊ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင် ၄၇၇၉၅၉ ဦးရှိပြီး မဲရုံပေါင်း ၇၈၄ ရုံရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## မန့်ဟီးရိုးမြို့တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနှင့်အညီ ဆန္ဒမဲပေး

**မန့်ဟီးရိုး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မန့်ဟီးရိုးမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ခြောက်ထောင်ကျော်ရှိပြီး မဲရုံပေါင်း ကိုးရုံဖွင့်လှစ်ထားရှိကာ ယနေ့နံနက် ၆ နာရီကစတင်၍ ဒေသခံပြည်သူများ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း ဖွင့်လှစ်ထားသော မဲရုံများတွင် အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။



မဲရုံအသီးသီး၌ မဲရုံစတင်ဖွင့်လှစ်ခြင်းမပြုမီ နံနက် ၅ နာရီခွဲတွင် မဲပေးရန် မဲဆန္ဒရှင်ပြည်သူများက ကြိုတင်စောင့်ဆိုင်းနေကြပြီး မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများက သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်သူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများရှေ့မှောက်တွင် မဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်းကိုပြသ၍ လုံခြုံရေးကြိုးများ စနစ်တကျ ချိပ်ပိတ်ကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲစတင်ပေးနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာသည်။

မန့်ဟီးရိုးမြို့တွင် ဆန္ဒမဲပေးရန် လာရောက်ကြသူများကို ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ မဲရုံအတွင်းနှင့် အပြင် သတ်မှတ်နေရာများအလိုက် စည်းတားပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာစေခြင်း၊ မဲရုံအတွင်း မဝင်ရောက်မီ နှာခေါင်းစည်းများကို လဲလှယ်ပေးခြင်း၊ လက်သန့်စင်ဆေးရည်များ တစ်ဦးချင်းစီဆေးရန် ကူညီဆောင်ရွက်ပေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများအား မဲရုံအသီးသီးမှ တာဝန်ကျမဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ ဝန်ထမ်းများနှင့် မဲရုံလုံခြုံရေး တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စန္ဒာ(ပြန်/ဆက်)

❐ *ကျောဖုံးမှ*

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ မဲရုံအသီးသီးတွင်လည်း တိုင်းမှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံအသီးသီးတွင် စနစ်တကျဖြင့် ဆန္ဒမဲများ ပေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

◆ *ကျောဖုံးမှ*

လက်သန့်စင်ခြင်း၊ Social Distancing နှင့်အညီ စနစ်တကျတန်းစီခြင်း၊ မဲရုံအဝင်၌ လက်သန်း မင်တို့ထားခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ မဲစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ လွှတ်တော်အသီးသီးအတွက် ပြည်သူများ ဆန္ဒမဲပေးနေခြင်း၊ မဲပေးပြီးသည့် မဲဆန္ဒရှင်များ၏ လက်သန်းတွင် မင်တို့ခြင်း လုပ်ငန်းစဉ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ထည့်ထားသည့်မဲပုံးနှင့် ကြိုတင်ဆန္ဒမဲပေးသူများစာရင်းတို့ကို ကြည့်ရှုစစ်ဆေးကာ ရွေးကောက်ပွဲလေ့လာသူများ၊ မဲရုံပရဝဏ်အတွင်း မဲပေးရန်စောင့်ဆိုင်းနေကြသော မဲဆန္ဒရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ် (၁) ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၉ သိန်းကျော်ရှိပြီး စိတ်အားထက်သန်စွာ ဆန္ဒမဲလာရောက်ပေး



ဗိုလ်တထောင်မြို့နယ် အမှတ် (၉) ရပ်ကွက် မဲရုံအမှတ် (၁) ၌ မဲရုံမှူးနှင့် တာဝန်ရှိသူများ ဆန္ဒမဲများ ရေတွက်နေစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်တန်းကျောင်း မဲရုံ၌ ကြည့်ရှုလေ့လာကြစဉ်။

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့ ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၉ သိန်းကျော်ရှိပြီး စိတ်အားထက်သန်စွာ ဆန္ဒမဲပေးခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က " ဒီနေ့ ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ စိတ်ဝင်တစားနဲ့ မဲပေးဖို့ မဲရုံတွေမှာ နံနက် ၆ နာရီ မတိုင်ခင်ကတည်းက ရောက်နေတာ တွေ့ရပါတယ်။ မဲပေးတဲ့နေရာမှာလည်း အေးအေးချမ်းချမ်းရှိပါတယ်။ စည်းကမ်းတကျ မဲပေးတာကို တွေ့ရပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး လိုက်နာတာကိုလည်း တွေ့ရပါတယ်" ဟု ပြောသည်။

မဲဆန္ဒရှင် ပြည်သူများကလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် နှာခေါင်းစည်း၊ မျက်နှာအကာများ တပ်ဆင်ကာ စည်းကမ်းတကျ ဆန္ဒမဲပေးရန် နံနက် ၆ နာရီ မဲရုံမဖွင့်မီကတည်းက ရောက်ရှိနေကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၅၈၀၉ ရုံရှိပြီး အရှေ့ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၆၆ ရုံ၊ အနောက်ပိုင်းခရိုင် တွင် မဲရုံပေါင်း ၅၆၈ ရုံ၊ တောင်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၄၄ ရုံနှင့် မြောက်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၃၁ ရုံ ရှိပြီး မဲရုံများတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မင်တို့ပေးသူ၊ ရွေးကောက်ပွဲအထူးရဲနှင့် မဲရုံအကူဝန်ထမ်းအပါအဝင် အဖွဲ့ဝင်ဦးရေ လေးသောင်းခြောက်ထောင်ကျော်က တာဝန်ထမ်းဆောင်ကြသည်။

" ဒေါပုံမြို့နယ်မှာ နံနက် ၆ နာရီ မဲရုံစဖွင့်ကတည်းက မဲပေးကြပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲထက်ကို စိတ်ဝင်စားမှုများတာ တွေ့ရပါတယ်။ ဒေါပုံမြို့နယ်မှာ မဲရုံပေါင်း ၆၃ ရုံ ရှိပါတယ်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ ခုနစ်သောင်းကျော် ရှိပါတယ်။ အဲဒီထဲမှာ အသက် ၆၀ နဲ့ အသက်အရွယ်ကြီးရင့်သူဦးရေ တစ်သောင်းခန့်ရှိပြီး ခုနစ်ထောင်ကျော်က ကြိုတင်မဲပေးပြီးပါပြီ" ဟု ဒေါပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးစန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူဦးရေ ရှစ်သိန်းခန့်ရှိပြီး အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအား အိမ်တိုင်ရာရောက် ကြိုတင်မဲကောက်ယူရာတွင် ဆန္ဒမဲပေးသူဦးရေ ခုနစ်သိန်းကျော်ရှိကြောင်း ဆန္ဒမဲပေးရန်ကျန်ရှိသူများလည်း ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးကြကြောင်း သိရသည်။

အသက် ၆၈ နှစ်အရွယ် ဦးကျော်လင်းက " အသက် ၆၈ နှစ်ဆိုပေမယ့် ကျန်းကျန်းမာမာရှိနေတော့ ဒီနေ့မှ မဲလာပေးတာပါ။ ကြိုတင်မဲမပေးဘူး။ အိမ်က မဲရုံနဲ့လည်း နီးတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်တဲ့ ရွေးကောက်ပွဲနေ့မှာ အဓိပ္ပာယ်ရှိတဲ့ လူသားတစ်ယောက်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ မဲရုံကို လာပေးတာပါ။ ဒါ အဓိကရည်ရွယ်ချက်ပေ့ါ။ မဲရုံကို မဲလာပေးတဲ့အတွက် ပျော်ရွှင်ကြည်နူးမိတယ်။ ဘယ်ပြည်သူ ပြည်သားမဆို တိုင်းပြည်ကို ခေါင်းဆောင်မယ့် ခေါင်းဆောင်စစ်၊ ခေါင်းဆောင်မှန်ကို ရွေးချယ်ချင်ကြတာချည်းပဲ။ လိုချင်ကြတာချည်းပဲ။ မိသားစုမှာပဲဖြစ်ဖြစ်၊ တိုင်းပြည်မှာပဲဖြစ်ဖြစ် အမှန်တကယ် ဦးဆောင်နိုင်မယ့်၊ ခေါင်းဆောင်နိုင်မယ့် အဖွဲ့အစည်းကို ခံစားချက်အပြည့်နဲ့ ကိုယ်တိုင်ကိုယ်ကျ မဲလာပေးတာပါ" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာအတွက် ကရင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးတို့ ဝင်ရောက်အရွေးခံကြရာ အဆိုပါနေရာအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရခိုင်တိုင်းရင်းသားနှင့် ကရင်တိုင်းရင်းသားတို့ကလည်း ဆန္ဒမဲပေးရွေးချယ်ကြသည်။

စမ်းချောင်းမြို့နယ်နေ ကရင်တိုင်းရင်းသား မန်းအယ်လ်ဇော်နန်းက "ကျွန်တော်ကတော့ ကရင်အမျိုးသားအရေးကို စွမ်းစွမ်းတမံလုပ်နိုင်တဲ့သူ၊ ကရင်အသံကို ကျယ်ကျယ်လောင်လောင်ပြောနိုင်တဲ့သူ၊ ကရင်ရေးရာကို ဦးဆောင်နိုင်တဲ့သူကို ကရင်တိုင်းရင်းသားလူမျိုးရေးရာနေရာအတွက် ဆန္ဒမဲပေးခဲ့ပါတယ်။ နေ့လယ် ၁၂ နာရီခွဲက မဲသွားပေးခဲ့ပါတယ်" ဟု ပြောသည်။

ကမာရွတ်မြို့နယ်နေ ရခိုင်တိုင်းရင်းသူ ဒေါ်မြင့်မြင့်ဦးက " နံနက် ၅ နာရီခွဲက မဲရုံ သွားတန်းစီပြီး မဲပေးခဲ့ပါတယ်။ ကျွန်မက ရန်ကုန်ရောက် ရခိုင်လူမျိုးပါ။ ရခိုင်တိုင်းရင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာနေရာအတွက် ဆန္ဒမဲပေးခဲ့ပါတယ်။ ရန်ကုန်ရောက်နေတဲ့ ရခိုင်တိုင်းရင်းသားတွေအတွက် တကယ်ဆောင်ရွက်ပေးမယ့်သူကို မဲပေးခဲ့ပါတယ်။ မဲပေးရတာ အေးအေးချမ်းချမ်းရှိပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ် မဲပေးခွင့်ရရှိသူ အသက် ၁၈ နှစ်ပြည့်ပြီး လူငယ်ဦးရေ ရှစ်သိန်းကျော်ရှိပြီး လူငယ်များအနေဖြင့်လည်း အားတက်သရော ဆန္ဒမဲလာရောက်ပေးကြသည်ကို တွေ့ရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်နေ မဖြူစင်မွန်က " ကျွန်မက အသက် ၂၂ နှစ် ပြည့်ပါပြီ။ ဒီရွေးကောက်ပွဲမှာ ပထမဆုံးအကြိမ် မဲပေးဖူးတာပါ။ မိသားစုမှာတော့ အဘိုးက ကြိုတင်မဲပေးရတယ်။ ကျွန်မ မဲပေးရတဲ့ မဲရုံက အ.ထ.က ၇ မင်္ဂလာတောင်ညွန့်ပါ။ ကျွန်မရဲ့ သူငယ်ချင်းတွေလည်း အားလုံးမဲပေးကြတယ်လို့ သိရပါတယ်။ ပထမဆုံးအကြိမ် မဲပေးတာဆိုတော့ စိတ်တော့လှုပ်ရှားမိတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ မဲပေးခွင့်ရတာကို ဂုဏ်ယူမိပါတယ်။ မဲပေးရာမှာလည်း အဆင်ပြေပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲရုံများသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့များက လေ့လာစောင့်ကြည့်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၉ သိန်းကျော်ရှိပြီး အရှေ့ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၉ သိန်းကျော်၊ အနောက်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ခုနစ်သိန်းကျော်၊ တောင်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၁ သိန်းကျော်နှင့် မြောက်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၂ သိန်းကျော်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ တိုင်းဒေသကြီးမဲဆန္ဒနယ် (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅၂ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ် (၂) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၃ ဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**သတင်း-ရဲခေါင်၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်၊ လှမိုး**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ
# မဲဆန္ဒရှင်ပြည်သူများ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၈

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။**



နေပြည်တော် လယ်ဝေးမြို့နယ်တွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် မဲလက်မှတ်များ ထုတ်ယူနေကြစဉ်။

နေပြည်တော်၌လည်း မဲဆန္ဒရှင်ပြည်သူများသည် နံနက် ၆ နာရီမတိုင်မီ သက်ဆိုင်ရာမဲရုံအသီးသီးသို့ ရောက်ရှိကြပြီး COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ မဲပေးနိုင်ရေး တန်းစီနေရာယူကြသည်။

မဲရုံမဖွင့်မီ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် တာဝန်ရှိသူများသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများကို စစ်ဆေးပြသကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် လုံခြုံရေးကြိုးများဖြင့် မဲပုံးများကို စနစ်တကျပိတ်သည်။

နံနက် ၆ နာရီတွင် မဲရုံမှူးများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာသည်နှင့် တစ်ပြိုင်နက် ဆန္ဒမဲပေးရန် ရောက်ရှိနေကြသည့် ပြည်သူများက တာဝန်ရှိသူများထံမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နေရာများအတွက် ရွေးချယ်ပေးရမည့် ဆန္ဒမဲလက်မှတ်များကို လက်မှတ်ထိုးထုတ်ယူပြီး လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒပြုကာ မဲပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မဲရုံပြင်ပတွင်လည်း မဲဆန္ဒရှင်ပြည်သူများ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လွတ်လပ်၊ လုံခြုံဘေးကင်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ KN-95 နှာခေါင်းစည်းများ ထုတ်ပေးခြင်း၊ လက်သန့်ဆေးရည်ဖျန်းပေးခြင်း၊ မဲရုံအတွင်း၊ အပြင် လုံခြုံရေးဆောင်ရွက်ပေးခြင်းနှင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့ပြင် မဲဆန္ဒရှင်ပြည်သူများ၏ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်များကို မဲရုံများအနီးတွင် ထားရှိပေးပြီး သောက်ရေသန့်များကိုလည်း စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းပေးထားသည်။

မဲရုံများတွင်လာရောက်ဆန္ဒမဲပေးကြသည့် ပြည်သူများ လွတ်လပ်လုံခြုံစွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်မှု ရှိ၊ မရှိကို ပြည်တွင်းပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များက လာရောက်စောင့်ကြည့်ကြပြီး သတင်းမီဒီယာများလည်း လာရောက်သတင်းရယူကြသည်။



နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေစဉ်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့ရှိ သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရှစ်နေရာနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်နေရာတို့အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့နှစ်သက်သည့် ပုဂ္ဂိုလ်များကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ ငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့တွင် မဲရုံစုစုပေါင်း ၆၄၆ ရုံ ဖွင့်လှစ်ထားသည်။

မဲပေးမှု ပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများရှေ့မှောက်၌ မဲပုံးများကိုဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များတွင် မှတ်တမ်းရေးသွင်းကြသည်။

ယခုရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁၅ နေရာအတွက် လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၅၆၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၁ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၇၉ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၁၂ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၁၂ ဦး၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၃ ဦး ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံကြသည်။

ယခုရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၂၆၈၈၇၆ ဦးရှိကာ မဲရုံပေါင်း ၃၉၉၆၂ ရုံ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ အရွေးချယ်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးပြီး လက်သန်းတွင် မင်တို့စဉ်။



ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မဲရုံအမှတ် (၂) ၌ အမြင်အာရုံမသန်စွမ်းသည့် မဲဆန္ဒရှင်တစ်ဦး ပါဝင်ဆန္ဒမဲပေးနေစဉ်။

❒ *ရှေ့ဖုံးမှ*

အလားတူ အဆိုပါမဲရုံ၌ လာရောက်ဆန္ဒမဲပေးသူ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းဆရာ ဦးဇော်ထွေးဦးက "အရင်တုန်းကလည်း မဲပေးခဲ့ပါတယ်။ ကျွန်တော်တို့ မျက်မမြင်တွေအတွက် မျက်မမြင်သုံးသင်္ကေတနဲ့ပေးနိုင်မယ့် အထူးမဲရုံတွေ ထားရှိပေးတဲ့အတွက် မဲပေးတဲ့အခါမှာ အခက်အခဲမရှိ၊ လွတ်လပ်စွာနဲ့ မဲပေးနိုင်ခဲ့ပါတယ်။ ဘယ်ကိုယ်စားလှယ် ဘာလုပ်တယ်ဆိုတာမျိုး ကျွန်တော့်အနေနဲ့ မသိပါဘူး။ သတင်းနားထောင်တဲ့အတွက် သတင်းထဲမှာပြောကြတဲ့ နိုင်ငံရေးအခြေအနေတွေအရ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကတော့ဖြင့် ဘာလုပ်ပေးနိုင်တယ်ဆိုတာမျိုးကို ကြည့်ပြီးတော့ ကျွန်တော့် ယုံကြည်ချက်နဲ့ ပါတီရဲ့ကိုယ်စားလှယ်လောင်းကို ရွေးချယ်ခဲ့တယ်။ နိုင်ငံကို အရင်ထက် ပိုမိုကောင်းမွန်ဖို့နဲ့ မသန်စွမ်းပြည်သူတွေအတွက် အခွင့်အလမ်းကောင်းတွေရဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

အမြင်အာရုံမသန်စွမ်းသည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ သွားလာမဲပေးနိုင်ရေး၊ ဆန္ဒမဲပေး ရွေးချယ်ရာတွင် မှန်ကန်စွာမဲပေးနိုင်ရေးတို့အတွက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဝန်ထမ်း ဆရာ ဆရာမများအား မဲရုံဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် ကျောင်းသား ၁၂၀ ကျော်ရှိသော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် ကျောင်းသားများမှာ မိမိတို့၏ သက်ဆိုင်ရာ နေရပ်အသီးသီးသို့ပြန်သွားသဖြင့် ယနေ့တွင် ကျောင်း၌ ကျန်ရှိသည့် ဆရာ၊ ဆရာမ ၁၅ ဦး လာရောက်ဆန္ဒမဲပေးကြကြောင်း ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိန်မြထံမှ သိရသည်။

အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ကိုယ်တိုင်ကိုယ်ကျ မဲပေးနိုင်ခြင်းမရှိဘဲ အကူအညီယူ၍ မဲပေးခဲ့ကြရသော်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှစတင်ကာ မျက်မမြင်သုံးသင်္ကေတများပါရှိသည့် template (ပုံစံပြား) များဖြင့် ကိုယ်တိုင်ကိုယ်ကျ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲရလဒ်များအား အချိန်မီထုတ်ပြန်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲဆန္ဒနယ်အသီးသီးမှ ပေးပို့လာသော ဆန္ဒမဲရလဒ်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယနေ့ကျင်းပသည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက "ကျွန်တော်တို့ ဒီနေ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပပြုလုပ်တဲ့အခါ အခုချိန်မှာဆိုရင် မဲရုံအားလုံးဟာ မဲပေးခြင်းလုပ်ငန်းစဉ်အားလုံးနီးပါးပြီးစီးပြီး မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ နေပြည်တော်ရုံးချုပ်က ဝန်ထမ်းတွေဟာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ရုံးချုပ်မှာ အဆင်သင့်ရှိနေပါတယ်။ လိုအပ်တဲ့ ပြဿနာ၊ အခက်အခဲတွေရှိရင်လည်း အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ကြီးကြီးမားမား ထူးထူးခြားခြား ပြဿနာတွေ၊ သတင်းပို့ချက်တွေ မရှိပါဘူး။ အသေးအဖွဲလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမယ့်အပိုင်းတွေကို ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ခြုံငုံပြီးပြောရမယ်ဆိုရင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးဟာ အောင်မြင်စွာနဲ့ ကျင်းပပြီးစီးနိုင်ခဲ့ပြီလို့ ခြုံငုံပြီး သုံးသပ်ပြောဆိုလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ်က "ရလဒ်နဲ့ ပတ်သက်ပြီး အကြမ်းအားဖြင့်ပြောရရင် အခုမဲရုံတွေမှာ မဲတွေကို ရေတွက်နေပါတယ်။ မဲရလဒ်တွေကို သက်ဆိုင်ရာမြို့နယ်တွေကို စုစည်းပေးပို့မှာ ဖြစ်ပါတယ်။ မြို့နယ်တွေမှာလည်း ဒီစာရင်းဇယားတွေကိုချုပ်ပြီး သက်ဆိုင်ရာခရိုင်ကို မိတ္တူပေးပို့ပါတယ်။ အဓိက တိုင်းဒေသကြီးနဲ့ ပြည်နယ်ကော်မရှင်တွေကို ပေးပို့ရမှာ ဖြစ်ပါတယ်။ ပေးပို့တဲ့အခါမှာ ရလဒ်တွေကိုစုစည်းပြီး ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်ကနေ အတည်ပြုပေးမှာ ဖြစ်ပါတယ်။ အဲဒါတွေပြီးတဲ့နောက် ရုံးချုပ်ကိုတစ်ပြိုင်တည်းပေးပို့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရုံးချုပ်က အတည်ပြုပြီးတာနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ရုံးချုပ်ကနေလည်း မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာ၊ UEC Website၊ Facebook ကတစ်ဆင့် မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီနဲ့ ည ၈ နာရီတို့မှာ ရသမျှ သတင်းအချက်အလက်တွေ ရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမှာ ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

သတင်း - ဟန်လင်းနိုင်
ဓာတ်ပုံ - ချက်ကြီး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး

# ပြည်သူများ စနစ်တကျမဲပေးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

ရန်ကုန် နိုဝင်ဘာ ၈

**ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အမှတ်(၇) မူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် မဲဆန္ဒနယ် အမှတ်(၂) ရှိ မဲရုံ ၂၊ ၃၊ ၄၊ ၅ တို့တွင် နံနက် ၆ နာရီ မဲရုံစတင်မဖွင့်မီကတည်းက မိမိတို့နိုင်ငံသား အခွင့်အရေးအတွက် မဲပေးလိုသူပြည်သူများ စောင့်ဆိုင်းနေကြသည်။**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လုပ်အားပေးတာဝန်ယူထားသူများ၊ ရပ်/ကျေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ယူပေးမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပြည်သူများ အချိန်မီ မဲပေးနိုင်စေရန်အတွက် နံနက် ၄ နာရီကတည်းက စတင်၍ မဲရုံဖွင့်လှစ်ရန် ပြင်ဆင်ကြပြီး မဲစာရင်းစာရွက်များ စစ်ဆေးခြင်း၊ မဲပုံးများ စစ်ဆေးခြင်း၊ မဲပေးမည့်တံဆိပ်တုံးများ စစ်ဆေးခြင်း၊ မဲပုံးများချိပ်ပိတ်ရာတွင် အသုံးပြုမည့် ကြိုးနံပါတ်များမှတ်သားခြင်း၊ လျှို့ဝှက်ဆန္ဒပြုမည့်အခန်းများ လုံခြုံမှုရှိမရှိ စစ်ဆေးခြင်း၊ ပြည်သူများ ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့် အညီ ဖြစ်စေရေးအတွက် အားတက်သရော ဆောင်ရွက်ကြသည်။

နံနက် ၆ နာရီထိုးသည်နှင့် မဲရုံမှူးသည် တာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၊ တာဝန်ပေးအပ်ထားသည့် ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ ရှေ့မှောက်တွင် ပြည်သူများ ဆန္ဒပြုမည့် မဲပုံးကို ဖွင့်လှစ်ပြသ၍ ချိပ်ပိတ်ကြိုးနံပါတ်မှတ်ကာ စည်းနှောင်လိုက်ကြသည်။

ယင်းနောက် တန်းစီစောင့်ဆိုင်းနေသော ပြည်သူများသည် မဲရုံအတွင်းသို့ ဝင်ရောက်ကြသည်။ မဲရုံအတွင်းသို့မဝင်မီ ဆန္ဒမဲပေးမည့် ပြည်သူများကို အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် ဆေးကြောပေးခြင်း၊ နှာခေါင်းစည်းအသစ်များလဲလှယ်တပ်ဆင်ပေးခြင်းနှင့် မျက်နှာအကာများအခမဲ့ ဝေငှခြင်းများကို မဲရုံတာဝန်ကျသူများ၊ Volunteer များက ပြုလုပ်ပေးနေသည်ကို မြင်တွေ့ရသည်။

မဲဆန္ဒရှင်များအနက် သက်သေခံကတ်ပြား မပါရှိပါကလည်း ဆန္ဒမဲပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်ကျော်မြင့်က "ပြည်သူများ ဆန္ဒမဲပေးတဲ့နေရာမှာ မှတ်ပုံတင် သို့မဟုတ် သက်သေခံကတ်ပြားတစ်ခုခုမပါရင်၊ မရှိခဲ့ဘူးဆိုပါတော့။ အဲဒီအခါကျရင် ရပ်ကွက်ရုံးမှာ ရပ်ကွက်ထောက်ခံစာယူပြီး လာပေးဖို့ မနေ့ညကတည်းက ရပ်ကွက်ရုံးကနေ ကားနဲ့ လှည့်လည်ကြေညာထားပါတယ်။ နောက်တစ်ခုကတော့ မဲပေးဖို့ ကတ်ပြားရထားတယ်။ သက်သေခံကတ်ပြား၊ ထောက်ခံချက်မပါလာဘူး။ ကျွန်တော့်ရပ်ကွက်ထဲမှာ နေတယ်။ သူ့ကို ကျွန်တော်သိတယ်။ ဒါဆိုရင်တော့ မဲရုံမှူးကို အကြောင်းကြားပြီး ကျွန်တော်က ထောက်ခံချက်ပေး မဲပေးခွင့်ပြုပါတယ်" ဟု ပြောသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် ပထမဆုံးဆန္ဒမဲပေးခွင့်ရသူ ရန်ကုန်သစ်ရပ်ကွက်၊ လွတ်လပ်ရေးလမ်းနေ ကိုဟိန်းထက်ဇော်က "ကျွန်တော် အသက် (၂၁ နှစ်) ရှိပါပြီ။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးမဲပေးခွင့်ရတာပါ။ ကိုဗစ်-၁၉ ကပ်ရောဂါရှိနေပေမယ့် ဝင်လာတာနဲ့ ကျွန်တော်တို့တပ်လာတဲ့ နှာခေါင်းစည်းတွေကို အပေါက်ဝက အမှိုက်ပုံးထဲကို ထည့်စေပြီး အသစ်တစ်ခုပေးတယ်။ မျက်နှာအကာ မပါတဲ့သူတွေကိုလည်း အသစ်တစ်ခု ပေးတယ်။ လက်သန့်ဆေးနဲ့လည်း ဆေးခိုင်းတယ်။ အပူချိန်လည်း တိုင်းပါတယ်။ ကျွန်တော်က ပထမဦးဆုံး မဲပေးခွင့်ရတာဆိုတော့ မဲပေးတဲ့နေရာမှာ အမှားအယွင်းဖြစ်မှာစိုးလို့ သေသေချာချာလည်း ရှင်းပြပါတယ်။ မဲပေးတဲ့အခါ ဘယ်နေရာမှာ ပေးရမယ်ဆိုတာ ညွှန်ပြပေးပေမယ့် စောင့်ကြည့်တာမျိုး မရှိပါဘူး။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးမဲပေးခွင့်ရတဲ့အတွက် ရင်ခုန်တယ်။ စိတ်လှုပ်ရှားတယ်။ ကိုယ်ဆန္ဒပြုချင်တဲ့ ပါတီကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရတဲ့အတွက် ကျွန်တော်ပျော်တယ်" ဟု ပြောသည်။



ဦးခင်သန်းမောင် (ရန်ကုန်သစ်ရပ်ကွက်)



ဒေါ်မိမိနိုင် (မူလွန်ကျောင်းအုပ်ဆရာမကြီး)

သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်အမှတ်(၇) မူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် မဲဆန္ဒနယ်အမှတ်(၂) ရှိ မဲရုံ ၂၊ ၃၊ ၄၊ ၅ တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၄၀၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်သစ်ရပ်ကွက်နေ ဦးခင်သန်းမောင်က "အသက် (၅၇နှစ်) ရှိပြီ။ ကျွန်တော့်သက်တမ်းတစ်လျှောက် မဲပေးခဲ့တာကတော့ အခုနဲ့ဆို နှစ်ကြိမ်မြောက်ပါ။ ၂၀၁၀ တုန်းကတော့ မပေးဖြစ်ခဲ့ဘူး။ အခုလို ကိုဗစ်ကာလမှာ မဲပေးရတာနဲ့ ပတ်သက်ပြီး သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရဲ့ စီစဉ်ပုံကို သဘောကျတယ်။ မဲရုံထဲ ဝင်လိုက်တာနဲ့ ရောဂါကာကွယ်တဲ့အနေနဲ့ နှာခေါင်းစည်းကအစ ပေးပါတယ်။ နောက် ဒီနေရာမှာ လက်မှတ်ထိုးရပါမယ်။ ဒီနေရာမှာ မဲထည့်ရပါမယ်ဆိုပြီး ကူညီပေးပါတယ်။ ဆန္ဒပြုတာကတော့ ကိုယ့်သဘောနဲ့ကိုယ်ပါ။ သူများလည်း မမြင်ပါဘူး။ ကိုယ်ဆန္ဒနဲ့ကိုယ်ပါ" ဟု ပြောသည်။

သင်္ဃန်းကျွန်းမြို့နယ်တွင် မဲရုံပေါင်း ၁၃၉ ရုံရှိကာ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၈၄၀၀၀ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် တိုင်းဒေသကြီး မဲဆန္ဒအမှတ် (၂) မဲရုံမှူး အမက(၇) မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိနိုင်က "ညနေ ၄ နာရီထိုးတဲ့အထိ ပရဝဏ်ထဲကို တဖွဲဖွဲလာနေတယ်။ လူမပြတ်ဘူး။ မဲရုံမှူးတစ်ယောက်အနေနဲ့ ပြောရရင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အထူးလုပ်ဆောင်ပေးတယ်။ မဲဆန္ဒရှင်တွေကလည်း လိုက်နာကြတယ်။ ၂၀၁၅ ထက်စာရင် ဒီနှစ်မဲပေးပုံက ပိုအဆင်ပြေတယ်။ စနစ်တကျတန်းစီပြီး မဲပေးတယ်။ မဲရုံက ကလေးတွေကလည်း မဲဆန္ဒရှင်တွေ မသိတာတွေကို ကူညီပေးတယ်။ ၂၀၁၅ မှာလည်း မဲရုံမှူးလုပ်ခဲ့တော့ အတွေ့အကြုံအရ ပြောရရင် ဒီနှစ် ၂၀၂၀ မဲပေးတဲ့သူတွေက ပိုစနစ်ကျလာတယ်။ စနစ်ကျလာတယ်ဆိုတာ မဲပေးသူတွေမှာ ပယ်မဲနည်းလာတာကိုပြောတာ။ နောက်မဲပေးတဲ့သူ ပိုများလာတယ်။ မဲပေးရတဲ့ပုံစံကို သိလာတယ်။ သိပ်ပြီးပြောစရာမလိုတော့ဘူး" ဟု ပြောသည်။

ယခင် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် စည်းကမ်းတကျရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို စနစ်တကျ အသုံးပြုနိုင်ခဲ့သည်ဟု တာဝန်ရှိသူများ၊ မဲဆန္ဒရှင်များ၏ ပြောကြားချက်များအရ သိရှိရသည်။

ရဲခေါင်ညွန့်
ဓာတ်ပုံ - ဖိုးထောင်



ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမက (၁၀) ကျောင်းဝင်းမဲရုံ၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။ မင်းထက်

# ဖားကန့်၌ မဲရုံအမှတ် (၁၂) တွင် ကြိုတင်မဲပေးရာ၌ မဲလက်မှတ်မှားယွင်းထုတ်ပေးခဲ့မှုအပေါ် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး ပြန်လည်မဲပေးခွင့်ပြု

**ဖားကန့် နိုဝင်ဘာ ၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မဇွပ်ယန်ကျေးရွာ မဲရုံအမှတ် (၁၂) တွင် အသက် ၆၀ နှင့်အထက် ကြိုတင်မဲပေးခွင့်ပြုခဲ့ရာ သက်ကြီးဘိုးဘွား ၄၅ ဦးအား ဆန္ဒမဲလက်မှတ် မှားယွင်းထုတ်ပေးခဲ့သည့်အပေါ် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ထည့်ပြီးမဲလက်မှတ်အား ပယ်မဲအဖြစ်သတ်မှတ်ပြီး ယနေ့တွင် အသစ်ပြန်လည်မဲပေးစေခဲ့ကြောင်း သိရသည်။

မဲရုံအမှတ် (၁၂) တွင် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးသူ သက်ကြီးဘိုးဘွား ၉၅ ဦးရှိရာမှ ၄၅ ဦးအား ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) ဆန္ဒပြုလက်မှတ်ထုတ်ပေးရမည့်အစား ရှမ်းတိုင်းရင်းသား လူမျိုးရေးရာ ဆန္ဒမဲလက်မှတ်နှင့် မှားယွင်းထုတ်ပေးခဲ့မိပြီး ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)အတွက် ပြန်လည်မဲပေးစေခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြုလက်မှတ် မှားယွင်းထုတ်ပေးခဲ့မှုနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၅ ရက်က ဖားကန့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များနှင့်တွေ့ဆုံပြီး အဖြေရှာခဲ့ကြသော်လည်း တိကျသည့်အဖြေမထုတ်နိုင်ကြသည့်အတွက် မိုးညှင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ အခြေအနေအား တင်ပြခဲ့သည်။ လက်ရှိတွင် ဆန္ဒမဲပေးသူ နိုင်ငံသားများ၏ အခွင့်အရေးမဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ဆန္ဒမဲလက်မှတ်မှားယွင်းမှုအား လွှတ်တော်အမျိုးအစားအလိုက် ပြန်လည်တည့်မတ်ပြင်ဆင်သွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားထားကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

# နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားပြောကြားချက်များ


မစုသက်နှင်း


မဟန်နွယ်ဦး


ဦးသန်းထွန်း


ဦးမြင့်ဝေ


ကိုဉာဏ်လင်းသိန်း


ဦးအောင်မြို့


ကိုကျော်လှိုင်


ဦးထွန်းသန်း


မအေးအေးအောင်

ယနေ့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံး၌ ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသည်။ ထို့အတူ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ သက်ဆိုင်ရာမဲရုံအသီးသီးတွင်လည်း မဲဆန္ဒရှင်ပြည်သူများ လာရောက်၍ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲရုံများ၌ ပြည်သူများ လာရောက်ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိစေရေး၊ မဲရုံအတွင်း မဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည်။

မဲရုံများသို့ လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးခဲ့မှုအပေါ် ၎င်းတို့၏ တွေ့ကြုံခံစားချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။

**မစုသက်နှင်း**
**(ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

မဲပေးဖို့အတွက် မနက် ၅ နာရီကတည်းက လာစောင့်နေတာပါ။ မဲရုံဖွင့်တဲ့အထိ စနစ်တကျ တန်းစီစောင့်ဆိုင်းခဲ့ပါတယ်။ မနက် ၆ နာရီထိုးတော့ မဲရုံမှူးက မဲရုံစတင် ဖွင့်လှစ်ပြီဖြစ်တဲ့အကြောင်း ကြေညာပါတယ်။ အဲဒီနောက် ကျွန်မတို့ မဲပေးခဲ့ပါတယ်။ အစောဆုံးလည်း မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့အခါမှာ ဘာဖိအားမှမရှိဘဲ မဲပေးရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တာတွေလည်း ကျန်းမာရေးဝန်ထမ်းတွေက စနစ်တကျ လုပ်ဆောင်ပေးတာကို တွေ့ရပါတယ်။ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ တန်းစီဖို့လည်း တာဝန်ရှိသူတွေက လိုက်လံဆော်ဩပေးပါတယ်။ မဲပေးတဲ့အခါမှာလွယ်ကူအောင် လမ်းညွှန်သင်္ကေတတွေ လုပ်ပေးထားပါတယ်။ ကျွန်မအတွက် ဒီရွေးကောက်ပွဲက တတိယအကြိမ် မဲပေးခွင့်ရတာပဲဖြစ်ပါတယ်။ မဲပေးခွင့်ရတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေနပ်ပီတိဖြစ်မိပါတယ်။ နိုင်ငံသားတာဝန် ကျေတယ်လို့လည်း ခံစားရပါတယ်။

**မဟန်နွယ်ဦး**
**(အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

မဲရုံကို မနက် ၆ နာရီမှာ ရောက်တယ်။ မဲလာပေးတဲ့သူ မများသေးတဲ့အတွက် အများကြီးတန်းစီစရာမလိုဘဲ ချက်ချင်း မဲပေးရပါတယ်။ တန်းစီတဲ့အခါမှာလည်း ခြောက်ပေခွာပြီး တန်းစီရသလို မဲပေးတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ကျန်းမာရေးလမ်းညွှန်ချက်တွေနဲ့အညီ မဲပေးခဲ့ရပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ် မဲပေးနိုင်ခဲ့ပါတယ်။ ကိုယ်နှစ်သက်တဲ့ပါတီ၊ ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရတဲ့အတွက် ကျေနပ်မှုရှိပါတယ်။ ခိုင်လုံမဲဖြစ်ဖို့ ဘာတွေစစ်ဆေးဖို့ လိုတယ်၊ ဘယ်လိုမဲပေးရမယ်ဆိုတာကို သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေမှာ ကြိုတင်ကြည့်ထားတဲ့အတွက် ကိုယ်ပေးတဲ့မဲက ပယ်မဲမဖြစ်အောင် သေချာစစ်ဆေးပြီး မဲပေးခဲ့ပါတယ်။

**ဦးသန်းထွန်း**
**(အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

ငါးနှစ်မှာတစ်ခါ မဲပေးခွင့်ရတာဖြစ်တဲ့အတွက် ဒီနေ့မဲပေးရတဲ့အပေါ်မှာ စိတ်လှုပ်ရှားပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ်ရှိပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးမှုအဆင့်ဆင့်မှာ မှားယွင်းမှုမရှိအောင်၊ လွယ်ကူမှုရှိအောင် ကူညီဆောင်ရွက် ပေးပါတယ်။ အပူချိန်တိုင်းတာ၊ လက်သန့်စင်ဆေးရည်ဖျန်းတာ၊ Mask အသစ်လဲပေးတာတွေလည်း လုပ်ပေးပါတယ်။ မဲပေးရတဲ့အတွက် နိုင်ငံသားတစ်ဦးထမ်းဆောင်ရမယ့် တာဝန်တစ်ခုကို လုပ်နိုင်ခဲ့တယ်လို့ ခံယူပါတယ်။ မဲလက်မှတ် အစွန်းအထင်းရှိမရှိ၊ တံဆိပ်တုံးမှာ UEC တံဆိပ်ပါမပါ စတာတွေကို သေချာစစ်ဆေးပြီးမှ မဲပေးခဲ့ပါတယ်။ မဲပေးခဲ့တဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။

**ဦးမြင့်ဝေ**
**(အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

ကျွန်တော်တို့က မိသားစု ငါးယောက်အတူမဲလာပေးကြတာပါ။ မဲရုံကို ၆ နာရီခွဲမှာ ရောက်တော့ နည်းနည်းတန်းစီ စောင့်ဆိုင်းရပါတယ်။ တန်းစီတဲ့အခါမှာလည်း တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာပြီး တန်းစီနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ လူများတဲ့အတွက်ကြောင့် မူးဝေတာမျိုး၊ အသက်ရှုကျပ်တာမျိုးဖြစ်ရင် ခေတ္တနားနေလို့ရအောင် အခန်းတစ်ခန်းစီစဉ်ထားတာ တွေ့ရပါတယ်။ မဲပေးတဲ့လုပ်ငန်းအဆင့်ဆင့်ကိုလည်း ရွေးကောက်ပွဲနေ့ မတိုင်ခင်ကတည်းက သေချာလေ့လာထားတယ်။ ဒါကြောင့် လွယ်လွယ်ကူကူ မဲပေးနိုင်ခဲ့တယ်။ မဲရုံတာဝန်ရှိသူတွေက မဲစာရင်းစစ်ဆေးပြီးရင် ဘာလုပ်ရမယ်၊ မဲလက်မှတ်ဘယ်လိုထုတ်ရမယ်ဆိုတာတွေကို စနစ်တကျဖြစ်အောင် ပြောပြပေးပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးတဲ့အခါမှာတော့ ကိုယ့်စိတ်ကြိုက်မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးရတဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ရွေးကောက်ပွဲနေ့ကို ရောက်ရှိဖို့ မျှော်လင့်နေခဲ့တာပါ။ အခုလိုဆန္ဒမဲ ပေးပြီးခဲ့တဲ့အတွက် တာဝန်တစ်ခု ဆောင်ရွက်ပြီးသွားတယ်လို့ ခံစားရပါတယ်။ နိုင်ငံသားတာဝန်ကျေသွားတယ်လို့လည်း ယူဆတယ်။ နိုင်ငံ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မယ်လို့ ယူဆတဲ့ ကိုယ်စားလှယ်လောင်းတွေကို မဲပေးခဲ့တဲ့အတွက် ကျွန်တော်တို့ဘက်က တာဝန်ကျေပါပြီ။ ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေအနေနဲ့ နိုင်ငံအတွက်၊ ပြည်သူအတွက် တာဝန်ကျေဖို့ပဲ ကျန်ပါတော့တယ်။ အားလုံးလည်း တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ကိုဉာဏ်လင်းသိန်း**
**(သပြေလှရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ တန်းစီစောင့်ဆိုင်းတဲ့အချိန်ကနေ မဲပေးပြီးတဲ့အချိန်အထိ ၄၅ မိနစ်ကြာပါတယ်။ ကိုဗစ်ကာလဆိုတော့ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာရတာ၊ တစ်ဦးပြီးမှတစ်ဦး မဲပေးရတာတွေကြောင့် နည်းနည်းအချိန်ကြာသွားတာ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် မဲပေးခဲ့ရပါတယ်။ ကိုယ်ပေးခဲ့တဲ့ဆန္ဒမဲက ခိုင်လုံမှုရှိဖို့အတွက် မဲရုံမှူးလက်မှတ်ပါ မပါ၊ မဲလက်မှတ်အစွန်းအထင်းရှိမရှိကို စစ်ဆေးပါတယ်။ တံဆိပ်တုံးနှိပ်တဲ့အခါ ကိုယ်ပေးချင်တဲ့ ကိုယ်စားလှယ်အမည်ရဲ့ ဘေးအကွက်ထဲမှာ သေချာကျအောင်နှိပ်ပြီး မဲပေးခဲ့ပါတယ်။ ခိုင်လုံတဲ့ မဲတစ်မဲကို ပေးနိုင်ခဲ့ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို သေချာမဲပေးနိုင်ခဲ့တဲ့အတွက်လည်း ကျေနပ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။

**ဦးအောင်မြို့ (ကံဦးအုပ်စု၊ ပျဉ်းမနားမြို့)**

ကျွန်တော်က ကံဦးအုပ်စု စိုက်ပျိုးဥယျာဉ်ကျေးရွာကနေ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ မဲပေးဖို့အတွက် ခြောက်ပေခွာတန်းစီရပြီး တန်းစီချိန် မိနစ်၃၀ ကြာပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး မဲရုံအဝင်မှာ Mask အသစ်လဲပေးတယ်။ လက်ကိုလည်း လက်သန့်ဆေးရည်နဲ့ ဖျန်းပေးတယ်။ ကိုယ်နှစ်သက်တဲ့ ပါတီကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရလို့ စိတ်ကျေနပ်မှုရှိပါတယ်။ ကျွန်တော်ပေးတဲ့ မဲက ခိုင်လုံမှုရှိဖို့အတွက် မဲရုံမှူးလက်မှတ် ပါ၊ မပါ စစ်ဆေးတဲ့အပြင် တံဆိပ်တုံးကိုလည်း သေချာကြည့်ပြီး မဲပေးခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလိုပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ နိုင်ငံရဲ့တာဝန်ကို တစ်ထောင့်တစ်နေရာက ပါဝင်ပြီး ကျေပွန်စွာထမ်းဆောင်ခဲ့ရလို့ ကျေနပ်မိပါတယ်။

**ကိုကျော်လှိုင်**
**(ကျန်စစ်သားရပ်ကွက်၊ ဇေယျာသီရိမြို့နယ်)**

ကျွန်တော်က စစ်မှုထမ်းဟောင်းတစ်ဦးပါ။ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ ကာလဆိုတော့ မဲပေးဖို့အတွက် တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ တန်းစီရပါတယ်။ မဲရုံအဝင်မှာ ကိုယ်တပ်လာတဲ့ Mask ကို အမှိုက်ပုံးထဲထည့်ပြီး Mask အသစ်လဲရပါတယ်။ လက်ကို လက်သန့်ဆေးရည်နဲ့ ဖျန်းပေးပါတယ်။ အခုလိုလုပ်ပေးတာ ကျန်းမာရေးအတွက် အဆင်ပြေပြီး လုံခြုံစိတ်ချရတယ်လို့ ခံစားရပါတယ်။ လက်မှတ်ထိုးတဲ့ ဘောပင်က လူတိုင်းကိုင်နေတဲ့အတွက် မဲရုံက ပြန်ထွက်တဲ့အခါ လက်မဆေးရမှာ စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် မဲရုံက ပြန်ထွက်တဲ့အခါမှာလည်း လက်ကို ပိုးသတ်ဆေးနဲ့ သေချာဖျန်းပေးတဲ့အတွက် အဆင်ပြေပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရတဲ့အတွက် အဆင်ပြေပါတယ်။ ကိုယ်ပေးတဲ့ မဲက ခိုင်လုံပြီး ပယ်မဲမဖြစ်ဖို့အတွက် မဲပေးတဲ့အခါ အားလုံးကို စိစစ်ပြီးမှ မဲပေးခဲ့ပါတယ်။

**ဦးထွန်းသန်း (နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်တော်က အငြိမ်းစားဝန်ထမ်းတစ်ဦးပါ။ အခုချိန်က ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ကာလဆိုတော့ မဲရုံအဝင်မှာ ကျန်းမာရေးအတွက် Mask အသစ်လဲပေးတယ်။ လက်သန့်ဆေးရည်ဖျန်းပေးတယ်။ ကျန်းမာရေးအရ ကိုယ့်မှာ ပါလာတဲ့ ဖြတ်ပိုင်းစာရွက်ကို စားပွဲပေါ်မှာ ချပြရတယ်။ အဲဒီစာရွက်ကို ကြည့်ပြီး မဲလက်မှတ်ထုတ်ပေးတယ်။ အခုလို လုပ်ဆောင်ပေးတာ မဲလာပေးတဲ့ ပြည်သူတွေအတွက်ရော၊ မဲရုံတာဝန်ကျဝန်ထမ်းတွေအတွက်ရော ကျန်းမာရေးအရ အဆင်ပြေသွားတယ်။ မဲပေးတဲ့အခါ ဘာမှအနှောင့်အယှက်မရှိပါဘူး။ ကိုယ့်ကြိုက်တဲ့ ပါတီကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရတယ်။ မဲပေးတဲ့အခါမှာလည်း အခက်အခဲမရှိအောင် လိုက်လံကူညီဆောင်ရွက်ပေးတဲ့အတွက် မဲရုံကတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်ရဲ့ဆန္ဒကို လွတ်လွတ်လပ်လပ်မဲပေးပြီး မျှမျှတတ ထောက်ခံခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ အသက်က ၆၇ နှစ်ရှိပြီဆိုတော့ ကြိုတင်မဲပေးလို့ရပါတယ်။ ဒါပေမယ့် လူအများနဲ့ မဲပေးတဲ့အတွေ့အကြုံယူချင်တာကြောင့် ကြိုတင်မဲမပေးဘဲနဲ့ အခုလို ကိုယ်တိုင်ကိုယ်ကျလာပြီး မဲပေးရခြင်းဖြစ်ပါတယ်။

**မအေးအေးအောင်(ဥတ္တရသီရိမြို့နယ်)**

ကျွန်မက ဒီနှစ်မှာ ၁၈ နှစ်ပြည့်တာဖြစ်တဲ့အတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရတော့ နည်းနည်း စိတ်လှုပ်ရှားတယ်။ ဒါပေမယ့် နိုင်ငံအတွက် ပထမဆုံးမဲပေးခွင့်ရပြီဖြစ်တဲ့အတွက် ပျော်လည်းပျော်တယ်။ မဲရုံဝင်တာနဲ့ Mask အသစ်လဲပေးတယ်။ ကိုယ်အပူချိန်တိုင်းတယ်။ ခြောက်ပေအကွာ တန်းစီရတယ်။ ကိုယ်က ပထမဆုံးအကြိမ် မဲပေးခွင့်ရတာဆိုတော့ မဲပေးတဲ့အခါ မှားယွင်းမှုမရှိဖို့ ကြိုတင်လေ့လာထားပါတယ်။ ဒါကြောင့် မဲပေးတဲ့အခါမှာ အခက်အခဲမရှိပါဘူး။ ကိုယ်ကြိုက်တဲ့ပါတီက ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံစွာ မဲပေးခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ ကိုယ်ပေးတဲ့မဲက ပယ်မဲမဖြစ်ဖို့နဲ့ ခိုင်လုံမှုရှိဖို့အတွက် သေချာစိစစ်ပြီးမှ မဲပေးခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်ထောက်ခံတဲ့ပါတီ၊ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို အခုလို ပထမဆုံး မဲပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။

အင်တာဗျူး - မျိုးမင်းနိုင်
ဓာတ်ပုံ - စိုးဝင်းထွန်း

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော်တစ်ဝန်း ဆန္ဒမဲပေးမှုမြင်ကွင်း

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ ထိုသို့ ဆန္ဒမဲပေးရွေးချယ်ကြသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများ၏ ဆန္ဒမဲပေးမှု ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။

သတင်းစဉ်




နေပြည်တော် အ.ထ.က (၇) တွင် ဆန္ဒမဲများ ရေတွက်နေစဉ်။



ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်ရှိ မဲရုံ၌ သက်ကြီးမဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။



နေပြည်တော် လယ်ဝေးတွင် မဲဆန္ဒရှင်တစ်ဦးအား အပူချိန်တိုင်းပေးနေစဉ်။




နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် မဲဆန္ဒရှင်တစ်ဦး လျှို့ဝှက် ဆန္ဒမဲပေးနေစဉ်။




နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေစဉ်။

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း ဆန္ဒမဲပေးမှုမြင်ကွင်း

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ ထိုသို့ ဆန္ဒမဲပေးရွေးချယ်ကြသည့် တိုင်းဒေသကြီးများမှ မြို့နယ်အလိုက် ပြည်သူများ၏ ဆန္ဒမဲပေးမှု ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်-



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မဲရုံတစ်ရုံ၌ မဲရုံမဖွင့်မီ မဲရုံတာဝန်ရှိသူများက မဲပုံးအလွတ်အား အများမြင်သာအောင် ပြသစဉ်။ ခိုင်ထူး(မြိတ် ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။ ပြည့်ဖြိုးကျော် (ပြန်/ဆက်)




မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။ ချမ်းသာ(မိတ္ထီလာ)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသည့် မဲဆန္ဒရှင်များ။ မိုးသောက် (ရွှေဘို)



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မှ ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်များ။ လှဝင်း(နတ်မောက်)

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးစဉ်။ ရဲဝင်းနိုင် (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့မှ ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်များ။ ပိန်းဇလုပ် သိန်းညွန့်





ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးစဉ်။ နိုင်လင်းကျော် (ဒလ)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း ဆန္ဒမဲပေးမှုမြင်ကွင်း

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ ထိုသို့ ဆန္ဒမဲပေးရွေးချယ်ကြသည့် တိုင်းဒေသကြီးများမှ မြို့နယ်အလိုက် ပြည်သူများ၏ ဆန္ဒမဲပေးမှု ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်-



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲရုံတာဝန်ရှိသူများ မဲစာရင်းများ ရေတွက်နေစဉ်။ အောင်သူဟန် (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲရုံတာဝန်ရှိသူများ ဆန္ဒမဲ လက်မှတ်များ ရေတွက်နေစဉ်။
ချစ်နှင်းသုန် (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး(အနောက်) ရပ်ကွက်၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)




တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးနေစဉ်။ စည်သူရအောင်(ပြန်/ဆက်)




မကွေးတိုင်းဒေသကြီး မကွေးမြို့ ပြည်တော်သာ ရပ်ကွက်ရှိ မဲရုံအမှတ် (၁)တွင် မဲဆန္ဒရှင်များအား မဲရုံတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးနေစဉ်။
သန်းနိုင်ဦး(ငဖဲ)



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်များအား မဲရုံတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ ကျန်းမာရေး စစ်ဆေးပေးစဉ်။
ခိုင်ဇေယျ



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းရှိ မဲရုံ၌ ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်များ။
ထင်ပေါ်ဝင်း

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း ဆန္ဒမဲပေးမှုမြင်ကွင်း

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ ထိုသို့ ဆန္ဒမဲပေးရွေးချယ်ကြသည့် ပြည်နယ်များမှ မြို့နယ်အလိုက် ပြည်သူများ၏ ဆန္ဒမဲပေးမှု ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်-



မွန်ပြည်နယ် ကျိုက်မရော မြို့နယ် မဲရုံ တစ်ရုံ၌ မဲဆန္ဒရှင် ပြည်သူများ၏ မဲများကို ရေတွက် နေစဉ်။ ချိုချို (ပြန်/ ဆက်)



ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများကို ရေတွက်နေစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)




ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ မဲဆန္ဒရှင်များ၏ ဆန္ဒမဲများကို ရေတွက်နေစဉ်။ ခရိုင် (ပြန်/ဆက်)



ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ် မြို့နယ်ရှိ မဲရုံတစ်ရုံ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် စောင့်ဆိုင်း နေစဉ်။ ဆလိုင်း ဗန်ရိုးထန် (ပြန်/ဆက်)



ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ မဲဆန္ဒရှင်တစ်ဦးအား ကိုယ်အပူချိန်တိုင်းတာပေး နေစဉ်။ သန်းမောင် (ပြန်/ဆက်)



ကချင်ပြည်နယ် ပူတာအို မြို့နယ်၌ မဲဆန္ဒရှင် တစ်ဦးအား ကိုယ်အပူချိန်တိုင်းတာ ပေးနေစဉ်။ ဆန်းညွန့် (ပူတာအို)



ကယားပြည်နယ် လွိုင်ကော်မြို့မှ ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်အဘွားအား တွေ့ရစဉ်။ ကိုစိုင်း (လွိုင်ကော်)



ကရင်ပြည်နယ် မြဝတီမြို့ရှိ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးနေစဉ်။ ထိန်လင်းအောင်(ပြန်/ဆက်)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း ဆန္ဒမဲပေးမှုမြင်ကွင်း

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ ထိုသို့ ဆန္ဒမဲပေးရွေးချယ်ကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ်အလိုက် ပြည်သူများ၏ ဆန္ဒမဲပေးမှု ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည် -




ရန်ကုန်တိုင်းဒေသကြီး
အင်းစိန်မြို့နယ် ပေါက်တော
ရပ်ကွက်ရှိ မဲရုံ (၂) တွင်
မဲဆန္ဒရှင်တစ်ဦး
ဆန္ဒမဲ ပေးနေစဉ်။
သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး
ဗဟန်းမြို့နယ်
ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ
မဲရုံ၌ မဲရုံမှူးနှင့်တာဝန်ရှိသူများ
ဆန္ဒမဲများ ရေတွက်နေစဉ်။
သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး
လှိုင်သာယာမြို့နယ်ရှိ မဲရုံအမှတ် (၄) တွင်
မဲဆန္ဒရှင်ပြည်သူများ
ဆန္ဒမဲပေးကြစဉ်။
သတင်းစဉ်



မန္တလေးမြို့ မဲဆန္ဒရှင်များအား မဲရုံတာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးစဉ်။
သတင်းစဉ်



မန္တလေးမြို့မှ
ဆန္ဒမဲပေးပြီးသည့် မဲဆန္ဒရှင်များ။
သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများ

*တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ မြတ်စန္ဒီ ၊ ဓာတ်ပုံ- ရီမြတ်သန့်*

ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံအသီးသီးတွင် နံနက် ၆ နာရီ မဲရုံစတင် မဖွင့်မီကတည်းက မိမိတို့နိုင်ငံသားအခွင့်အရေးအတွက် မဲပေးလိုသူပြည်သူများ စောင့်ဆိုင်းနေကြသကဲ့သို့ မဲရုံအသီးသီးတွင် တာဝန်ထမ်းရွက်ကြမည့် မဲရုံမှူးအပါအဝင် အဖွဲ့ဝင်များသည်လည်း ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်ရန် အသင့်ရှိနေကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသည့် မဲရုံမှူးအပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြ လိုက်ရပါသည်-


ဒေါ်ခင်သန့်ဇင်


ဦးမင်းမောင်စိုး


မသီရိခေတ်


မဇင်မာလွင်


ဦးဇော်မြင့်နိုင်


ဦးအောင်ကျော်စိုး


မဆုလှဲ့မွန်


ဒေါ်နုမြတ်စံ


ဒုတိယရဲမှူး ညီညီ


ဦးအောင်ကျော်သိန်း


မဝင်းပပလှိုင်

**ဒေါ်ခင်သန့်ဇင်**

**မင်္ဂလာတောင်ညွန့်မြို့နယ်**

ကျွန်မကအသက် ၆၀ ကျော်ပြီ ဖြစ်ပေမယ့် ကျန်းမာရေးကောင်းတယ်။ မဲရုံက အိမ်နဲ့နီးတယ်ဆိုတော့ ဒီနေ့ကိုယ်တိုင်သွားပြီး မဲပေးခဲ့တယ်။ မဲပေးရာမှာလည်း အဆင်ပြေပြေနဲ့ ပေးနိုင်ခဲ့ပါတယ်။ အခုလို မဲပေးလိုက်ရတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေသွားပြီလို့ ယူဆပါတယ်။

**ဦးမင်းမောင်စိုး**

**ရန်ကုန်သစ်ရပ်ကွက်**

ကျွန်တော်က မွန်တိုင်းရင်းသားပါ။ အသက် ၅၆ နှစ်ရှိပါပြီ။ မဲပေးတဲ့နေရာမှာ သူ့နေရာနဲ့သူ အစီအစဉ်တကျ ဆောင်ရွက်ပေးထားတာ ကောင်းပါတယ်။ ၂၀၁၅ ထက်ပို ကောင်းတယ်။ သူ့နေရာနဲ့သူ အလုပ်လုပ်ကြတဲ့အတွက် မဲထည့်တဲ့သူအတွက်လည်း ကောင်းပါတယ်။ စနစ်တကျစီစဉ်ထားတာမို့ ကျန်းမာရေးအရလည်း ကောင်းပါတယ်။

**မသီရိခေတ်**

**မရမ်းကုန်းမြို့နယ်**

ပထမဆုံးအကြိမ် မဲပေးခွင့်ရတာဆိုတော့ စိတ်တော်တော်လှုပ်ရှားတယ်။ ကိုဗစ်-၁၉ ရောဂါကာလဆိုတော့ ဆန္ဒမဲပေးမယ့်သူတွေအတွက်ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဆင်ပြေအောင် စီစဉ်ပေးထားမှုတွေကလည်း တော်တော်ပြည့်စုံပါတယ်။ ကိုယ်ပေးချင်တဲ့ ကိုယ်စားလှယ်လောင်းကို အဆင်ပြေလွတ်လပ်စွာနဲ့ ပေးခွင့်ရခဲ့တဲ့အတွက်ကျေနပ်တယ်။ ကိုယ်နဲ့အတူလူငယ်တွေရဲ့ အနာဂတ်ကို မြှင့်တင်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်မဲပေးခဲ့တယ်။ ကိုယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းသာ အနိုင်ရခဲ့ရင် အနာဂတ်လူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေးအပိုင်းတွေကို အဓိကထားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။

**မဇင်မာလွင်**

**မရမ်းကုန်းမြို့နယ်**

ပထမဆုံးအကြိမ် မဲပေးခွင့်ရတာပါ။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်တစ်ခုကို ထမ်းဆောင်လိုက်ရသလို၊ ပြည်သူ့တာဝန်ကျေသလို ခံစားမိတယ်။ မဲပေးတဲ့အခါမှာလည်း သက်ဆိုင်ရာက အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးထားတဲ့အတွက် ကျေနပ်မိပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးခဲ့ပြီဆိုတော့ စိတ်ထဲမှာလည်း ကျေနပ်ပြီး ပီတိဖြစ်မိတယ်။ ရွေးကောက်ပွဲရလဒ်တွေ မသိရသေးပေမယ့် ကိုယ့်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းတွေအပေါ်မှာ အများကြီး မျှော်လင့်ထားတယ်။ ကိုယ့်ရဲ့ ကိုယ်စားလှယ်လောင်းသာအနိုင်ရခဲ့မယ်ဆိုရင် အဓိကအနေနဲ့ ပညာရေးပိုင်းကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျန်းမာရေးနဲ့ စီးပွားရေးကလည်း အရေးကြီးပေမယ့် လူငယ်တွေရဲ့ ပညာရေးပိုင်းကို ပိုမိုပြီး အလေးပေး ဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးဇော်မြင့်နိုင်**

**ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

ကျွန်တော်က ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်ဖြစ်တော့ အပြင်စည်းကနေ မဲရုံလေးရုံလုံးကို စောင့်ကြည့်ရတယ်။ မဲရုံအမှတ် (၁)က ရွှေကျင်ဘုန်းကြီးကျောင်းမှာပါ။ မဲရုံအမှတ် (၂)၊ အမှတ် (၃)နဲ့ အမှတ် (၄)တို့က အမက (၁၂) မူလတန်းလွန်ကျောင်းမှာပါ။ ဒီမဲရုံ လေးရုံစလုံးမှာ မဲလာပေးသူတွေ မဲပေးရာမှာ အခက်အခဲမရှိစေဖို့အတွက် ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌနဲ့အတူ လိုက်ကြည့်နေပါတယ်။ အခုမနက်ပိုင်းဆို မဲလာပေးကြတဲ့သူတွေ တော်တော်များတယ်။ မဲရုံ (၁) ဆိုရင် မနက်ပိုင်းက မီးပြတ်သွားတဲ့အတွက် ၁၀ မိနစ်လောက် နောက်ကျသွားတယ်။ လူလည်းများတော့ ကောင်တာနှစ်ခုခွဲထားတယ်။ အမှတ်စဉ် ၁ ကနေ ၇၅၀ အထိ တစ်ခု၊ နောက် ၇၅၀ ကနေ ၁၅၀၀ ထိတစ်ခုခွဲထားရတယ်။ မဲရုံ (၂)ဆိုလည်း လူများလို့ခွဲထားရတယ်။ ကျွန်တော်တို့က ၂၀၁၀၊ ၂၀၁၂ နဲ့ အခု ၂၀၂၀ သုံးကြိမ်ရှိပြီ။ ဒီနှစ်ကတော့ ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ပါဝင်ခွင့်ရတယ်။ အခုလို ဆောင်ရွက်ခွင့်ရရှိတာ နိုင်ငံသားတစ်ယောက်အနေနဲ့ အများကြီးဂုဏ်ယူမိပါတယ်။

**ဦးအောင်ကျော်စိုး**

မင်္ဂလာတောင်ညွန့်မြို့နယ်ကပါ။ အထူးရဲအနေနဲ့ မဲရုံအမှတ် (၂) မှာ ဆောင်ရွက်နေပါတယ်။ မဲလာပေးတဲ့သူ အရေအတွက်ကို စောင့်ကြည့်မှတ်သားပေးရတယ်။ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပေးမှာပါ။ လာတဲ့သူတွေများတယ်။ မနက် ၈ နာရီကျော်မှာ လူ ၁၀၀ ကျော် ဆန္ဒမဲလာပေးသွားကြပြီ။

**မဆုလှဲ့မွန်**

ညီအစ်မသုံးယောက် မဲလာပေးကြတာပါ။ ကျွန်မကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် မဲရုံအမှတ် (၂)မှာ ပထမဆုံးအကြိမ် မဲပေးတာပါ။ အဆင်ပြေပြေ မဲပေးနိုင်ခဲ့ပါတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို မဲပေးခဲ့ပြီးပါပြီ။ မဲရုံမှာပေးရတာ အဆင်ပြေပါတယ်။ မဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**ဒေါ်နုမြတ်စံ**

**အမှတ်(၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်**

ကော်မရှင်ရဲ့ ညွှန်ကြားထားတဲ့အတိုင်း အဆင့်ဆင့် လုံခြုံကာကွယ်မှုဖြစ်အောင် ပြီးပြည့်စုံအောင် ဆောင်ရွက်ထားပါတယ်။ မဲစာရင်းတွေ စစ်ထားတယ်၊ ကြိုတင်မဲစာရင်းတွေကိုလည်း သေချာစစ်ဆေးထားတယ်၊ မဲရုံအခန်းတွေကိုလည်း မဲဆန္ဒရှင်တွေ အဆင်ပြေစွာ မဲထည့်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်လုပ်ထားပေးတယ်။ လာရောက်ကူညီတဲ့သူတွေနဲ့အစည်းအဝေးလုပ်တယ်။ ရပ်ကွက်ကော်မရှင်နဲ့လည်း အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်ပါတယ်။ မဲလာပေးသူတွေ အဆင်ပြေအောင်ကြိုတင်ပြီး ကတ်ပြားတွေ ထုတ်ပေးထားတယ်။ ကိုဗစ်- ၁၉ နဲ့ပတ်သက်ပြီး ရောဂါကာကွယ်ရေးအတွက်လည်း နှာခေါင်းစည်းတွေ၊ မျက်နှာကာတွေ ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဆန္ဒမဲပေးတဲ့ သူတွေအတွက် အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်။

**ဒုတိယရဲမှူးညီညီ**

**ရဲစခန်းမှူး၊ ပန်းဘဲတန်းမြို့မ**

ပန်းဘဲတန်းမြို့နယ် ရပ်ကွက် ၁၁ ခုမှာ မဲရုံ ၂၆ ရုံရှိပါတယ်။ ကျွန်တော့်တပ်ဖွဲ့ဝင်တွေကို ကြိုတင်မဲမပေးခင် ကြိုတင်ပြီး လိုက်နာရမယ့် စည်းကမ်းနဲ့ လုံခြုံရေးစည်းကမ်းတွေကို သင်တန်းပေးထားပါတယ်။ လုံခြုံရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်မှူးတွေနဲ့အတူ တစ်နေ့ကို နှစ်ကြိမ်၊ သုံးကြိမ်လှည့်စစ်ဆေးပါတယ်။ တာဝန်ကျသူတွေကို ယူနီဖောင်းအပြည့်အစုံဝတ်ဖို့၊ တာဝန်ကို မလစ်ဟင်းဖို့၊ ပြည်သူနဲ့ ဆက်ဆံတဲ့အခါမှာ အဆင်ပြေအောင် ဆက်ဆံဖို့ သင်ကြားပေးထားပါတယ်။ မဲလာပေးတဲ့အခါမှာလည်း တတ်နိုင်သလောက် မဲရုံအပြင်ဘက်မှာပဲ စောင့်ကြည့်ပြီး မဲလာပေးသူ ပြည်သူတွေ လမ်းခရီးအဝင်/အထွက် လမ်းညွှန်ပေးတယ်။ လုံခြုံရေးအရ သံသယရှိရင် တာဝန်ရှိသူတွေနဲ့ချိတ်ဆက်ဆောင်ရွက်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ မဲလာပေးသူ ပြည်သူတွေ စိတ်အနှောင့်အယှက် မဖြစ်စေဖို့၊ ကူညီပေးဖို့ မှာကြားထားပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ကျွန်တော့်တပ်ဖွဲ့ဝင်တွေကို အကာအကွယ်ပစ္စည်း အပြည့် အဝ ပေးထားပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေအတွက်လည်း အဝင်ဝမှာ လက်ဆေးရည်ချထားပေးပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကာလမှာ ဘာမှပြဿနာမဖြစ်ဘဲ ကိုယ်ယုံကြည်ရာကို မဲပေး ပြီး အောင်အောင်မြင်မြင် အဆင်ပြေပြေနဲ့ ပြီးဆုံးသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဦးအောင်ကျော်သိန်း**

**စေတနာ့ဝန်ထမ်း**

ကျောက်တံတားမြို့နယ် မဲရုံအမှတ် (၂)မှာ လုံခြုံရေးအပိုင်းကို ဆောင်ရွက်ပေးပါတယ်။ မဲလာပေးတဲ့သူတွေကို ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ နေရာချပေးတယ်။ နှာခေါင်းစည်းတွေလည်း ဝေပေးတယ်။ မျက်နှာကာတွေလည်း ဝေပေးတယ်။ မဲရုံကိုစောင့်ကြည့်ပေးတယ်။ မဲစာရင်းမတွေ့တဲ့ သူတွေကို ကူညီပြီး ရှာပေးတယ်။ ရပ်ကွက် စေတနာ့ဝန်ထမ်း တစ်ယောက်အနေနဲ့ လိုအပ်တာတွေ ကူညီပေးတယ်။ ယခုလို မဲလာပေးကြတဲ့ အတွက် ဝမ်းသာတယ်။ မဲလာပေးတဲ့ဦးရေ နည်းသွားတာနဲ့ နောက်ထပ်မပေးရသေးတဲ့ လူတွေ မဲလာပေးဖို့ ဆော်ဩပေးတယ်။ ဒီလိုမျိုး အကူအညီပေးရတဲ့အတွက် လည်း ဝမ်းသာပါတယ်။

**မဝင်းပပလှိုင်**

ကျွန်မ အသက် ၁၈ နှစ်ပါ။ ပထမဆုံး မဲပေးရတဲ့အတွက် ပျော်ပါတယ်။ ရင်လည်း ခုန်တယ်။ တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းတစ်ယောက်ရဖို့ မဲလာပေး တာပါ။ နိုင်ငံ့အတွက် ကောင်းမွန်တဲ့ ခေါင်းဆောင်ကောင်းနဲ့ အဖွဲ့အစည်းဖြစ်ဖို့ ရည်ရွယ်ပြီး မဲလာပေးတာ။

*စာမျက်နှာ ၁၃ သို့*

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး ဗဟန်းမြို့နယ်၌ ဆန္ဒမဲပေး

**ရန်ကုန် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်တို့သည် ယနေ့ မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ရွှေတောင်ကြား၂ ရပ်ကွက် လူမှုဝန်ထမ်း ဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း မဲရုံအမှတ် (၃ )တွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဗဟန်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက် )**




# ပဲခူးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးမှု အောင်မြင်စွာ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှစတင်၍ တစ်ပြည်လုံး အတိုင်းအတာဖြင့် ကျင်းပလျက်ရှိသည်။

ပဲခူးမြို့နယ်တွင်ကျေးရွာအုပ်စု ၁၀၆ အုပ်စုရှိပြီး မဲရုံပေါင်း ၂၀၆ ရုံရှိကာ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း ၄၁၂၆၃၁ ဦး ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီစနစ်ကျစွာဖြင့် ယနေ့ ညနေ ၄ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့်အတွက် ပြည်သူများလွတ်လပ်စွာ ဆန္ဒမဲပြုထားသော ဆန္ဒမဲလက်မှတ်များကို ပွင့်လင်းစွာ ရေတွက်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး ရေတာရှည်မြို့နယ် စိုင်တမော့ကျေးရွာ၌ ဆန္ဒမဲပေး




**ရေတာရှည် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်သည် ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာရှိ မဲရုံအမှတ် (၂) တွင် ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ က ဆန္ဒမဲပေးသည်။

ဝန်ကြီးချုပ်သည် လက်ရှိတွင် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂ )မှ ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်သည် မဲပေးပြီးနောက် ကြံသန္တယ်၊ နန်ချွန်၊ ရွှေပြည်ကုန်း ကျေးရွာများရှိ မဲရုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်**

# ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေး

**ရန်ကုန် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်း ကျင်းပခဲ့ရာ ရန်ကုန်မြောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ကိုးမြို့နယ်မှ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူတို့က သက်ဆိုင်ရာ မြို့နယ်အလိုက် မဲရုံများတွင် အေးချမ်းစွာ ဆန္ဒမဲများ ပေးခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆၃ ခုရှိပြီး မဲရုံပေါင်း ၁၇၃၁ ရုံ၌ ဆန္ဒမဲပေးခွင့်ရှိသူ ၂၂၄၄၃၀၀ကျော်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်နှင့်အညီ ဆန္ဒမဲများပေး၍ အသက် ၆၀ နှင့် အထက်ရှိသူ ၂၇၀၀၀၀ ကျော်မှာ ကြိုတင်ဆန္ဒမဲကာလတွင် မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင်လည်း ဆန္ဒမဲများပေးခဲ့ကြသည်။

“မဲရုံစဖွင့်ချိန်မှာပဲ မဲဆန္ဒရှင်တွေ စည်းကမ်းရှိရှိနဲ့ ကျန်းမာရေးညွှန်ကြားချက်ကို လိုက်နာကြတာတွေ့ရပါတယ်။ ကျွန်တော်တို့ကလည်း ကျန်းမာရေးလိုအပ်ချက်ကို အားလုံး ပံ့ပိုးပေးထားပါတယ်။ မဲဆန္ဒရှင်တွေကလည်း အားလုံး အေးချမ်းပျော်ရွှင်စွာနဲ့ ဆန္ဒပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မွေး က ပြောသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် ၂၀ ၊ တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် –၁ လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးနှင့် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်–၂ လွှတ်တော်ကိုယ်စားလှယ် ၅၅ ဦးဖြင့် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉၆ ဦး အတွက် ပြည်သူများက နံနက် ၆ နာရီ မှ ညနေ ၄ နာရီအထိ အေးချမ်းပျော်ရွှင်စွာဆန္ဒမဲများပေးခဲ့ကြပြီး ဝင်ရောက်ယှဉ်ပြိုင်သော ပါတီပေါင်းမှာ ၂၆ ပါတီ ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**



မဲဆန္ဒရှင်များ ဆန္ဒမဲပေး နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

**မဝတ်ရည်ထွန်း**

မင်္ဂလာတောင်ညွန့်မြို့နယ် မဲရုံအမှတ် (၂)မှာ ပထမဆုံးအကြိမ် မဲပေးတာပါ။ ကျွန်မတို့ ဘက်ကတော့ တာဝန်ကျေသွားပါပြီ။ နှစ်သက် သဘောကျတဲ့ ပါတီကို မဲပေးခဲ့ပါတယ်။ မဲထည့်တဲ့နေရာမှာ အမှားအယွင်း မရှိအောင် သေသေချာချာစိစစ်ပြီး ထည့်ခဲ့ပါတယ်။

**ဒေါ်ဝင်းနွယ်နီလွင်**
**အထက်တန်းပြဆရာမ၊ အထက(၃)**
**ပုဇွန်တောင်**

ကျွန်မက ပုဇွန်တောင်မြို့နယ် အမှတ် (၁၀)ရပ်ကွက် မဲရုံအမှတ်(၂) မှာ မဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်သွားဖို့အတွက် မဲရုံတာဝန်ယူရတဲ့တစ်ဖွဲ့လုံး စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ကြိုးစားပြီး ဆောင်ရွက်ကြပါတယ်။ ကိုဗစ်– ၁၉ ကာလဖြစ်တဲ့အတွက် Social Distancing နဲ့အညီ မဲရုံစဖွင့်တဲ့ နံနက် ၆ နာရီကစပြီး တစ်ဦးချင်း စည်းကမ်းရှိရှိ အောင်မြင်စွာ မဲပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ မဲရုံမှာ လုံခြုံရေးအပါအဝင် အယောက် ၂၀ လောက်ရှိပါတယ်။ မှတ်ပုံတင်နံပါတ်နဲ့ တိုက်ဆိုင်စစ်ဆေးပြီး လွှတ်တော်တစ်ရပ်ချင်းစီ ကို အောင်မြင်စွာ မဲထည့်နိုင်ဖို့အတွက် စီစဉ် ဆောင်ရွက်ပေးပါတယ်။

**ဆန်းထွန်းဦး**
**ကလျာဏလူငယ်များပရဟိတအသင်း၊**
**ပုဇွန်တောင်မြို့နယ်**

ကျွန်တော်တို့အဖွဲ့က မဲရုံမှာ မဲလာပေးတဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ပတ်သက်လို့ တစ်စုံ တစ်ခုများဖြစ်ခဲ့ရင် အမြန်ဆုံးကူညီပေးနိုင်အောင် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်မှာရှိတဲ့ မဲရုံအမှတ်(၁)နဲ့ အမှတ်(၂) မှာ လူနာတင်ယာဉ်တစ်စီးစီနဲ့ လာစောင့်ပေးပါ တယ်။ မဲရုံတွေမှာ လိုအပ်တဲ့ အကူအညီပေးပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးမှာ မဲရုံတွေ အားလုံးစည်း စနစ်ရှိရှိ လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ကိုဗစ်ကာလမှာ တောင် ပြည်သူအားလုံး တစ်ခဲနက်မဲပေးနေတာကို တွေ့နေရပါတယ်။

**ဦးဘိုကြီး**
**အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်**

အသက် ၆၀ ကျော်တွေ ကြိုတင်မဲပေး ပိုင်ခွင့်ရှိပေမယ့် ကိုယ်တိုင်ကိုယ်ကျ ဒီနေ့မှ လာရောက်မဲပေးခြင်းဖြစ်ပါတယ်။ ပြည်သူတွေနဲ့အတူ မဲပေးရတာကို ပျော်ရွှင်လို့ အသက် ၇၀ ပြည့်တာတောင် ကြိုတင်မဲ မပေးဘဲ ဒီနေ့ လာပေးတာပါ။ တိုင်းပြည်တိုးတက်ရင် ကျွန်တော်တို့ လည်း တိုးတက်တာပေါ့။

**မောင်မင်းခန့်ကို**

ကျွန်တော့်အသက် ၁၈ နှစ်ရှိပါပြီ။ ဒီနှစ်မှာ ပထမဆုံး မဲပေးရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ နိုင်ငံအတွက် တာဝန်ကျေတယ်လို့ ယူဆပါတယ်။ ကျွန်တော့် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မဲပေးရတဲ့အတွက် ကိုယ်ကြိုက်တဲ့အဖွဲ့အစည်းကို မဲပေးခဲ့ပါတယ်။ မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါ တယ်။ အခု လက်သန်းလေးမှာ အမှတ်အသားလေးတစ်ခု ရခဲ့ပါပြီ။

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပဲခူးမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) တွင် ၁ ဒသမ ၁၈ လက်မနှင့် ဘားအံမြို့တွင် ၀ ဒသမ ၈၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေး

**မန္တလေး နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နံနက် ၆ နာရီမှ ညနေ ၄နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင် ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများ ပေးခဲ့ကြသည်။**(ယာပုံ)**

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၄၉၄၀၅၉၂ ဦးအတွက် မဲရုံပေါင်း ၅၄၄၇ ရုံဖွင့်လှစ်ထားရှိပြီး မန္တလေးခရိုင် ၇ မြို့နယ်အတွင်း၌ မဲဆန္ဒရှင် ၁၂၇၅၃၇၀ အတွက် မဲရုံပေါင်း ၆၇၉ ရုံဖွင့်လှစ်ထားရှိသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက်စောစော မဲရုံမဖွင့်မီ အချိန်ကတည်းကပင် သတ်မှတ် မဲရုံအသီးသီးသို့ စိတ်ဝင်တစားလာရောက်စောင့်ဆိုင်းကာ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ Social Distancing ပုံစံဖြင့် စနစ်တကျ တန်းစီစောင့်ဆိုင်းပြီး မဲပေးခဲ့ကြသည်။



"မဲပေးကြမယ့် ပြည်သူတွေက မဲရုံမဖွင့်မီ မနက် ၄ နာရီ ခွဲကတည်းက ကျွန်တော်တို့ မဲရုံရှေ့မှာ လာရောက်စောင့်ဆိုင်းနေကြတဲ့အပြင် ကျွန်တော်တို့ ရပ်ကွက်မှာ ကြိုတင်မဲပေးခွင့်ရှိတဲ့ အသက် ၆၀ ကျော်အရွယ် တစ်ထောင်ကျော်အနက် ၉၀၀ ကျော် ကြိုတင်မဲ ပေးခဲ့ကြတဲ့အတွက်လည်း ဒီနေ့ကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ပြည်သူတွေ တက်တက်ကြွကြွနဲ့ စိတ်ဝင်စားမှုရှိတယ်လို့ ယူဆလို့ရပါတယ်။ လာရောက်မဲပေးကြတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် မဲရုံအတွင်းအပြင်မှာ မဲရုံဝန်ထမ်းနဲ့ လုံခြုံရေးအင်အား ၃၁ ဦး တာဝန်ချထားပြီး ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် KN-95 Mask တွေနဲ့ Face Shield တွေ ဖြန့်ဝေပေးပါတယ်။ မဲလက်မှတ်ထုတ်ဖို့ လက်မှတ်ထိုးတဲ့အခါမှာလည်း ရောဂါကူးစက်မှုမရှိအောင် ကျွန်တော်တို့အစီအစဉ်နဲ့ ဘောလ်ပင်တွေလည်း ဖြန့်ဝေပေးထားပါတယ်" ဟု ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီ ရပ်ကွက်ရှိ မဲရုံအမှတ်(၄) တာဝန်ခံ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသိန်းနိုင်က ပြောသည်။

ထို့ပြင် မဟာအောင်မြေမြို့နယ်တွင်နေထိုင်ပြီး ပထမဆုံးအကြိမ်အဖြစ်လာရောက် မဲပေးသည့် မသန္တာခိုင်ကလည်း "ကိုယ့်ကြိုက်တဲ့ပါတီကို လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး မဲပေးခဲ့ရတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ကျွန်မတို့ အားကိုးယုံကြည်စွာမဲပေးခဲ့တဲ့ ပါတီအနိုင်ရခဲ့ရင်လည်း ပြည်သူတွေအားလုံးအတွက် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ မဲရုံအဝင်မှာ အပူချိန်တိုင်းပြီး KN-95 Mask တွေအခမဲ့ပေးတဲ့အပြင် မဲရုံအတွင်းမှာလည်း ရောဂါမကူးစက်အောင်စနစ်တကျစီစဉ်ပေးထားတဲ့အတွက် ဘေးကင်း လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ မဲပေးပြီးအပြန်မှာ မင်စွန်းနေတဲ့ ကိုယ့်လက်သန်းလေးကိုကြည့်ပြီး နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ခဲ့လို့ ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မြို့နယ်အသီးသီးရှိမဲရုံများသို့ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ကျန်းမာရေးဌာနတာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး မဲပေးကြသည့် မဲဆန္ဒရှင် ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျမဲပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတ်မှတ်ထားသည့် ညနေ၄နာရီတွင် မဲရုံပိတ်သိမ်းပြီး မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက မဲပုံးများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးကြပြီး စနစ်တကျ မှတ်တမ်းရေးသွင်းကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၁၉ ခု နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ၁၆ ဦး တို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၈ နေရာအတွက် ၁၃၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ နေရာအတွက် ၄၁ ဦး၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၁၃၂ ဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၁၃၁ ဦးနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၄ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ်၌ ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများလွတ်လပ်စွာဆန္ဒမဲပေး

**သီပေါ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက အေးချမ်းစွာဆန္ဒမဲလာရောက်ပေးကြသည်ကို တွေ့ရသည်။ **(အောက်ပုံ)**



မဲရုံအသီးသီး၌ သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများ စသည့် အသိသက်သေများ ရှေ့မှောက်တွင် မဲပုံးပိတ်ခြင်း၊ မဲရုံလုံခြုံရေး ကြိုးတပ်ဆင်ခြင်းများ ဆောင်ရွက်ကြပြီး နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်သူများလာရောက် ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ လိုက်နာ၍ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာတန်းစီစေခြင်း၊ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါ ရပ်ကွက်/ ကျေးရွာ ဆန္ဒမဲပေးရာ မဲရုံအသီးသီးသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ခွဲဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး လိုက်လံ ကြည့်ရှုကြသည်။

သီပေါမြို့နယ်တွင် မြို့ပေါ် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၄၇၆ ရွာ မဲရုံ ၁၁၁ ရုံတို့တွင် မဲပေးပိုင်ခွင့်ရှိသူ ၁၃၆၀၂၁ ဦးတို့က မိမိတို့ကြိုက်နှစ်သက်ရာ ပါတီကို လွတ်လပ်စွာမဲပေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စစ်တွေမြို့နယ်၌ ပြည်သူများအေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်းရှိ မဲရုံများတွင် ယနေ့ နံနက်ပိုင်းက စတင်ပြီး မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိကြသည်။

စစ်တွေမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် ဆန္ဒမဲထည့်မည့် မဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်း အသိသက်သေများ၏ ရှေ့မှောက်တွင် ပြသ၍ လုံခြုံရေးကြိုးများဖြင့် စနစ်တကျပိတ်ပြီး နံနက် ၆ နာရီတွင် မဲရုံဖွင့်လှစ်ကြောင်းနှင့် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ စတင်မဲပေးနိုင်ပြီဖြစ်ကြောင်း အသံချဲ့စက်ဖြင့် အသိပေးကြေညာသည်။

ထို့နောက် မဲဆန္ဒရှင်ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည် ဖျန်းခြင်း၊ နှာခေါင်းစည်းများ အသစ်လဲလှယ်ပေးခြင်း၊ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ မဲထည့်ခြင်း၊ မဲထည့်ပြီးကြောင်း အမှတ်အသားအဖြစ် လက်သန်းတွင် မင်တို့ခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများကလည်း မိမိတို့၏ဆန္ဒအလျောက် လွတ်လပ်စွာဖြင့် ဆန္ဒမဲပေးလျက်ရှိသည်။

စစ်တွေမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၀၇၂၃၂ ဦးရှိပြီး အမှတ် (၁)မဲဆန္ဒနယ်တွင် မဲရုံ ၅၃ ရုံ၊ အမှတ် (၂) မဲဆန္ဒနယ်တွင်မဲရုံ ၅၅ ရုံ စုစုပေါင်း ၁၀၈ ရုံရှိရာ သက်ဆိုင်ရာမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ ပြည်သူများ စနစ်တကျ ဆန္ဒမဲပေး

**ရန်ကုန် နိုဝင်ဘာ ၈**

၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် ယနေ့ နံနက် ၆ နာရီမှ စတင်ရာ ဆန္ဒမဲပေးသူများက စနစ်တကျ မဲပေးကြသည်။

ကျောက်တန်းမြို့နယ်ရှိ မဲရုံပေါင်း၁၉၂ ရုံတွင် ဆန္ဒမဲ ပေးခွင့်ရှိသူပေါင်း ၁၃၂၂၀၈ ဦးရှိသည့်အနက် ယနေ့ ညနေ မဲရုံပိတ်ချိန်အထိ ဆန္ဒမဲပေးသူဦးရေ ၈၀၉၅၁ ဦး၊ ကြိုတင်မဲပေးသူ ၂၆၃၄၈ ဦးစုစုပေါင်း ၁၀၇၂၉၉ ဦး မဲပေးကြကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# မူဆယ်၊ ၁၀၅ မိုင်တွင် ဆန္ဒမဲပေးသူ များပြား

**မူဆယ် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအတွင်းမှာ ရှိသည့် မဲရုံကို ယနေ့နံနက် ၆ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

၁၀၅ မိုင်တွင် မဲရုံ သုံးရုံရှိပြီး မဲဆန္ဒရှင်စုစုပေါင်း ရှစ်ထောင်ကျော်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှု၊ ကျန်းမာရေးဦးစီးဌာန၏လမ်းညွှန်မှုများဖြင့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ဒီနေ့ မဲလာပေးတဲ့သူတွေ များပါတယ်။ ပြည်ထောင်စုရွေးကောက်မရှင်က ထုတ်ပြန်ထားတဲ့လမ်းညွှန်ချက်၊ ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာပြီး မဲပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေနဲ့ မည်သည့်နေရာ၊ မည်သည့်ကျေးရွာမှ မကျန်အောင် အတတ်နိုင်ဆုံး အသံချဲ့စက်တွေနဲ့ လိုက်လံပြီး နှိုးဆော်ပေးထားတဲ့အတွက် ဒီနေ့မှာ မဲလာပေးတဲ့သူတွေ အလွန်များပါတယ်"ဟု ရပ်/ကျေးကော်မရှင်အဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။

မဲလာပေးသူ ၁၀၅ မိုင်၊ ရွာမကျေးရွာမှ ကိုဝင်းကိုနိုင်က "မဲပေးဖို့အတွက် မနက်စောစောထပြီး မဲရုံရှိတဲ့ အနီးနားမှာ လာရောက် တန်းစီနေရတာပါ။ တန်းစီတာတော့ကြာပါတယ်။ မဲမပေးခင်တော့ စိတ်တွေ အလွန်လှုပ်ရှားနေပါတယ်။ မဲရုံထဲရောက်တော့ မဲပေးဖို့အတွက်အားလုံးက စနစ်တကျ စီစဉ်ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ဒီနေ့ မဲလာပေးရတာ အဆင်ပြေပါတယ်။ အဓိက ကတော့ ရရှိထားတဲ့အခွင့်အရေးကို အဆုံးရှုံးမခံချင်လို့ အခုလို မဲလာရောက်ပေးရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**သန့်ဇင်(မူဆယ်)**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| ၁။ | **မဲဆန္ဒရှင်စုစုပေါင်း** | ၃၇၂၆၈၈၇၆ ဦး |
| ၂။ | **မဲရုံစုစုပေါင်း** | ၃၉၉၆၂ ရုံ |
| ၃။ | **လစ်လပ်မဲဆန္ဒနယ်ပေါင်း** | |
| (က) | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ၃၁၅ နယ် |
| (ခ) | အမျိုးသားလွှတ်တော်မဲဆန္ဒနယ် | ၁၆၁ နယ် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | ၆၁၂ နယ် |
| (ဃ) | တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ၂၉ နယ် |
| | လစ်လပ်မဲဆန္ဒနယ်စုစုပေါင်း | ၁၁၁၇ နယ် |
| ၄။ | **ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီစုစုပေါင်း** | |
| (က) | ယှဉ်ပြိုင်ရန် စာရင်းသွင်း | ၉၃ ပါတီ |
| (ခ) | ညီညွတ်သော ဒီမိုကရေစီပါတီနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီဖျက်သိမ်း | ၂ ပါတီ |
| (ဂ) | ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီစုစုပေါင်း | ၉၁ ပါတီ |
| (ဃ) | ရွေးကောက်ပွဲမကျင်းပနိုင်သည့်ဒေသ ကြေညာ၍ ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့်ပါတီ | ၄ ပါတီ |
| (င) | စုစုပေါင်း | ၈၇ ပါတီ |
| ၅။ | **ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း** | |
| (က) | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ၁၅၆၅ ဦး |
| (ခ) | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း | ၇၇၉ ဦး |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | ၃၁၁၂ ဦး |
| (ဃ) | တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ၁၈၃ ဦး |
| | စုစုပေါင်း | ၅၆၃၉ ဦး |
| ၆။ | **ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှု** | |
| (က) | နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း | ၅၃၇၉ ဦး |
| (ခ) | တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း | ၂၆၀ ဦး |

# လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

(၈ - ၁၁ - ၂၀၂၀)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု၊ ခမင်းကုန်းအပိုင်း၊ နယ်မြေ(၁၀)ရှိ မဲရုံအမှတ်(၆) အမက(မူလွန်)ကျောင်းမဲရုံပြင်ပတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မဲရုံအကူကိုယ်စားလှယ် ဒေါ်နုနုဝင်း အား မဲရုံတာဝန်ကျ အထူးရဲမှ စစ်ဆေးခဲ့ရာ UEC အမှတ်တံဆိပ်ပါ တံဆိပ်တုံးတစ်ခု၊ UEC အမှတ်တံဆိပ်မပါ တံဆိပ်တုံး တစ်ခုတို့အား စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ကျုံမရမ်းကျေးရွာအုပ်စုတွင် ပြည်သူ့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသော ကျုံပျော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ကျော်လွင်၊ ကျုံပျော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန်းငွေနှင့် ကျုံပျော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြသောင်းတို့သည် ဆန္ဒမဲပေးရန်ပျက်ပြားစေခြင်း၊ ရွေးကောက်ပွဲပျက်ပြားစေရန် ရည်ရွယ်၍ ၎င်းတို့ ရွေးကောက်တင်မြှောက်ခံရရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား မမှန်မကန်စွပ်စွဲ ပြောဆိုမှုများ ပြုလုပ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ မပုံပုံသည် ဆန္ဒမဲပေးရာတွင် အမှတ်(၇)ရပ်ကွက်၊ ဝင်းမေတ္တာအိမ်ရာ၊ မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ အမှတ်(၈)ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ် စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ အထက်ဖော်ပြပါဖြစ်စဉ်များကို ကျူးလွန်ခဲ့သည့် မဲရုံအကူကိုယ်စားလှယ် ဒေါ်နုနုဝင်း၊ ဦးအောင်ကျော်လွင်၊ ဦးသန်းငွေ၊ ဦးမြသောင်းနှင့် မပုံပုံတို့အား သက်ဆိုင်ရာမြို့နယ်ရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၂၀/၄၆၈ နှင့် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၈၊ ၅၉ တို့နှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ်များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဇေယျာသီရိမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေး

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရေး နည်းလမ်းများနှင့်အညီ **(ယာပုံ)** ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ယနေ့နံနက် ၆ နာရီမှ စတင်၍ မြို့နယ်အတွင်းရှိ မဲရုံများတွင် ဆန္ဒမဲပေးဆောင်ရွက်ကြသည်။



**မဲရုံဝန်ထမ်းများက ကူညီ**

မဲဆန္ဒရှင်ပြည်သူများ မဲရုံသို့ လာရောက်ချိန်တွင် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေရာချထားပေးခြင်း စသည့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရန်နှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြသည်။

**ဆန္ဒမဲပေး**

ဇေယျာသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၈ ခုတို့ရှိ မဲရုံ ၇၄ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၈၂၂၁၄ ရှိပြီး နိုဝင်ဘာ ၇ ရက် ညနေပိုင်းအထိ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးသူများနှင့် မဲရုံတာဝန်ထမ်းဆောင်မည့်သူများ၏ စုစုပေါင်း ကြိုတင်မဲ ၁၅၄၅၁ မဲပေးပြီးဖြစ်သည့်အတွက် ကျန်ရှိသည့် မဲဆန္ဒရှင် ၆၆၀၀၀ ကျော်တို့က ယနေ့တွင် ဆန္ဒမဲပေးကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သီဟစည်သူ**

# ချမ်းအေးသာစံမြို့နယ်၌ မဲစာရင်းများရေတွက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ် မဲရုံများ၌ ဆန္ဒမဲများကို ညနေ ၄ နာရီတွင် မဲများစတင်ရေတွက်လျက်ရှိသည်။

အ.ထ.က (၆) ၊ အ.ထ.က (၁၂) တို့တွင် ဖွင့်လှစ်ထားရှိသည့် မဲရုံ (၁)၊ (၂)၊ (၃) တို့တွင် မဲများရေတွက်လျက်ရှိပြီး အ.ထ.က (၁၂) မဲရုံတွင် မဲရုံ (၁) မှ မဲရုံမှူး ဒေါ်ဥမ္မာထွန်း၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များ၊ မဲရုံ (၂) တွင် မဲရုံမှူး ဒေါ်စောယုကျော်၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များသည် မဲများစနစ်တကျ ရေတွက်ကြသည်။

မဲရေတွက်ရာ၌ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်များ၊ စောင့်ကြည့်အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ မဲရုံကိုယ်စားလှယ်များရှေ့တွင် ရေတွက်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၇၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၁၃ |
| | | မင်္ဂလာဒုံ | ၆၂ |
| | | လှိုင်သာယာ | ၅၅ |
| | | လှိုင် | ၄၄ |
| | | မရမ်းကုန်း | ၄၃ |
| | | ရွှေပြည်သာ | ၄၂ |
| | | တောင်ဥက္ကလာပ | ၄၀ |
| | | သင်္ဃန်းကျွန်း | ၃၆ |
| | | မင်္ဂလာတောင်ညွန့် | ၃၆ |
| | | တာမွေ | ၂၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၇ |
| | | သန်လျင် | ၂၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၇ |
| | | စမ်းချောင်း | ၂၂ |
| | | သာကေတ | ၁၉ |
| | | ဒဂုံ | ၁၈ |
| | | အင်းစိန် | ၁၆ |
| | | ဗိုလ်တထောင် | ၁၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၂ |
| | | မှော်ဘီ | ၁၂ |
| | | ပုဇွန်တောင် | ၁၂ |
| | | ကျောက်တန်း | ၁၁ |
| | | ဒလ | ၁၁ |
| | | လှည်းကူး | ၁၀ |
| | | လသာ | ၁၀ |
| | | ကမာရွတ် | ၁၀ |
| | | ကော့မှူး | ၇ |
| | | ခရမ်း | ၆ |
| | | ဗဟန်း | ၅ |
| | | ထန်းတပင် | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | ဆိပ်ကြီးခနောင်တို | ၅ |
| | | ကြည့်မြင်တိုင် | ၄ |
| | | ရန်ကင်း | ၄ |
| | | ကျောက်တံတား | ၄ |
| | | လမ်းမတော် | ၃ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၃ |
| | | အလုံ | ၃ |
| | | ကွမ်းခြံကုန်း | ၃ |
| | | ဒေါပုံ | ၂ |
| | | တွံတေး | ၂ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၈၁၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၉ |
| | | ပြည်ကြီးတံခွန် | ၁၈ |
| | | ချမ်းအေးသာဇံ | ၁၅ |
| | | ချမ်းမြသာစည် | ၁၀ |
| | | မဟာအောင်မြေ | ၁၀ |
| | | မိတ္ထီလာ | ၇ |
| | | ပုသိမ်ကြီး | ၇ |
| | | ကျောက်ပန်းတောင်း | ၃ |
| | | ပျော်ဘွယ် | ၂ |
| | | ရမည်းသင်း | ၂ |
| | | အောင်မြေသာစံ | ၁ |
| | | ညောင်ဦး | ၁ |
| | | မတ္တရာ | ၁ |
| | | တံတားဦး | ၁ |
| | | သာစည် | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | စုစုပေါင်း | ၉၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၅ |
| | | အုတ်ဖို | ၅ |
| | | လက်ပံတန်း | ၄ |
| | | ညောင်လေးပင် | ၃ |
| | | ပြည် | ၃ |
| | | ထန်းတပင် | ၃ |
| | | ဝေါ | ၃ |
| | | တောင်ငူ | ၂ |
| | | ပေါင်းတည် | ၂ |
| | | ဖြူး | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈ |
| | | ကျုံပျော် | ၆ |
| | | ညောင်တုန်း | ၅ |
| | | လေးမျက်နှာ | ၃ |
| | | ဟင်္သာတ | ၃ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ရေကြည် | ၂ |
| | | ဘိုကလေး | ၁ |
| | | အိမ်မဲ | ၁ |
| | | ကျိုက်လတ် | ၁ |
| | | မအူပင် | ၁ |
| | | မြန်အောင် | ၁ |
| | | သာပေါင်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | ဖျာပုံ | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချောက် | ၆ |
| | | ပခုက္ကူ | ၅ |
| | | မကွေး | ၅ |
| | | မြို့သစ် | ၄ |
| | | ပေါက် | ၃ |
| | | ရေနံချောင်း | ၂ |
| | | သရက် | ၁ |
| | | နတ်မောက် | ၁ |
| | | ငဖဲ | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၅ |
| | | တမူး | ၂ |
| | | ကသာ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၇။ | ရခိုင်ပြည်နယ် | မောင်တော | ၆ |
| | | မြောက်ဦး | ၄ |
| | | မြေပုံ | ၂ |
| | | ကျောက်တော် | ၂ |
| | | အမ်း | ၁ |
| | | ဗွ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | မွန်ပြည်နယ် | ကျိုက်ထို | ၈ |
| | | ဘီးလင်း | ၁ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၉။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၃ |
| | | ဘားအံ | ၂ |
| | | စုစုပေါင်း | ၅ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ရှမ်းပြည်နယ် | ကျောက်မဲ | ၁ |
| | | ဟိုပန် * | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | နေပြည်တော် | ဥတ္တရသီရိ * | ၁ |
| | | စုစုပေါင်း | ၁ |
| | | (၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၇၁) ဦး |

* ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် အသွားအလာ ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၇-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၇၁) ဦးတွင် အနံ့မရရှိသူ (၂၅၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၉၃ ဦးနှင့် မြန်မာအလုပ်သမား ၅၅ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၄၈ ဦးကို ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် JSM International ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ နေရာ / သီးသန့်စီစဉ်ပေးသည့် သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

### ညှိနှိုင်းဆောင်ရွက်

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၈**

ထူးခြားသည့် ညအပူချိန်များမှာ မိုးကုတ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့နှင့် တီးတိန်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ညအပူချိန်များမှာ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၀၂၉ ဦး တွေ့ရှိ

## (၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇-၁၁-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၈-၁၁-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၃၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၂၉) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၈-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၈၅) ခု | (၃၄၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၁၇၁) ခု | (၄၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၀၆) ခု | (၈၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၄) ခု | (၂၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၈) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၂၃) ခု | (၁၂၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၅၃၃) ခု | (၃၈၉) ဦး |
| **စုစုပေါင်း** | (၁၄,၃၆၁) ခု | (၁,၀၂၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၈-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၃၆၁) ဦး | (၇၉၄,၉၃၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၂၉) ဦး | (၆၁,၃၇၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၉၀) ဦး | (၄၅,၇၅၆) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၁,၄၂၀) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦး အနက် ရောဂါအခံရှိသူ (၁၉) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၉၀) ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ - (၃၆၈) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၂၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၇၄၈)ဦးတွင်-
  - o Hotel Quarantine - (၃၅၈) ဦး
  - o Facility Quarantine - (၄၂၂) ဦး
  - o Community Based Facility Quarantine - (၉၃၃) ဦး
  - o Anosmia Center - (၃၅) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၈-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၁၈၆၀၈၁ | ၆၄၄၂၂၇၆ | ၂၄၃၂၉၀ |
| ၂။ | အိန္ဒိယ | ၈၅၀၇၇၅၄ | ၇၈၆၈၉၆၈ | ၁၂၆၁၆၂ |
| ၃။ | ဘရာဇီး | ၅၆၅၃၅၆၁ | ၅၀၆၄၃၄၄ | ၁၆၂၂၈၆ |
| ၄။ | ရုရှား | ၁၇၇၄၃၃၄ | ၁၃၂၄၄၁၉ | ၃၀၅၃၇ |
| ၅။ | ပြင်သစ် | ၁၇၄၈၇၀၅ | ၁၂၇၉၃၈ | ၄၀၁၆၉ |
| ၆။ | စပိန် | ၁၃၈၈၄၁၁ | စိစစ်ဆဲ | ၃၈၈၃၃ |
| ၇။ | အာဂျင်တီးနား | ၁၂၃၆၈၅၁ | ၁၀၅၃၃၁၃ | ၃၃၃၄၈ |
| ၈။ | ဗြိတိန် | ၁၁၇၁၄၄၁ | စိစစ်ဆဲ | ၄၈၈၈၈ |
| ၉။ | ကိုလံဘီယာ | ၁၁၃၆၄၄၇ | ၁၀၂၉၀၈၂ | ၃၂၅၉၅ |
| ၁၀။ | မက္ကဆီကို | ၉၆၁၉၃၈ | ၇၁၀၉၄၀ | ၉၄၈၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၇၇၁၆ | ၃၆၈၂၉၈ | ၁၄၆၁၄ |
| ဖိလစ်ပိုင် | ၃၉၆၃၉၅ | ၃၆၁၆၃၈ | ၇၅၃၉ |
| မြန်မာ | ၆၁၃၇၇ | ၄၅၇၅၆ | ၁၄၂၀ |
| စင်ကာပူ | ၅၈၀၅၆ | ၅၇၉၆၈ | ၂၈ |
| မလေးရှား | ၄၀၂၀၉ | ၂၈၂၃၄ | ၂၈၆ |
| ထိုင်း | ၃၈၃၇ | ၃၆၅၄ | ၆၀ |
| ဗီယက်နမ် | ၁၂၁၃ | ၁၀၇၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၅ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၈

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# အောင်ပန်းမြို့နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ် ၁၀ ဘီလီယံ တန်ဖိုးရှိ အိုက်စ်များဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

အောင်ပန်းမြို့နှင့် တောင်ကြီးမြို့တို့၌ နိုဝင်ဘာ ၃ ရက်က ငွေကျပ် ၁၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်များဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် အောင်ပန်းမြို့ ဇောတိကျေးရွာတွင် ဟန်ထွန်း သုံးဘီးဆိုင်ကယ်ဖြင့် တင်ဆောင်လာသည့် ပီနံအိတ် ၁၅ အိတ်ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၃၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၄ ရက် ညတွင် တောင်ကြီးမြို့ ဘုရားဖြူ ရပ်ကွက်နေ စိုင်းခန့်ကျော်နှင့် မမိငယ်(ခ) မေသဇင်လတ်တို့၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိုင်းခန့်ကျော်အား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မမိငယ်(ခ)မေသဇင်လတ်အားတွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းရှိ ပီနံအိတ်များအတွင်းမှ အိုက်စ် ၂၀၀ ကီလို စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံတန်ဖိုးကို သိမ်းဆည်းရမိခဲ့သည်။

ယင်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်များကို အောင်ပန်းမှ ရန်ကုန်သို့ ကုန်တင်ယာဉ်လိုင်း အသုံးပြု လူမဲ့တန်ဆာဖြင့်ပို့ဆောင်၍ ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ ကုန်တင်ယာဉ်လိုင်းတွင် အခြားကုန်ပစ္စည်းများနှင့် ရောနှောသို၀ှက် ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ဟန်ထွန်း၊ မမိငယ်(ခ)မေသဇင်လတ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသည့် အိုက်စ်များနှင့်အတူတွေ့ရစဉ်။

## အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း အမဲလိုက်ရန် ပူးပေါင်းကြံစည်အားထုတ်သူ သုံးဦးဖမ်းမိ

**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း လိုင်စင်မရှိဘဲ အမဲလိုက်ရန် ပူးပေါင်းကြံစည် အားထုတ်နေသူ သုံးဦးကို ကနီမြို့မရဲစခန်းကဇီ၀မျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ် ဇီးဖြူတောင် သုံးမျက်နှာ ဘုတ်တိုင်ကြောအနီး နိုဝင်ဘာ ၅ ရက် ည ၈ နာရီခွဲက ကနီမြို့နယ် တောင်ပေါက်အုပ်စု ၃၃ မိုင် တောတိုက်နှင့် သလင်းကျေးရွာတို့မှ အမျိုးသား သုံးဦးသည် အရှည် လေးပေခွဲရှိ တူမီးလုပ်သေနတ် တစ်လက်၊ သံဘောစေ့ အလုံး ၂၀၊ ကက်ယမ်းခွေ တစ်ခွေတို့ဖြင့် လိုင်စင်မရှိဘဲ အမဲလိုက်ရန်ကြံစည်အားထုတ်နေသည်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် တောအုပ်ကြီး မြင့်သိန်းနှင့် အဖွဲ့သည် ဥယျာဉ်အတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ် ကြံစည်အားထုတ်နေသူ သုံးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရ သည်။

ဖမ်းမိသူ သုံးဦးကို တောအုပ်ကြီး မြင့်သိန်းက တရားလိုပြုလုပ် တိုင်တန်းသဖြင့် ကနီမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အာရှနှင့် အရှေ့တောင်အာရှ အမြင့်ဆုံးပြိုင်ပွဲများတွင် မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၁ ခုနှစ်တွင် အာရှနှင့် အရှေ့တောင်အာရှ အမြင့်ဆုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံ အမျိုးသမီးချန်ပီယံ ရှစ်ပြိုင်ပွဲ ကျင်းပဖြစ်ပါကလည်း ပြိုင်ပွဲသုံးခုအထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးသော်လည်း နှစ်ကုန်ပိုင်း သို့မဟုတ် နှစ်ဆန်းပိုင်းတွင် စတင်လေ့ကျင့်နိုင်ရန် မျှော်မှန်းထားသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအနက် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့်ရက်ကိုသာ အတည်ပြုပြီး ကျန်ပြိုင်ပွဲများမထုတ်ပြန်သောကြောင့် အာဆီယံအမျိုးသမီးပြိုင်ပွဲ ကျင်းပမည့်ကာလ အတည်မပြုနိုင်ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း ကပ်ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာလ တတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းအနေဖြင့် နှစ်ကုန်ပိုင်းတွင် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နည်းပြချုပ်အပြောင်းအလဲပြုလုပ်ထားပြီး နှစ်လယ်ပိုင်းတွင် ဦးတင်မြင့်အောင်ကို ယာယီနည်းပြချုပ်အဖြစ်မှ အမြဲတမ်းနည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်လယ်ပိုင်းကတည်းက စတင်လေ့ကျင့်ရန် စီစဉ်ခဲ့သော်လည်း ကပ်ရောဂါအခြေအနေကြောင့် လေ့ကျင့်နိုင်ခြင်းမရှိသလို ကစားသမားများအတွက် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကိုလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၁ စီး၊ သွင်းကုန် ၃၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



ဖမ်းဆီးရမိသည့် တရားဝင် စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Power Bank For Mobile Phone များကို တွေ့ရစဉ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက် ရှိရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၂၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၀ ဒသမ ၂၄၀ စုစုပေါင်းတာဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၆၅ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် နိုဝင်ဘာ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့သည် မူဆယ်မှ လားရှိုးသို့ထွက်ခွာလာသော ခရီးသည်တင် ယာဉ်ငယ်များကို စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Power Bank For Mobile Phone (10000 Mah) (C/O China) (250 U)၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၂၅ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**ကသာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နံ့သာကျေးရွာတွင် နိုဝင်ဘာ ၇ ရက်က အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၉ နာရီကျော်တွင် မော်တိတ်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်စိုးနိုင်အောင် ဦးစီးသောအဖွဲ့သည် လူတစ်ဦးဓာတ်လိုက် သေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်းတော်မြို့နယ် နံ့သာကျေးရွာနေ ဦးထိန်မြင့်သည် နေအိမ်အတွင်း မီးသွယ်ရာ အဖုံးမပါသောမီးသီးခေါင်းမှ မီးကြိုးအားကိုင်တွယ်ရာ ဓာတ်လိုက်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါအမှုကို မော်တိတ်နယ်မြေရဲကင်းစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# နေပြည်တော်ကောင်စီ ခေတ္တဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း ဆန္ဒမဲပေးနေမှုများ လှည့်လည်ကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်ကောင်စီ ခေတ္တဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်း က ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမဲရုံ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် နဝဒေးရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမဲရုံသို့ လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ချင်းရွာ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း မဲရုံသို့လည်းကောင်း၊ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် အောင်ဆန်းခန်းမ၌ ဖွင့်လှစ်ထားသည့် မဲရုံသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး တက္ကသိုလ် အားကစားခန်းမ၌ ဖွင့်လှစ်ထားသည့် မဲရုံသို့လည်းကောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် မင်္ဂလာဇမ္ဗူဟာခန်းမတွင် ဖွင့်လှစ်ထားသည့် မဲရုံသို့လည်းကောင်း၊ ယင်းနောက် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းနှင့် လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် မဲရုံများသို့ သွားရောက်ပြီး မဲရုံများ၌ ဆန္ဒမဲပေးနေမှုများနှင့် ဆန္ဒမဲပေးမည့် ပြည်သူများအား တာဝန်ရှိသူများက လက်သန့်ဆေးရည်ဖြင့် လက်များကို သန့်စင်ပေးခြင်း၊ နှာခေါင်းစည်းများ ထုတ်ပေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်း၊ မဲရုံအဝင်တွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍တန်းစီကာ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှုများကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**




# တောင်ငူမြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာ မဲရုံများ၌ ဆန္ဒမဲပေး

**တောင်ငူ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်လျက်ရှိရာ လာရောက်သူတိုင်း စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

"ယခုလိုလာရောက်မဲပေးတဲ့အခါမှာ မဲရုံအဝင်ပေါက်မှာ လက်သန့်ဆေးရည်နဲ့ ဖျန်းပေးပါတယ်။ မဲရုံမှာ တာဝန်ကျ ဝန်ထမ်းတွေကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် အညီ လက်အိတ်တွေ၊ နှာခေါင်းစည်းတွေတပ်ဆင်ထားခြင်း မဲလာပေးတဲ့ တခြားသူတွေလည်း နှာခေါင်းစည်းတပ်ဆင်ထားခြင်း၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာမှာ ထားရှိကာ ကျန်းမာရေးနဲ့အညီ မဲပေးနိုင်အောင် မဲရုံ တာဝန်ကျဝန်ထမ်းတွေ၊လူမှုရေးအသင်းအဖွဲ့များက စနစ်တကျ လုပ်ဆောင်ပေးကြလို့ မဲပေးတဲ့အခါမှာ စိတ်ချမ်းမြေ့ရကြောင်း"ဟု လာရောက် ဆန္ဒမဲပေးသူတစ်ဦးက ပြောသည်။ ညနေ ၄ နာရီတွင် မဲရုံများအားလုံးကို အောင်မြင်စွာ ပိတ်သိမ်းကာ မဲလက်မှတ်များ ရေတွက်လျက်ရှိသည်။

တောင်ငူမြို့နယ် အနေဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု ၆၄ အုပ်စုတွင် မဲရုံပေါင်း ၁၉၃ ရုံထားရှိကာ ဆန္ဒမဲပေးနိုင်သူ ဦးရေ ၁၉၀၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးထံမှ သိရသည်။

**သူရ(တောင်ငူ)**



## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၄၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | | |
|---|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ | . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၄ | . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၅ | . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၁ | . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၄ | . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၅ | . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ | . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ | . ၃၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ | . ၈၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ | . ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ | . ၁၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၁၀၀၀၀ | ၅၃၈ | ၅၃၃၈၀၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၄၈၇၃ | ၁၇၉၇၉၈၅၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၇၀ | ၃၇၄၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၉၃ | ၇၉၁၁၀၀ |
| EFR | ၄၃၀၀ | ၄၂၀၀ | ၄၉ | ၂၀၇၆၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကာမလာဟားရစ်က အမေရိကန်၏ ပထမဆုံးသော အမျိုးသမီး ဒုတိယသမ္မတဖြစ်လာတော့မည်



ကာမလာဟားရစ်

ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ကိုယ်စားလှယ် ဂျိုးဘိုင်ဒင် အနိုင်ရရှိသွားပြီဖြစ်သည့်အတွက် ၎င်း၏ တွဲဖက်ဖြစ်သူ ကာမလာဟားရစ်သည် အမေရိကန်၏ ပထမဆုံးသော အမျိုးသမီးဒုတိယသမ္မတ ဖြစ်လာတော့မည်ဖြစ်သည်။

ကာမလာဟားရစ်သည် အမေရိကန်၏ ဒုတိယသမ္မတနေရာ ရောက်ရှိလာတော့မည့် ပထမဆုံးသော အာရှ - အမေရိကန်နိုင်ငံသား လူမည်း အမျိုးသမီး တစ်ဦးလည်း ဖြစ်သည်။ အသက် ၅၆ နှစ် ရှိပြီဖြစ်သည့် ဟားရစ်သည် ၂၀၁၆ ခုနှစ်တွင် အမေရိကန် ဆီးနိတ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ၎င်းသည် ကယ်လီဖိုးနီးယားပြည်နယ်၏ ရှေ့နေချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသူ ဂျိုးဘိုင်ဒင် သမ္မတတာဝန်ထမ်းဆောင်ချိန်တွင် အသက် ၇၈ နှစ်ရှိတော့မည်ဖြစ်ရာ ကာမလာဟားရစ်ကို နောက်လာမည့် သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ၏ အလားအလာရှိသည့် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လူသိများလျက်ရှိသည်။

၂၀၀၈ ခုနှစ်နှင့် ၁၉၈၄ ခုနှစ်တို့တွင် အမေရိကန်ဒုတိယသမ္မတ နေရာအတွက် ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခဲ့သည့် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်ကိုယ်စားပြု အမျိုးသမီးကိုယ်စားလှယ်များ ရှိခဲ့သော်လည်း ၎င်းတို့နှစ်ဦးလုံး အနိုင်ရခဲ့ခြင်းမရှိပေ။

အင်န်အိတ်ချ်ကေ

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် ၁၆၂၀၀၀ ကျော်အထိ ရှိလာ

ဆော်ပိုလို နိုဝင်ဘာ ၈

ဘရာဇီးနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၂၅၄ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၆၂၂၆၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၂၃၈၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက် စုစုပေါင်း ၅၆၅၃၅၆၁ ဦးအထိ ဖြစ်လာခဲ့သည်။ ဘရာဇီးနိုင်ငံရှိ လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် ဆော်ပိုလို၌ ရောဂါကူးစက်မှုအဆိုးဆုံးဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူ ၃၉၇၁၇ ဦးဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၁၁၂၅၉၃၆ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အမေရိကန်ပြည်ထောင်စု နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ဘရာဇီးနိုင်ငံ၏ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းမှာ တစ်ကမ္ဘာလုံးတွင် တတိယအများဆုံးနေရာတွင် ရှိနေပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ အမေရိကန်ပြီးလျှင် ဒုတိယအများဆုံးဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဖော်ပြသည့် အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူနှစ်ဦး ထပ်မံတွေ့ရှိ

စင်ကာပူ နိုဝင်ဘာ ၈

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၈ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်လူနာနှစ်ဦး တွေ့ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားသူပေါင်းမှာ ၅၈၀၅၆ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

နောက်ထပ်အတည်ပြုဖော်ပြခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါဝေဒနာရှင်များမှာ နိုင်ငံခြားမှ ကူးစက်ဖြစ်ပွားလာသူများဖြစ်ကြသည်။

နိုဝင်ဘာ ၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူ ခုနစ်ဦးနှင့်အတူ စုစုပေါင်း ဆေးရုံမှ ဆင်းသူ ၅၇၉၇၅ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။ နိုင်ငံအတွင်း ယခုအချိန်ထိ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသွားသူပေါင်း ၂၈ ဦးရှိသည်။

ဆင်ဟွာ

## ဒိန်းမတ်နိုင်ငံတွင် တိရစ္ဆာန်မှ လူသို့ ကိုဗစ်-၁၉ ရောဂါ အသစ်ကူးစက်မှုတွေ့ရှိရသည့်အတွက် ဗြိတိန်က ဒိန်းမတ်နိုင်ငံမှ ခရီးသွားများ လာရောက်မှုကို ပိတ်ပင်

လန်ဒန် နိုဝင်ဘာ ၈

ဒိန်းမတ်နိုင်ငံတွင် မွေးမြူထားသည့် မင့်ခ်(mink) ဟုခေါ်သည့် ဖျံမျိုးနွယ်ဝင် မြွေပါများထံမှ လူသို့ ကိုဗစ်-၁၉ ရောဂါ အသစ်တစ်မျိုး ကူးစက်မှုကို တွေ့ရှိခဲ့ရခြင်းကြောင့် ဗြိတိန်နိုင်ငံက ဒိန်းမတ်နိုင်ငံမှ လာရောက်မည့် ခရီးသွားများကို နိုဝင်ဘာ ၇ ရက်မှစတင်ကာ ပြည်ဝင်ခွင့်ပိတ်ပင်လိုက်ကြောင်း သိရသည်။



ဒိန်းမတ်နိုင်ငံတွင် ရောက်ရှိနေသူ သို့မဟုတ် နေထိုင်လျက်ရှိသည့် ဗြိတိန်နိုင်ငံသားများအနေဖြင့် မိမိနိုင်ငံဆီသို့ ပြန်လာခွင့်ရှိသော်လည်း နိုင်ငံအတွင်း ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဗြိတိန်၌ ၎င်းတို့နှင့်အတူတကွ နေထိုင်မည့် မိသားစုဝင်များအားလုံးနှင့်အတူ ၁၄ ရက် သီးခြားနေထိုင်ကာ အသွားအလာကန့်သတ်မှုဖြင့် နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း ဒိန်းမတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ဗြိတိန်နိုင်ငံသားများကိုလည်း ၁၄ ရက် သီးခြား နေထိုင်စေမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

လတ်တလောတွင် ဒိန်းမတ်နိုင်ငံမှ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များကို ပိတ်ပင်ခြင်းမရှိသေးသော်လည်း အဆိုပါယာဉ်များနှင့် ပတ်သက်သည့် နောက်ထပ်ကြေညာချက်တစ်ခု ထုတ်ပြန်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ဖော်ပြသည်။ ဒိန်းမတ်နိုင်ငံသည် ဗြိတိန်သို့ ကုန်ပစ္စည်းတင်ပို့မှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်သည်။

ဒိန်းမတ်နိုင်ငံရှိ မြွေပါများမှ လူသို့ ရောဂါကူးစက်မှုဖြစ်ပွားခဲ့ပြီး မကြာမီ စကော့တလန်လေကြောင်းလိုင်းဖြစ်သည့် လိုဂန်အဲ လေကြောင်းလိုင်းကလည်း စကော့တလန်နှင့် ဒိန်းမတ် လေကြောင်းခရီးစဉ်ပြေးဆွဲမှုကို နိုဝင် ဘာ ၉ ရက်နေ့မှစတင်ကာ ယာယီ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရ သည်။

အေအက်ဖ်ပီ

## အမေရိကန်ရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်ပြီး အီရန်တုံ့ပြန်ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၈

အီရန်နိုင်ငံခေါင်းဆောင် အယာတိုလာအလီခါမေနီက လက်ရှိ အမေရိကန်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ဝေဖန်ပြောဆိုခဲ့သည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်၏ အောင်မြင်မှုနှင့် ပတ်သက်ကာ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ရလဒ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သေချာသည့် အရာတစ်ခုမှာ အမေရိကန်တွင် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားတို့မှာ ကျဆင်းနေပြီဟု ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် အီရန်အပေါ် ရန်လိုသည့်မူဝါဒများ ချမှတ်ခဲ့သည်။

ဗြိတိန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးကလည်း အမုန်းတရားများကို ဖြန့်ဝေသည့် နိုင်ငံရေးသမားတစ်ဦး၏ နောက်ဆုံးရလဒ်ဟု ဆိုကာ တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်အနေဖြင့် အီရန်အပေါ် ဖိအားများ ထပ်မံမပေးနိုင်တော့ဟုလည်း ၎င်းက ရေးသားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ခေါင်းဆောင်သစ် ရွေးချယ်မည့် အစည်းအဝေးကို ရွှေ့ဆိုင်း

ဂျီနီဗာ နိုဝင်ဘာ ၈

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ခေါင်းဆောင်သစ် ရွေးချယ်မည့် အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ နိုင်ဂျီးရီးယားအရာရှိတစ်ဦးအား ရွေးချယ်ခန့်အပ်မှုအတွက် အမေရိကန်က ဆန့်ကျင်ခဲ့ပြီးနောက် ယခုကဲ့သို့ အစည်းအဝေးကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ ခြင်းဖြစ်သည်။

### ရွေးချယ်ရမည့်ပွဲ

အဆိုပါအစည်းအဝေးကို မူလက နိုဝင်ဘာ ၉ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားဘဏ္ဍာရေးဝန်ကြီးဟောင်း အင်န်ဂိုဇီအို ကွန်ဂျင်နှင့် တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီး ယိုမြောင်ဟီတို့ နှစ်ဦး၌ မည်သူအား ရွေးချယ်မည်ကို ဆုံးဖြတ်ရမည့်ပွဲလည်းဖြစ်သည်။

### ထောက်ခံမှုအများအပြားရရှိထား

အောက်တိုဘာ ၂၈ ရက်တွင် နိုင်ဂျီးရီးယားဘဏ္ဍာရေးဝန်ကြီးဟောင်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်အသစ်အဖြစ် ခန့်အပ်ရန် အဖွဲ့ကြီးအတွင်းမှ အရာရှိကြီးများက ထောက်ခံခဲ့ကြပြီး ၎င်းမှာ အဖွဲ့ဝင်များ၏ ထောက်ခံမှုကို အများအပြားရရှိထားသည်ဟုလည်း သိရသည်။ သို့သော်လည်း အမေရိကန်ကမူ ယိုမြောင်ဟီမှာ ကုန်သွယ်ရေးအတွေ့အကြုံ အမြောက်အမြားရှိသည့်အတွက် ညွှန်ကြားရေးမှူးချုပ်အသစ် ဖြစ်သင့်သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် အထွေထွေကောင်စီအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်အသစ်ကို ခန့်အပ်ရန် စီစဉ်ထားခဲ့သည်။

### ရာထူးနေရာလစ်လပ်နေဆဲဖြစ်

သို့သော်လည်း အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက်သို့ အကြောင်းပြချက် မပေးဘဲ ရွှေ့ဆိုင်းခဲ့သည်။ အမေရိကန်၏ ရပ်တည်မှုကြောင့် အများသဘောဆန္ဒအတိုင်းဖြစ်လာနိုင်ဖွယ်မရှိဟု သတင်းအရင်းအမြစ်များက ပြောသည်။ ယခင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှာ ၎င်း၏ရာထူးသက်တမ်း မပြီးဆုံးမီ ဩဂုတ်လအတွင်းက ရာထူးမှ နုတ်ထွက်သွားပြီးနောက် အဆိုပါနေရာမှာ ဆက်လက်လစ်လပ်နေဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ဌာနချုပ် အဆောက်အအုံကို တွေ့ရစဉ် ။

# ကမ္ဘာ့ခေါင်းဆောင်များက အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသော ဘိုင်ဒင်ထံ ဝမ်းမြောက်ကြောင်းပြောကြား


၂၀၂၀ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတဒေါ်နယ်ထရမ့်ကို ဖြတ်ကျော်ပြီး အမေရိကန်သမ္မတဖြစ်လာသူ ဒီမိုကရက်တစ်ပါတီမှ ဂျိုးဘိုင်ဒင်ကို တွေ့ရစဉ်။

**ဝါရှင်တန် နိုဝင်ဘာ ၈**

ကမ္ဘာ့ခေါင်းဆောင်များက အမေရိကန်ရွေးကောက်တင်မြောက်ခံ သမ္မတကိုယ်စားလှယ်လောင်း ဂျိုးဘိုင်ဒင်ကို ၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ဖြတ်ကျော်ပြီး အမေရိကန်နိုင်ငံ၏ ၄၆ ယောက်မြောက်သမ္မတဖြစ်လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားကြသည်။

တောင်ကိုရီးယား သမ္မတမွန်ဂျေအင်းက တွစ်တာတွင် မိမိတို့၏ မဟာမိတ်ကြီးသည် အင်အားကြီးလာပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ကျောက်စိုင်ကျောက်သားလို ခိုင်မြဲသွားပြီဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကြား တန်ဖိုးထားမှုများကို အဆွေနှင့်အတူ မျှဝေသွားရန် မျှော်လင့်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီကလည်း ဘိုင်ဒင်၏ အောင်မြင်မှုအတွက် ဝမ်းသာဂုဏ်ယူကြောင်း တွစ်တာပေါ်တွင် ရေးသားဖော်ပြလိုက်သည်။ ဒုတိယသမ္မတ တာဝန်ယူစဉ်အချိန်တုန်းက အင်ဒို-အမေရိကန်ဆက်ဆံရေးကို ပိုမိုအစွန့်ရှည်အောင် ဆောင်ရွက်ခြင်းသည် အဓိကကျပြီး တန်ဖိုးဖြတ်မရပါကြောင်းနှင့် ယခုတစ်ခါထပ်မံပြီး အိန္ဒိယ-အမေရိကန်ဆက်ဆံရေးကို ပိုမိုမြင့်မားအောင် စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားဖော်ပြထားသည်။

ထို့ပြင် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရသော ကာမလာဟားရစ်ကိုလည်း ဝမ်းသာဂုဏ်ယူကြောင်း မိုဒီက ဖော်ပြထားသည်။ ကာမလာဟားရစ်၏ မိခင်သည် အိန္ဒိယနိုင်ငံသူ ဖြစ်သည်။

ဩစတြေးလျ ဝန်ကြီးချုပ် စကော့မော်ရစ်ဆန်ကလည်း ဘိုင်ဒင်၏အောင်မြင်မှုအပေါ် ကြိုဆိုလိုက်သည်။ ကမ္ဘာကြီး ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အမေရိကန်၏ဦးဆောင်မှုသည် မရှိမဖြစ်အရေးပါကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရေယာဉ်တစ်စင်း မီးလောင်မှု ဖြစ်ပွားရာ လူငါးဦး ဒဏ်ရာရရှိ

**ဘန်ကောက် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်သော ဖန်ငါ့ပြည်နယ်တွင် အမြန်ရေယာဉ်တစ်စင်း နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန် နံနက် ၈ နာရီက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ခရီးသည်များကို တင်ဆောင်ခြင်းမပြုမီ အင်ဂျင်ချွတ်ယွင်းချက်ရှိနေသဖြင့် မာလိန်မှူးက ဝန်ထမ်းတစ်ဦးကို သွားရောက်စစ်ဆေးရန် စေခိုင်းချိန်တွင် အင်ဂျင်မှာ ရုတ်တရက်ပေါက်ကွဲပြီး ရေယာဉ်တစ်စင်းလုံး မီးလောင်ခဲ့ခြင်းဖြစ်သည်။ ဝန်ထမ်းလေးဦးနှင့် မာလိန်မှူးတို့မှာ ဒဏ်ရာများရရှိပြီး ဆေးရုံသို့ပို့ဆောင်ထားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါမီးလောင်မှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကမ်းခြေအပန်းဖြေခရီးစဉ်များသည် ခရီးသွားများကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ စီးပွားဖြစ် ဒုံးပျံကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်


တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂျူကွမ်ဒုံးပျံလွှတ်တင်နေရာမှ နိုဝင်ဘာ ၇ ရက်တွင် အောင်မြင်စွာလွှတ်တင်လိုက်သည်ကို တွေ့ရစဉ်။

**ဂျူကွမ်း နိုဝင်ဘာ ၈**

စီးပွားဖြစ်အသုံးပြုရန် ပုံစံရေးဆွဲထားသော တရုတ်နိုင်ငံ၏ သယ်ဆောင်ရေး ဒုံးပျံ CERES-1 ကို နိုဝင်ဘာ ၇ ရက်က သတ်မှတ်ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဒုံးပျံကို ပေကျင်းဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၂ မိနစ်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဂျူကွမ် ဒုံးပျံလွှတ်တင်နေရာမှ အောင်မြင်စွာလွှတ်တင်ခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် အဆင့်မြင့်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော နဂါးငွေ့တန်းနှင့် သက်ဆိုင်သော စွမ်းအင်အမည်ရ ဂယ်လက်တစ်အင်နာဂျီမှ တီထွင်ထုတ်လုပ်ခဲ့သည့် ဒုံးပျံထိပ်ဖူးသည် အရွယ်အစားသေးငယ်သော ဂြိုဟ်တုများကို သတ်မှတ်ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ သယ်ဆောင်ပေးနိုင်ရန် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခု လွှတ်တင်လိုက်သော CERES-1 ဒုံးပျံသည် တီယန်ချီကွန်စတယ်လေးရှင်းမှ ပိုင်ဆိုင်သော ဂြိုဟ်တုငယ်တစ်စင်းကို သတ်မှတ်ကမ္ဘာပတ်လမ်းကြောင်းထဲသို့ သယ်ဆောင်ပေးခဲ့သည်။ အဆိုပါ တီယန်ချီ-၁၁ ဂြိုဟ်တုကို အချက်အလက်များ စုဆောင်းခြင်းနှင့် ထပ်ဆင့်ထုတ်လွှင့်ခြင်းများ ပြုလုပ်ရန် အသုံးပြုသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၈ ဒသမ ၅ သန်းကျော်ရောက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၈**

လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ် ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၅၆၇၄ ဦးတိုးလာမှုနှင့်အတူ အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုဖြစ်စဉ်သည် နိုဝင်ဘာ ၈ ရက်က ၈၅၀၇၇၅၄ ခုအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

စနေနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၅၉ ဦးရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေသည် ၁၂၆၁၂၁ ဦးအထိရောက်ရှိလာကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်များအရ သိရသည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၅၁၂၆၆၅ ဦးရှိကြောင်း သိရပြီး ၇၈၆၈၉၆၈ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ သက်သာပျောက်ကင်းသွားပြီဖြစ်ကာ ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

သောကြာနေ့အထိ ကိုဗစ် - ၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၁၆၅၄၂၃၀၄ ဦးအထိ လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် ၁၁၁၃၂၀၉ ဦးမှာ သောကြာနေ့တစ်ရက်တည်းတွင် စမ်းသပ်ခဲ့သည်။

နယူးဒေလီတွင် လွန်ခဲ့သောရက်အနည်းငယ်အတွင်း ကိုဗစ် - ၁၉ ဖြစ်စဉ်များ ထိုးတက်လာခဲ့သည်။ အိန္ဒိယနိုင်ငံမြို့တော်တွင် အင်္ဂါနေ့တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ဖြစ်စဉ် ၄၀၀၀၀၀ ကျော်လာသောကြောင့် ယင်းအခြေအနေကို ဒေလီ၏ ကိုဗစ်-၁၉ တတိယလှိုင်းဆိုကာ တင်စားခေါ်ဝေါ်ခဲ့ကြသည်။

လေထုညစ်ညမ်းမှုအဆင့်နှင့် ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးထိန်းချုပ်သည့်အနေဖြင့် ကြာသပတေးနေ့က ဒေလီဝန်ကြီးချုပ်က နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် ဒီပါဝလီပွဲတော်တွင် မီးရှူးမီးပန်း ပစ်ဖောက်ခွင့် တားမြစ်ထားလိုက်သည်။

**ဆင်ဟွာ**


အိန္ဒိယနိုင်ငံ ဆေးရုံတစ်ရုံတွင် ကိုဗစ်-၁၉ လူနာများကို သက်ဆိုင်ရာ တာဝန်ကျဆေးဝန်ထမ်းများက စစ်ဆေးနေစဉ်။

# ပြင်သစ်နှင့် အီတလီနိုင်ငံတို့တွင် ကိုဗစ်-၁၉ ကူးစက်မှု စံချိန်တင်

**ရောမ နိုဝင်ဘာ ၈**

ပြင်သစ်နှင့် အီတလီနိုင်ငံတို့တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု စံချိန်တင်မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၈ ရက်က ဖော်ပြလိုက်သည်။

ပြင်သစ်နိုင်ငံတွင် သောကြာနေ့တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်မှု ၆၀၀၀၀ ကျော်လွန်ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့သည်။ စနေနေ့အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၀၁၆၉ဦး ရှိလာခဲ့ပြီး ဗြိတိန်နှင့် အီတလီနိုင်ငံပြီးလျှင် သေဆုံးသူ ၄၀၀၀၀ ကျော်လာသည့် ဥရောပ၏ တတိယမြောက်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

ပြင်သစ်နိုင်ငံတွင်လည်း ရောဂါပြင်းထန်သည့်လူနာအရေအတွက် တိုးလာခဲ့ပြီး ကိုဗစ်-၁၉ လူနာ ၈၇ ရာခိုင်နှုန်းသည် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြင်သစ်အစိုးရသည် နိုင်ငံတစ်ဝန်း အပျော်ခရီးတိုထွက်ခြင်းများအပေါ် အောက်တိုဘာ ၃၀ ရက်မှစကာ အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့သည်။ ကျန်းမာရေးကဏ္ဍတွင်ဖြစ်ပေါ်နေသော ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် သက်ဆိုင်ရာအာဏာပိုင်များက ကိုဗစ်-၁၉ ကူးစက်မှုပြင်းထန်သူများကို တခြားဒေသ သို့မဟုတ် ဂျာမနီနိုင်ငံသို့ လွှဲပြောင်းပေးပို့လျက်ရှိကြောင်းလည်း သိရသည်။

အီတလီနိုင်ငံတွင်လည်း စနေနေ့အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၀၀၀ နီးနီးတိုးလာပြီး ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး ပမာဏအဖြစ် စံချိန်တင်ခဲ့သည်။

အီတလီအစိုးရသည် နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့်ကို သောကြာနေ့ကစပြီး ထုတ်ပြန်လိုက်သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်လူနာ လေးသိန်းနီးပါးရှိလာ

မနီလာ နိုဝင်ဘာ ၈

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်အတည်ပြုလူနာ ၂၄၄၂ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်အတည်ပြုလူနာပေါင်း ၃၉၆၃၉၅ ဦး ရှိလာကြောင်း ကျန်းမာရေးဌာနက ဖော်ပြလိုက်သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၁၄၃၀ နှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၃၆၁၆၃၈ ဦး ရှိလာသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေသည် ၅၄ ဦး ထပ်တိုးလာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူဦးရေမှာလည်း ၇၅၃၉ ဦး ရှိအထိ တိုးလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ယခုအချိန်အထိ ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၄ ဒသမ ၇၂ သန်း ရှိပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### ဘရာဇီးတွင် ရွေးကောက်ပွဲနှင့် ဆက်စပ်ပြီး သေဆုံးသူ ၈၀ ထက်မနည်းရှိ

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၈

ဘရာဇီးနိုင်ငံတွင် ရွေးကောက်ပွဲနှင့် ဆက်စပ်ပြီး သေဆုံးသူ အနည်းဆုံး ၈၀ အထိ ရှိလာကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သေဆုံးသူအရေအတွက် တိုးလာကြောင်း ရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။

သေဆုံးသူများထဲတွင် ကိုယ်စားလှယ်လောင်းများလည်းပါဝင်ကြောင်း သိရသည်။ စက်တင်ဘာလမှစကာ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော သေဆုံးမှုများ တိုးလာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

သေဆုံးသူ ကိုယ်စားလှယ်လောင်းများမှာ လက်ရှိ မြို့တော်ဝန်များနှင့် တခြားခေါင်းဆောင်များကို အကျင့်ပျက်ခြစားမှုဖြင့် စွပ်စွဲနေသူများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲလှုပ်ရှားမှုများကို အွန်လိုင်းပေါ်တွင် ပြုလုပ်ခဲ့ကြသည်။ ပြင်းထန်သည့် ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပေါ်လာခြင်းဖြင့် တချို့သူများအား ကိုယ်စားလှယ်လောင်းနေရာများကို အစားထိုးရယူမှုများဖြစ်ပေါ်စေကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ရဲတပ်ဖွဲ့များက ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်ရာပါတီများကို ငြိမ်ငြိမ်သက်သက်လှုပ်ရှားကြရန် တိုက်တွန်းပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ဂျိုးဘိုင်ဒင်လက်ထက် အမေရိကန်ရဲ့မူဝါဒတွေ ဘယ်လိုပြန်လည်ပုံဖော်မလဲ

**ခြူးစန္ဒီနွေး**

**နိုဝင်ဘာ ၇ ရက်မှာတော့ အမေရိကန်သမ္မတ ဘယ်သူဖြစ်လာမလဲဆိုတာကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစားနဲ့ စောင့်ကြည့်ခဲ့ကြပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေရော၊ ပြိုင်ဘက်နိုင်ငံတွေပါ အိမ်ဖြူတော်မှာဘယ်လိုမျိုးအပြောင်းအလဲတွေ ဖြစ်လာမလဲဆိုတာကို စတင်ခန့်မှန်းမှုတွေ ပြုလုပ်လာကြပါတယ်။ နောက်ပိုင်း အမေရိကန်နဲ့ ဘယ်လိုမျိုး အဆက်အဆံတွေ ပြုလုပ်ရမလဲဆိုတာ စိတ်ဝင်စားစရာအကောင်းဆုံး အကြောင်းပြချက် ဖြစ်လာခဲ့ပါတယ်။ အနိုင်ရရှိသွားတဲ့ ဂျိုးဘိုင်ဒင်နဲ့ ဒုတိယသမ္မတဖြစ်လာမယ့် ကာမလာဟားရစ် တို့အတွက် တစ်ကမ္ဘာလုံးကပေးပို့လိုက်တဲ့ ဂုဏ်ယူကြောင်း စာလွှာတွေဟာလည်း ဝင်လာမစဲ တသဲသဲပါပဲ။**



ဂျိုးဘိုင်ဒင်နှင့် ဒုတိယသမ္မတဖြစ်လာမည့် ကာမလာဟားရစ်

### ထရမ့်ကိုအားပေး

လန်ဒန်၊ ဘာလင်နဲ့ အခြားသော မြို့ကြီးတွေရဲ့ လမ်းမထက်မှာလည်း ဂျိုးဘိုင်ဒင်ကို ထောက်ခံသူတွေက အောင်ပွဲခံနေကြပါတယ်။ သမ္မတဒေါ်နယ်ထရမ့်ကတော့ ရွေးကောက်ပွဲမှာ မသမာမှုရှိတယ်ဆိုပြီး မဲရေတွက်မှုကို မယုံကြည်ဘူးဆိုကာ တွစ်တာပေါ်မှာ အမျိုးမျိုးရေးသားနေပါတယ်။ သမ္မတထရမ့်ရဲ့ လက်ဝဲစွန်းရောက် မဟာမိတ်တစ်ဦးဖြစ်တဲ့ အထူးသဖြင့် ဘရက်ဇစ်ပါတီ ခေါင်းဆောင် နိုင်ဂျယ်ဖယ်ရာ့ဂျ် ကတော့ ဆက်လက်တိုက်ပွဲဝင်သွားဖို့ ထရမ့်ကို အားပေးခဲ့ပြီး စာတိုက်ကပေးတဲ့ မဲတွေကြောင့်လို့ အပြစ်ဖို့ခဲ့ပါတယ်။

### ကာလရှည်စောင့်ခဲ့ရတဲ့အချိန်

ဂျိုးဘိုင်ဒင် အနိုင်ရရှိသွားတဲ့နောက် ကမ္ဘာ့အရပ်ရပ်က ခေါင်းဆောင်တွေရဲ့ ဂုဏ်ပြုကြောင်းစကားတွေ ဘယ်အချိန်အထိ ရောက်နေဦးမယ်ဆိုတာ အတိအကျမသိရပေမယ့် ထရမ့်နဲ့ အဆင်မပြေတဲ့ နိုင်ငံတွေအတွက်ကတော့ ဒီသတင်းဟာ ကာလရှည်ကြာစောင့်ခဲ့ရတဲ့ အချိန်ကာလပါပဲ။ ထရမ့်ရဲ့ တစ်ဖက်သတ်ဆန်မှုနဲ့ အမေရိကန်သာ ပထမဦးစားပေးဆိုတဲ့ လူကြိုက်များစေတဲ့ ကြွေးကြော်သံဟာ အမေရိကန်ကို ဆန်းသစ်စေမယ်လို့ အများစုကယုံကြည်ကြပါတယ်။ တစ်ကမ္ဘာလုံးဆိုင်ရာအမေရိကန်ရဲ့ ဦးဆောင်မှုနဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ တစ်မူထူးလာမယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမက်စ် ကတော့ နောက်လာမယ့် အမေရိကန်အစိုးရသစ်နဲ့ ဆက်လက်လုပ်ကိုင်သွားဖို့ မျှော်လင့်နေတယ်လို့ ပြောပါတယ်။ စာချုပ်သစ်တွေချုပ်ဆိုဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ပြုလုပ်ဖို့ မျှော်လင့်နေတယ်လို့ ပြောပါတယ်။

### ဗြိတိန်ဝန်ကြီးချုပ်ရဲ့ဂုဏ်ပြုစကား

သမ္မတ ထရမ့်ဟာ အခုအချိန်အထိ ဂျိုးဘိုင်ဒင်ရဲ့ အနိုင်ရရှိသွားမှုကို အသိအမှတ်ပြုပြောကြားခြင်း မရှိသေးပေမယ့် နိုင်ငံရပ်ခြားက ခေါင်းဆောင်တွေကတော့ ဂျိုးဘိုင်ဒင်နဲ့ ဒုတိယသမ္မတ ဖြစ်လာမယ့် ကာမလာဟားရစ်ကို ဂုဏ်ယူကြောင်း ပြောကြားဖို့ နှောင့်နှေးမနေကြပါဘူး။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကလည်း ဂုဏ်ယူကြောင်း ပြောကြားခဲ့ပါတယ်။ အမေရိကန်ဟာ ဗြိတိန်ရဲ့ အဓိကအရေးကြီးတဲ့ မဟာမိတ်နိုင်ငံဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု၊ ကုန်သွယ်ရေးနဲ့ လုံခြုံရေးကိစ္စတို့မှာ နီးကပ်စွာ အတူတကွ အလုပ်လုပ်နိုင်ဖို့ မျှော်လင့်တယ်လို့ ဘောရစ်ဂျွန်ဆင်က ဂုဏ်ပြုကြောင်း သတင်းစကားပါးခဲ့ပါတယ်။

### ကမ္ဘာ့နိုင်ငံအသီးသီး၏ ဂုဏ်ပြုစကား

ပိုလန်နိုင်ငံရဲ့ လက်ယာယိမ်း သမ္မတ အန်းဒရက် ဒူဒါကတော့ သမ္မတ ထရမ့်နဲ့ နိုင်ငံရေးမဟာမိတ်တစ်ဦးပါပဲ။ သူကလည်း အခုအခါမှာတော့ ဂျိုးဘိုင်ဒင်ကို ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။ ဟားရစ်မိသားစုရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ အိန္ဒိယနိုင်ငံတောင်ပိုင်းမှာလည်း သူ့အတွက် ဂုဏ်ယူပွဲကျင်းပခဲ့ကြပါတယ်။ ဘိုင်ဒင်ရဲ့ ဘိုးဘွားတွေ ဇာတိဖြစ်တဲ့ အိုင်ယာလန်မှာလည်း ဘိုင်ဒင်အတွက် ဂုဏ်ယူကြောင်း လူတွေစုဝေးပြီး ကြွေးကြော်ခဲ့ကြပါတယ်။ ကနေဒါ၊ ပြင်သစ်၊ ဇင်ဘာဘွေ၊ ယူကရိန်းနိုင်ငံတို့အပါအဝင် ကမ္ဘာ့ခေါင်းဆောင် အသီးသီးဟာလည်း ဘိုင်ဒင်နဲ့ အလုပ်တွဲလုပ်ဖို့ စိတ်အားထက်သန်လျက် ရှိတယ်ဆိုပြီး ဂုဏ်ပြုစကား ဆိုခဲ့ကြပါတယ်။

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ခပ်ခွာခွာ

ကမ္ဘာ့နိုင်ငံရေးကိစ္စတွေမှာ အမျိုးသားနိုင်ငံရေးရဲ့ အကျိုးဆက်ဆိုးတွေကို ဘိုင်ဒင်ရဲ့ အတွေ့အကြုံများနဲ့ ကိုင်တွယ်ဖြေရှင်းသွားဖို့ မျှော်လင့်တယ်လို့ နိုင်ဂျီးရီးယားသမ္မတ မူဟာမက်ဒူ ဘူဟာရီက ပြောပါတယ်။ အမေရိကန်ရဲ့ပြိုင်ဘက် အချို့ကတော့ မတူကွဲပြားစွာ တုံ့ပြန်ခဲ့ကြပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါကို သမ္မတ ထရမ့်နဲ့ မတူကွဲပြားတဲ့ ပုံစံနဲ့ ကိုင်တွယ်ဖြေရှင်းမယ်လို့ ဘိုင်ဒင်က ပြောကြားခဲ့ဖူးပါတယ်။ သမ္မတထရမ့် လက်ထက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ခပ်ခွာခွာဖြစ်သွားသလို ပြည်တွင်းမှာလည်း သေဆုံးမှုပမာဏဟာ အမြင့်ဆုံးအခြေအနေနဲ့ ကြုံတွေ့နေရပါတယ်။

### ကတိပြုထား

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကနေ အမေရိကန်ကို ထရမ့်က ဆွဲထုတ်သွားပြီးတဲ့နောက် ဘိုင်ဒင်က သူသာသမ္မတဖြစ်ခဲ့ရင် ပထမဆုံး ရုံးတက်ရက်မှာပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းကို ပြန်လည်ဝင်ရောက်မယ်လို့ ကတိပြုပြောထားတာရှိပါတယ်။ အိမ်ဖြူတော်မှာ စတင် တာဝန်ထမ်းဆောင်တဲ့အခါ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားမလဲဆိုတာကလည်း နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ အချက်ပါပဲ။

**“ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ အမေရိကန်ကို ထရမ့်က ဆွဲထုတ်သွားပြီးတဲ့နောက် ဘိုင်ဒင်က သူသာသမ္မတဖြစ်ခဲ့ရင် ပထမဆုံး ရုံးတက်ရက်မှာပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းကို ပြန်လည်ဝင်ရောက်မယ်လို့ ကတိပြုပြောထားတာရှိပါတယ်။ အိမ်ဖြူတော်မှာ စတင်တာဝန်ထမ်းဆောင်တဲ့အခါ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဘယ်လိုကိုင်တွယ် ဖြေရှင်းသွားမလဲဆိုတာကလည်း နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ အချက်ပါပဲ”**

### အခြေအနေမလှခဲ့

နောက်ပြီး ထရမ့်ချမှတ်ထားတဲ့ မူဝါဒတွေမှာလည်း စောဒကတက်စရာတွေ အများကြီးပါပဲ။ ဂျိုးဘိုင်ဒင်ရဲ့ အစိုးရအဖွဲ့ကသာ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အခုအချိန်ထက်ပိုပြီး မျက်နှာသာပေးခဲ့မယ်ဆိုရင် အမေရိကန်မှာ အလုပ် လုပ်ခွင့်ပေးတဲ့ ရွှေ့ပြောင်းနေထိုင်သူ မဟုတ်တဲ့ အလုပ်သမားအရေအတွက်ဟာ အရင်ကလောက်များလာမှာ မဟုတ်ဘူးလို့ တိုင်းမ်စ် အော့ဖ် အိန္ဒိယမှ ဖော်ပြထားပါတယ်။

အိန္ဒိယမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုကတော့ ဒီမိုကရက်တစ်တွေက ပိုပြီးတော့ အားသန်လိမ့်မယ်လို့ ဖော်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးကတော့ နှစ်ပေါင်း ၄၀ အတွင်းမှာ အနိမ့်ဆုံးအခြေအနေပါပဲ။ ကုန်သွယ်ရေး၊ နည်းပညာ အငြင်းပွားမှုတွေကြားမှာ အခြေအနေ မလှခဲ့ပါဘူး။ ဘိုင်ဒင်ရဲ့ အနိုင်ရမှုဟာ အချို့သောကိစ္စရပ်တွေမှာ ဆက်လက်လုပ်ဆောင်နိုင်တာတွေနဲ့ ဆက်မလုပ်ဘဲ ရပ်တန့်လိုက်ရတာတွေ ဖြစ်လာနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

### စိတ်ဝင်တစားစောင့်ကြည့်နေကြ

ဒါပေမယ့်လည်း မဲရလဒ်နဲ့ ပတ်သက်ပြီး တရားရုံးမှာ ခုခံပြောဆိုသွားမယ်ဆိုတဲ့ ထရမ့်ရဲ့ ပြောကြားချက်ကြောင့် နိုင်ငံရေးလေ့လာသုံးသပ်သူတွေကို ကြောက်ရွံ့စေခဲ့ပါတယ်။ နောက်ပြီး ပါရီရာသီဥတုပြောင်းလဲရေး သဘောတူညီမှုကနေ ထရမ့်အစိုးရအဖွဲ့က နိုဝင်ဘာ ၄ ရက်တွင် တရားဝင်နုတ်ထွက်သွားပါပြီ။ ဂျိုးဘိုင်ဒင်ကတော့ သူသမ္မတဖြစ်လာတဲ့အခါ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုမှာ ပြန်လည်ပါဝင်လာမယ်လို့ ပြောကြားခဲ့ဖူးပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ရက်ပေါင်း ၃၀ ကြာပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးကို စာရေးသားပေးပို့ပါက ပါရီသဘောတူညီမှုမှာ ပြန်လည်ပါဝင်လာနိုင်မယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ အဲဒါကြောင့် ဂျိုးဘိုင်ဒင်လက်ထက်မှာ အမေရိကန်ရဲ့ မူဝါဒတွေကို ဘယ်လိုပြန်လည်ပုံဖော်မလဲဆိုတာကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြပါတယ်။ ။

**ကိုးကား - ဝါရှင်တန်ပို့စ်**

# ကျွန်တော်နှင့် ကမ္ဘာ့စာရင်းအင်းနေ့ ၂၀၂၀

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်



အောက်တိုဘာလ ၂၀ ရက်နေ့ကို ကုလသမဂ္ဂအဖွဲ့အစည်းက ကမ္ဘာ့စာရင်းအင်းများနေ့အဖြစ် ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး သတ်မှတ်ခဲ့ပါတယ်။ တစ်နှစ်တစ်ကြိမ် ကျင်းပတာ မဟုတ်ဘဲ ငါးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်တယ်။ အခုအကြိမ်ဟာ သုံးကြိမ်မြောက် အခမ်းအနားဖြစ်ပါတယ်။ ဒီပွဲကျင်းပဖို့ စီစဉ်ဆောင်ရွက်တဲ့ ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့အစည်းမှာ အစီအစဉ်ကျွမ်းကျင်သူ ဒေါ်ယုမြတ်မွန်က ကျွန်တော့်ကို စကားဝိုင်းဆွေးနွေးပွဲမှာ သဘာပတိအဖြစ် တာဝန်ယူပေးဖို့ ကမ်းလှမ်းလာခဲ့တယ်။ ကျွန်တော်ကလည်း လိုလိုချင်ချင် သဘောတူလိုက်တယ်။ ကျွန်တော့်ရဲ့ အခြေခံကျွမ်းကျင် အထူးပြုဘာသာရပ်က စီမံခန့်ခွဲမှုဖြစ်ပေမယ့် ကိန်းဂဏန်းများနဲ့ပတ်သက်တာမို့ စာရင်းအင်းဘာသာနဲ့မစိမ်းခဲ့ဘဲ အကျွမ်းတဝင်ရှိခဲ့ပါတယ်။ ကျွန်တော်သည် ၁၉၈၉ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနၡ တာဝန်ယူစဉ် ဆရာကြီးဒေါက်တာ ဦးဖေသိန်းရဲ့ ကျေးဇူးကြောင့် သူတာဝန်ယူတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှာ အသစ်ဖွဲ့စည်းခဲ့တဲ့ စီမံကိန်းနဲ့ စာရင်းအင်းဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့ပါတယ်။ တစ်ဖက်မှာလည်း အမျိုးသားကျန်းမာရေးကော်မတီမှာ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ရပါတယ်။ ကျွန်တော့်ကို အခုလိုတာဝန်ပေးပြီး ဝန်ကြီးအနေနဲ့ ကျွန်တော့်အား ဦးစားပေးလုပ်ငန်းတွေ ရွေးချယ်ဖော်ထုတ်ဖို့ တာဝန်ပေးခဲ့ပါတယ်။

> “ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို တစ်ဦးကျဝင်ငွေ ပေတံနဲ့ တိုင်းတာကြတယ်။ ဒါပေမယ့် ဝင်ငွေပေတံတစ်ခုတည်း မလုံလောက်ဘဲ ကျန်းမာရေး၊ ပညာရေး၊ အဆင့်အတန်းကိုထည့်သွင်းဖို့ လိုအပ်ကြောင်း တင်ပြခဲ့တယ်။ အခုလို ရှုထောင့်သုံးခုမှ စိစစ်တဲ့အခါ ဖွံ့ဖြိုးမှုအဆင့်သည် ဝင်ငွေပေတံတစ်ခုတည်း အသုံးပြုမှုရတဲ့အဖြေနဲ့ မတူညီကြောင်း တွေ့ရှိရပါတယ်”

### ရရှိတဲ့ရက်၌ ကြေညာအသိပေး

ကျွန်တော့်အနေနဲ့ ထိုအချိန်ကပြည်သူ့သို့အစီရင်ခံစာထဲမှာ ပါဝင်ထည့်သွင်းထားတဲ့ (၅)နှစ်အောက်ကလေးများ သေဆုံးနှုန်းနဲ့ ပတ်သက်ပြီး ပြန်လည်ကောက်ယူစီစဉ်ဖို့ ဝန်ကြီးနဲ့ အမျိုးသားကျန်းမာရေးကော်မတီကို တင်သွင်းခဲ့ပြီး ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စာရင်းများကောက်ယူခဲ့ပါတယ်။ မကောက်ယူမီ သင်တန်းတွေ ပြုလုပ်ကျင်းပခဲ့တယ်။ ကိုယ်ကိုယ်တိုင် စာရင်းကောက်ယူမှုလုပ်ငန်းတွေကို ဦးစီးပြီး ဆောင်ရွက်ခဲ့တယ်။ နည်းပညာပိုင်းဆိုင်ရာ ပြီးပြည့်စုံမှုရှိအောင် အဘက်ဘက်မှ ကြိုးစားခဲ့ပါတယ်။ အခုလိုဆောင်ရွက်ခဲ့ပြီး ရရှိလာတဲ့ရလဒ်တွေကို တာဝန်ရှိသူများထံ တင်ပြခဲ့ပါတယ်။ ရရှိခဲ့တဲ့ကိန်းဂဏန်းတွေဟာ ပုံမှန်ထုတ်ဝေထားတာထက်တစ်ဆ များနေတာ တွေ့ရတယ်။ (၅)နှစ်အောက်ကလေးများ သေဆုံးမှုနှုန်းကို ကလေး (၁၀၀၀) အရှင်မွေးမှုအပေါ် အခြေခံပြီးတွက်ချက်တာဖြစ်ပါတယ်။ ပြည်သူ့သို့ အစီရင်ခံစာထဲမှာ (၄၉) လို့ ဖော်ပြခဲ့တယ်။ ကျွန်တော်တို့ ကောက်ယူရရှိတဲ့ ကိန်းဂဏန်းက (၉၄) ဖြစ်နေတာမို့ ဖော်ပြထားတာထက် အခြေအနေဆိုးတာ တွေ့ရတယ်။ အခုလိုတွေ့ရှိချက်တွေကို ထုတ်ပြန်ဖို့ တာဝန်ရှိသူများကိုတင်ပြရာမှာ ကျွန်တော့်ကို အားပေးခဲ့ပါတယ်။ အရှိအတိုင်း တင်ပြဖို့ ညွှန်ကြားခဲ့ပါတယ်။ သတ္တိရှိရှိသာတင်ပြဖို့ လမ်းညွှန်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ အခုလိုအားပေးမှုတွေကြောင့် ရရှိတဲ့ရလဒ်တွေကို ကြေညာအသိပေးနိုင်ခဲ့တယ်။ ခွင့်ပြုတဲ့ တာဝန်ရှိသူတွေကိုလည်း လေးစားမိတယ်။ ကျေးဇူးတင်ရှိပါတယ်။

အမှန်တော့ စာရင်းအင်းနဲ့ ပတ်သက်လာရင် နိုင်ငံရေးမကင်းနိုင်ပါဘူး။ စာရင်းအင်း အချက်အလက်တွေကို နိုင်ငံရေးအရောင်ဆိုးမှာသာ ဖြစ်ပါတယ်။ ကလေးများ သေဆုံးမှုဟာ ဖော်ပြခဲ့တဲ့စာရင်းအင်းတွေထက် တစ်ဆပိုနေတာဟာ အမှန်တော့ ထိမ်ချန်ပြီး လျှို့ဝှက်ထားရမယ့်အရာဖြစ်ပါတယ်။ အခုလိုတွေ့ရှိချက်တွေ တင်ပြရာမှာ အဘက်ဘက်မှ ပြစ်တင်ဝေဖန်ကြတယ်။ ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းတွေကို ဝေဖန်ထောက်ပြတဲ့ သဘောဖြစ်နေတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ အရှိကိုအရှိအတိုင်း တင်ပြရမယ်၊ ကွယ်ဝှက်ပြီး မထားသင့်ဘူး၊ စာရင်းကောက်တဲ့နေရာမှာနည်းပညာရှုထောင့်အရ လုံခြုံမှု၊ သေချာမှုရှိရင် အမှန်ကိုအမှန်အတိုင်း တင်ပြသင့်တယ်လို့ ခံယူပါတယ်။

ဒါပေမယ့် အခုလိုစဉ်းစားချက်တွေကို အများက လက်မခံလိုကြဘူး။ အစိုးရအပေါ် ပြစ်တင်ဝေဖန်မှုမျိုး မဖြစ်ဖို့၊ ထိန်းသိမ်းကာကွယ်ဖို့ တာဝန်ရှိတယ်လို့ မြင်ကြတယ်။ ပညာရှင်လို့ ပြောတဲ့သူတွေက မျက်နှာရအောင် စာရင်းတွေကိုလှအောင် ဖော်ထုတ်ကြတယ်။ ဒီလိုဆောင်ရွက်မှုဟာ ပညာရှင်မပီသဘူးလို့ ကျွန်တော်ကမြင်တယ်။ အမှန်တရားဘက်က ရပ်တည်နိုင်ဖို့ အရေးကြီးတာဖြစ်တယ်။ လူကြိုးကြိုက်လုပ်ဖို့ တာဝန်မရှိဘူးလို့ မြင်မိတယ်။ စာရင်းအင်းအချက်အလက်တွေဟာ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ်လည်း မူတည်နေတာတွေ့ရတယ်။ ကျွန်တော်မှတ်မိတာ တစ်ခုရှိပါတယ်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ရုံးချုပ်ရှိတဲ့ နယူးယောက်မြို့မှာ တာဝန်ယူရင်း သုတေသနစာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့တယ်။ ရရှိထားတဲ့ စာရင်းအချက်အလက်တွေ အသုံးချပြီး မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေကို တင်ပြခဲ့တယ်။ စီးပွားရေးအရ အခြေအနေမကောင်းလှပေမယ့် လူမှုရေးအဆင့်အတန်း မနိမ့်ကျမှုကို တင်ပြခဲ့တယ်။ ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို တစ်ဦးကျဝင်ငွေ ပေတံနဲ့ တိုင်းတာကြတယ်။ ဒါပေမယ့် ဝင်ငွေပေတံတစ်ခုတည်း မလုံလောက်ဘဲ ကျန်းမာရေး၊ ပညာရေး၊ အဆင့်အတန်းကိုထည့်သွင်းဖို့ လိုအပ်ကြောင်း တင်ပြခဲ့တယ်။ အခုလို ရှုထောင့် သုံးခုမှ စိစစ်တဲ့အခါ ဖွံ့ဖြိုးမှုအဆင့်သည် ဝင်ငွေပေတံတစ်ခုတည်း အသုံးပြုမှုရတဲ့အဖြေနဲ့ မတူညီကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်ရဲ့စာတမ်းကို ဝေဖန်ကြတယ်၊ ပြစ်တင်ကြတယ်။ ၁၉၉၄ ကာလရဲ့ နိုင်ငံရေး အခြေအနေတွေကြောင့် ဖြစ်တာကို နားလည်သဘောပေါက်မိခဲ့ပါတယ်။ ကျွန်တော်ရဲ့ ရည်ရွယ်ချက်က ဖွံ့ဖြိုးမှုကို တိုင်းတာရာမှာ ဝင်ငွေပေတံတစ်ခုတည်း မပြည့်စုံမှုကို ဖော်ထုတ်ချင်ပေမယ့် နိုင်ငံရေးနဲ့ တွဲစဉ်းစားရာမှာ အဓိပ္ပာယ်တစ်မျိုး ကောက်ယူနိုင်တဲ့အတွက် အခုလိုဖြစ်ကြောင်း သဘောပေါက်မိပါတယ်။

### အမျိုးသားစီမံကိန်းရေးဆွဲ

ဒုတိယဦးစားပေးအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ အကြောင်းကတော့ လူဦးရေတိုးတက်မှုနဲ့ ပတ်သက်ပြီး အစီအစဉ်ဖော်ထုတ်မှုဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ မိသားစုစီမံချက်ကို ခေတ်အဆက်ဆက်က ခွင့်မပြုခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့တော့ ရှိသင့်တယ်လို့ ယူဆမိတယ်။ အချက်အလက် ပြည့်စုံနိုင်ဖို့ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ကို သွားရောက်ခဲ့ပြီး အကောင်အထည်ဖော်နေတဲ့ အစီအစဉ်တွေ၊ စီမံကိန်းတွေကို လေ့လာခဲ့ပါတယ်။ တစ်ဖက်၌လည်း လူဦးရေစီမံမှုနဲ့ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ပညာရှင်များနဲ့ဆက်သွယ်ပြီး ကွန်ပျူတာပုံစံငယ်တွေ တည်ဆောက်ခဲ့ပါတယ်။ စာရင်းအင်းနဲ့သတင်းအချက်အလက်တွေ ပြည့်စုံအောင်စုစည်းပြီး တာဝန်ရှိတဲ့သူတွေထံ တင်ပြခဲ့တယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို လက်ခံခဲ့တဲ့အတွက် သားဆက်ခြား အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ တတိယဦးစားပေးအနေနဲ့ အမျိုးသားစီမံကိန်း ရေးဆွဲမှုဖြစ်တယ်။ ဝန်ကြီးတွေအနေနဲ့ခွင့်ပြုပြီး အမျိုးသားကျန်းမာရေးကော်မတီက လမ်းညွှန်မှုတွေ ပေးခဲ့ပါတယ်။ အခုလို ကျန်းမာရေး စီမံကိန်းရေးဆွဲရာမှာ အခြေခံက စာရင်းအင်းအချက်အလက်တွေသာ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်ယူခဲ့တဲ့ ဦးစီးဌာနအနေနဲ့ ကျန်းမာရေးစာရင်းအင်းကို တာဝန်ယူတဲ့အတွက် တိကျမှန်ကန်ဖို့ အလွန်အရေးကြီးလှပါတယ်။ အခြေခံစဉ်းစားချက်အနေနဲ့ စာရင်းအင်းအချက်အလက်များ မှန်ကန်မှုနဲ့ ပတ်သက်ပြီး စာရင်းအင်းကောက်ယူသူအနေနဲ့ ကောက်ယူတဲ့စာရင်းအချက်အလက်များကို ကိုယ်တိုင်အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ ကောက်ယူတဲ့ စာရင်းအချက်အလက်တွေကို အထက်အဆင့်ဆင့်တင်ပြဖို့သာ ရည်ရွယ်ပါက ကောက်ယူသူအနေနဲ့ စာရင်းအင်းအချက်အလက်များမှန်ကန်မှုကို ဦးစားပေးဆောင်ရွက်မှာ မဟုတ်ကြောင်း သတိပြုရမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့အတွက် အခမ်းအနားကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်မိန့်ခွန်းပြောခဲ့ပါတယ်။ ဆက်လက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ သဝဏ်လွှာဖတ်ကြားပြီး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ဆောင်ရွက်လျက်ရှိတဲ့လုပ်ဆောင်ချက်များကို ပြည့်စုံစွာဖော်ထုတ်ခဲ့ပါတယ်။

### သတ်မှတ်ထားချိန်အတွင်း တင်ပြ

စကားဝိုင်းဆွေးနွေးပွဲကို ကျွန်တော့်အနေနဲ့ သဘာပတိအဖြစ် တာဝန်ယူခဲ့တာမို့ ကြိုတင်ပြီး ပါဝင်တဲ့သူတွေနဲ့ ညှိနှိုင်းခဲ့ပါတယ်။ အမြဲကြုံတွေ့ရတဲ့ စိန်ခေါ်မှုက အချိန်ဖြစ်တယ်။ သတ်မှတ်ထားတဲ့ အချိန်ကန့်သတ်ချက်အတွင်း ပြောစရာ၊ ဆွေးနွေးစရာတွေကို ပြည့်စုံအောင် ဆွေးနွေးနိုင်ဖို့ အလွန်သတိထားရပါတယ်။ သဘာပတိလုပ်ရတဲ့သူရဲ့ တာဝန်ဟာလည်း ကြီးမားလှပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ကနားလည်ပေးဖို့ သတ်မှတ်ထားတဲ့အချိန်အတွင်း တင်ပြစရာတွေကို ပြောနိုင်ဖို့ ညှိနှိုင်းခဲ့ပါတယ်။

စကားဝိုင်းမှာ ပါဝင်ကြသူတွေက အလွန်သင့်တော်ပြီး အရည်အချင်းပြည့်တဲ့သူတွေ ဖြစ်ကြတယ်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့ရဲ့ဆောင်ပုဒ်၏ အနှစ်သာရကတော့ စိတ်ချယုံကြည်ရမယ့် စာရင်းအချက်အလက်တွေနဲ့ ထိတွေ့ဆက်ဆံဖို့ဖြစ်တယ်။ စကားဝိုင်းဆွေးနွေးပွဲခေါင်းစဉ်အနေနဲ့ အမျိုးသားအဆင့်စာရင်းအင်းအချက်အလက်များ ပြုစုသောစနစ်ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းဖြစ်တယ်။ ဆွေးနွေးမှု ပါဝင်ကြသူများက ဗဟိုစာရင်းအင်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် ဖြစ်ပါတယ်။ သူ့အနေနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုယ်စားပြုဆွေးနွေးသူဖြစ်တယ်။ ဥပဒေပြု မဏ္ဍိုင်ကို ကိုယ်စားပြုဆွေးနွေးသူက ရန်ကုန်မြို့ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ မြန်မာပြည်မှာ အခြေစိုက်တဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေကိုယ်စား ဆွေးနွေးသူကတော့ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့မှ ဒေါ်ယုမြတ်မွန်ဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု ဆွေးနွေးသူကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အလွန်အရေးပါလှတဲ့ မီဒီယာကဏ္ဍကို ကိုယ်စားပြုဆွေးနွေးသူက ဦးဇေယျာသူဖြစ်ပါတယ်။ သူကစာနယ်ဇင်းလောကမှာ ထင်ရှားတဲ့လူတစ်ဦးဖြစ်ပါတယ်။ ပညာရှင်များကို ကိုယ်စားပြုဆွေးနွေးသူက မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း ဖြစ်ပါတယ်။

### စာရင်းအင်းအချက်အလက်များ တင်ပြဆွေးနွေး

အခုလိုကဏ္ဍပေါင်းစုံက ပုဂ္ဂိုလ်ခြောက်ဦးပါဝင်တဲ့ စကားဝိုင်းဆွေးနွေးပွဲမှာ သဘာပတိ လုပ်ခွင့်ရတာကို ကျွန်တော်က ဂုဏ်ယူမိတယ်၊ ကျေနပ်မိပါတယ်။ စာရင်းအချက်အလက်များနဲ့ ပတ်သက်ပြီး မိမိနဲ့သက်ဆိုင်တဲ့ အပိုင်းမှ ပြည့်စုံစွာ တင်ပြဆွေးနွေးကြပါတယ်။ စာရင်းအင်းအချက်အလက်များကို ကောက်ယူပြုစုမှု ရှုထောင့်မှ ဆွေးနွေးကြသလို စာရင်းအင်းအချက်အလက်များအား အသုံးချပုံကိုလည်း တင်ပြဆွေးနွေးကြပါတယ်။ ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရတဲ့ကိစ္စက သတ်မှတ်ချိန်အတွင်း စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပေးထားတဲ့အချိန်ကို လေးစားကြသလို တစ်ဖက်မှာလည်း ပြောစရာရှိသမျှကို ပြည့်စုံစွာတင်ပြပေးခဲ့ကြပါတယ်။

အမှန်တော့ ပုဂ္ဂိုလ်ခြောက်ဦးကိုယ်စားပြုတဲ့ကဏ္ဍခြောက်ခုဟာ နိုင်ငံတစ်နိုင်ငံမှာ မရှိမဖြစ် အရေးပါလှတဲ့ ကဏ္ဍတွေ ဖြစ်ကြပါတယ်။ အွန်လိုင်းကနေ ဆွေးနွေးရတဲ့ အနေအထားကြောင့် အမေးအဖြေကဏ္ဍကို နဂိုပုံစံအတိုင်း မဆောင်ရွက်နိုင်ခဲ့ပါဘူး။ မေးခွန်းမေးမြန်းမှုတွေကို စုစည်းထားပြီး ပြန်လည်ဖြေကြားနိုင်အောင် ကြိုးစားဖို့ စီစဉ်ထားပါတယ်။ စကားဝိုင်းဆွေးနွေးပွဲအပြီးမှာ အခမ်းအနားရဲ့ နိဂုံးချုပ်မိန့်ခွန်းကို ညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ပြောကြားခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ စကားဝိုင်းဆွေးနွေးပွဲကို စတင်ရာမှာ စာရင်းအင်းနဲ့ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရမယ့် အဆင့်လေးဆင့်ကို တင်ပြခဲ့ပါတယ်။ ပထမအဆင့်ကတော့ စာရင်းအင်းအချက်အလက် (Data) ဖြစ်ပါတယ်။ ဒီစာရင်းအင်းအချက်အလက်များကို ယုံကြည်စိတ်ချမှုရှိအောင် အရည်အသွေးပြည့်အောင် ကောက်ယူပြုစုရမှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ကောက်ယူထားတဲ့ စာရင်းအင်းအချက်အလက်များကို စိစစ်တွက်ချက်ပြီး အဆုံးအဖြတ်ပေးရာ၌ အသုံးဝင်တဲ့သတင်းအချက်အလက် (Information) အဖြစ် ပြောင်းလဲဖို့လိုအပ်ပါတယ်။ တတိယအဆင့်အနေနဲ့ သတင်းအချက်အလက်များအား အသိ (Knowledge) အဖြစ် အသုံးချပြီး နောက်ဆုံးအဆင့်အနေနဲ့ အသိမှပညာ (Wisdom) အဖြစ် ပြောင်းလဲဖို့ လိုအပ်ကြောင်း တင်ပြခဲ့ပါတယ်။

နောက်ငါးနှစ် ၂၀၂၅ ခုနှစ်မှာ ကျင်းပမယ့် ကမ္ဘာ့စာရင်းအင်းနေ့ကို ယခုအချိန်မှစပြီး ကြိုဆိုနေမိပါတယ်။

---

## ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ဆိပ်ဖြူ နိုဝင်ဘာ ၈** – မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာငါးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၃ သန်းဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဝဲမကျေးရွာ၌ အနက်ပေ ၅၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ထိန်ကန်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ခရေချောင်းတဲတိုက်နှင့် ညောင်ပင်လယ်ပွဲတဲတိုက်တို့၌ အနက်ပေ ၉၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ သပိတ်သဘင်တဲတိုက်၌ အနက်ပေ ၆၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း စသည့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၎င်းကျေးရွာ ငါးရွာအနက် ရေရရှိရေးတိုင်းတာရန် လိုအပ်သော ကျေးရွာများကို ရေရရှိရေးတိုင်းတာထားရှိပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၄၆၂ အိမ်၊ လူဦးရေ ၂၂၇၅ ဦး တို့အတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်များပါ အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က ပြောသည်။

**ဟေမာမြင့်(ကျေးလက်)**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအား ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား(ဒါးပိန်-သပြု)ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆားတလင်း- ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြု- ရှမ်းကံ- ကဝလမ်းအား ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြစ်ကူးတံတား (ဒါးပိန်- သပြု) ဖွင့်ပွဲအခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်( ကိုယ်စား) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က အမှာစကားပြောကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာနှင့် ကဝမြို့နယ် သပြုကျေးရွာတို့မှ ဒေသခံတစ်ဦးစီက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု ) ကျောက်စာကို ရန်ကုန်တိုင်းဒေသကြီးဘက်ခြမ်း၌ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးဘက် အခြမ်း၌ ဝန်ကြီး ဦးညွန့်ရွှေတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

အဆိုပါတံတားအား ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်၌ စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၁၀၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေသုံးလက်မစီပါဝင်သည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ကုန်ကျမှုတန်ဖိုးမှာငွေကျပ်သန်း ၅၈၀၀ ဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် လှည်းကူးမြို့နယ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့ ၁၀ မှတာဝန်ယူ တည်ဆောက်သည့် ဂျိုးဂျိုးကျ - ဘိုရင်ကလေး နှင့် ဘိုရင်ကလေး - ကင်ပွန်းခြံ ကျေးရွာချင်းဆက် ငမိုးရိပ်ချောင်းကူးတံတား နှစ်စင်းတည်ဆောက်ပြီးစီးမှုနှင့် မြေသားလမ်းများ ကွန်ကရစ်လမ်းခင်းမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် အရှည်ပေ ၉၈၀၀၊ အကျယ် ၁၂ ပေရှိ စာဘူးတောင်းရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကမ္ပည်းကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပဲခူးမြစ်ကူးတံတား(ဒါးပိန်-သပြု) ကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# မကွေးတိုင်းဒေသကြီး ဆေးရုံကြီးကို ခုတင် ၂၀၀ မှ ၅၀၀ သို့ အဆင့်မြှင့်လိုက်သည့်အတွက် ကုသရေးပိုင်း ပိုမိုအားကောင်းလာတော့မည်

**မကွေး နိုဝင်ဘာ ၈**

ကုသရေးဦးစီးဌာန(နေပြည်တော်)က အောက်တိုဘာ ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး ဆေးရုံကြီးကို ခုတင် ၂၀၀ မှ ၅၀၀ သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီး အဆိုပါ ခွင့်ပြုချက်ကြောင့် ကုသရေးပိုင်းတွင် ပိုမိုကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

“ ခုတင် ၅၀၀ အဆင့်မြှင့်လိုက်တဲ့အကြောင်းက ဦးနှောက်နဲ့အာရုံကြော၊ ကျောက်ကပ်နဲ့ ပတ်သက်တာ၊ ကင်ဆာအတွက် ဓာတ်ရောင်ခြည် ကုသရေးလုပ်ငန်းတွေကို အဆင့်မြှင့်ပေးချင်တာပါ။ ဒီလုပ်ငန်းတွေအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျွမ်းကျင်ပညာရှင်တွေ ခန့်ထားပေးရင် မကွေးမြို့ကြီးအတွက် ပိုကောင်းလာမှာပါ။ ကင်ဆာကု တွေ၊ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ကုတွေ ဒါမျိုးတွေကို မန္တလေး၊ ရန်ကုန်နဲ့ နေပြည်တော်ကို သွားစရာမလိုဘဲနဲ့ လုပ်နိုင်မှာပါ” ဟု တိုင်းဒေသကြီး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းဝင်းဌေးက ပြောသည်။

ယင်းဆေးရုံကြီး ဝင်းအတွင်း၌ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ပံ့ပိုးမှုများဖြင့် တည်ဆောက်ခဲ့သည့် ငါးထပ်တိုးချဲ့ဆောင်ကြီးနှင့် ဂျပန်နိုင်ငံ(JICA) မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ သန်းတန်သားဖွားမီးယပ်နှင့် မွေးကင်းစကလေး ကုသဆောင် (သုံးထပ်အဆောက်အအုံ)မှာ တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (ဓါတ်ပုံ)



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက “ ခုမြင်ရတာက ဂျပန်ပြည်သူတွေရဲ့ စေတနာနဲ့ ဆောက်လုပ်လှူဒါန်းထားတဲ့ မွေးကင်းစနဲ့ သားဖွား၊ မီးယပ်ဆေးရုံအသစ်ပါ။ နှစ် ၅၀ ခန့်ကြာမြင့်ပြီဖြစ်တဲ့ လက်ရှိတိုင်းဆေးရုံအဟောင်းကိုလည်း ယခုဆေးရုံအသစ်ကဲ့သို့ ပြန်လည်တည်ဆောက် ပေးနိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်” ဟူသည့် စာနှင့် ဂျပန်ကလှူသည့် ဆေးရုံအသစ်ပုံတို့ကိုတွဲ၍ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးတင်ခဲ့သည်။

**ဇေယျတု(မကွေး)**

# ချောက်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်

**ချောက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၉၂ ဒသမ ၄၅ သန်းအသုံးပြုကာ ကျေးရွာ ၁၂ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသည့်သောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၂၁၇ ဒသမ ၂၅ သန်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၇၅ ဒသမ ၂ သန်း စုစုပေါင်းငွေကျပ် ၂၉၂ ဒသမ ၄၅ သန်းဖြင့် စက်ရေတွင်းခြောက်တွင်း တူးဖော်ခြင်း၊ မြေသားရေကန်ခြောက်ကန်တိုးချဲ့တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းခြောက်ခုနှင့် အလျား ၁၀ ပေ၊အနံရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံခြောက်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောသည်။

ချောက်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း သောက်သုံးရေရှားပါးသော ကျေးရွာခြောက်ရွာကို တွင်းနက်စက်ရေတွင်းသစ် သုံးတွင်းတူးဖော်ခြင်း၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတစ်ခုနှင့် အခြားရေရရှိရေးလုပ်ငန်းနှစ်ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ ဒသမ ၁၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဆိပ်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေဖြင့်ဒေသခံပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်စေရန် ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်စေရေးအတွက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေမှ အတိုးရငွေကျပ် ၇ ဒသမ ၅ သန်း၊ လွှတ်တော်ရန်ပုံငွေ ကျပ် ၄ ဒသမ ၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၄ ဒသမ ၂၈၃ သန်းတို့ဖြင့် အရှည်ပေ ၇၉၂၀ ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာအကူအညီ၊ ကျေးရွာသူ/ ကျေးရွာသားများပူးပေါင်းပါဝင်မှုတို့ဖြင့် ဩဂုတ် တတိယပတ်က စတင်ဆောင်ရွက်ပြီး ယခုအခါ အဆိုပါလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါထန်းချောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာနှစ်က စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး ယခုပဥ္စမမြောက်စက်ဝန်းတွင် မြစိမ်းရောင် အတိုးရငွေဖြင့် ၄၀၀ ဗို့အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၅၂၄ ဦးတို့သည် အချိန်ပြည့် လျှပ်စစ်မီးသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဟေမာမြင့် (ကျေးလက်)**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှအဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁၃၃၂ | 13008.313.3.2.111 | Htun Nay Wun Thitsar | ၁၉၂ | ၂၂,၃၇၈,၀၀၀.၀၀ |
| ၁၃၃၃ | 13008.313.4.2.10 | SAIFORM | ၁,၇၄၆ | ၉၉,၂၂၀,၈၀၀.၀၀ |
| ၁၃၃၄ | 13008.313.4.2.77 | Gread-OneMyanmarCo.,Ltd | ၄၈၀ | ၂၇,၆၉၆,၀၀၀.၀၀ |
| ၁၃၃၅ | 13008.313.4.2.122 | RUI_NING myanmar | ၇၃၄ | ၄၃,၂၁၄,၄၀၀.၀၀ |
| ၁၃၃၆ | 13001.37.8.2.24 | လှျံတက် | ၇ | ၄၀၃,၂၀၀.၀၀ |
| ၁၃၃၇ | 13008.313.7.2.141 | ရွှေဗိုင်းဖြူ ကုမ္ပဏီ | ၃၁ | ၂,၁၁၄,၈၀၀.၀၀ |
| ၁၃၃၈ | 13009.34.2.2.14 | ငွေတောင် တရုတ်အစားအစာ | ၁၃ | ၁၁၆,၀၀၀.၀၀ |
| ၁၃၃၉ | 13009.34.5.2.22 | MOTTAMA DEVELOPMENT GROUP CO.,LTD | ၆၁ | ၇,၀၅၆,၂၁၀.၈၀ |
| ၁၃၄၀ | 13009.34.5.2.41 | Safety Station Group | ၅ | ၄၃၈,၀၀၀.၀၀ |
| ၁၃၄၁ | 13009.34.6.2.21 | The One Entertainment Park Co,Ltd | ၄ | ၂၆၀,၀၀၀.၀၀ |
| ၁၃၄၂ | 13009.34.6.2.68 | PRM (119) | ၆ | ၃၂၀,၈၀၀.၀၀ |
| ၁၃၄၃ | 13009.34.6.2.79 | Red Grapes Co.Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၃၄၄ | 13009.34.6.2.87 | Yoma German Motor Ltd. | ၂၅ | ၂,၉၁၀,၅၀၀.၀၀ |
| ၁၃၄၅ | 13009.34.6.2.90 | A & M Myanmar Co.Ltd | ၁၃ | ၁,၄၂၀,၀၀၀.၀၀ |
| ၁၃၄၆ | 13009.34.6.2.109 | Iconic Samsung Services | ၃၉ | ၂,၃၃၁,၂၀၀.၀၀ |
| ၁၃၄၇ | 13009.34.7.2.4 | iGenesis Technologies Limited | ၆၄ | ၆,၉၉၅,၄၃၉.၂၀ |
| ၁၃၄၈ | 13009.34.7.2.15 | NAING Group Building Maintenance Co.,ltd | ၄၆ | ၂,၈၅၈,၀၀၀.၀၀ |
| ၁၃၄၉ | 13009.34.7.2.18 | Naing Goup Time Square Trading Co.Ltd | ၂၈ | ၂,၃၂၀,၀၀၀.၀၀ |
| ၁၃၅၀ | 13009.34.7.2.19 | KM Global Co.Ltd | ၁၃ | ၈၁၂,၀၀၀.၀၀ |
| ၁၃၅၁ | 13009.34.7.2.29 | ပွင့်ဖူးအောင် Co.Ltd | ၄ | ၂၈၀,၀၀၀.၀၀ |
| ၁၃၅၂ | 13009.34.7.2.44 | NS Engineering Co.Ltd | ၁၀ | ၁,၁၄၈,၀၀၀.၀၀ |
| ၁၃၅၃ | 13009.34.7.2.65 | Center for Vocational Training/CVT Myanmar | ၆၄ | ၃,၉၂၄,၀၀၀.၀၀ |
| ၁၃၅၄ | 13009.34.7.2.72 | Asia Time Co,Ltd | ၁၉ | ၁,၃၀၈,၀၀၀.၀၀ |
| ၁၃၅၅ | 13009.34.7.2.79 | 315 Security Service Co.,Ltd | ၂၂ | ၁,၂၀၄,၈၀၀.၀၀ |
| ၁၃၅၆ | 13009.34.7.2.80 | NESIC (THAILAND ) | ၁၈ | ၂,၁၆၀,၀၀၀.၀၀ |
| ၁၃၅၇ | 13009.34.7.2.83 | Global Air & Sea Travels & Tours Co.,Ltd. | ၆ | ၆၄၀,၀၀၀.၀၀ |
| ၁၃၅၈ | 13009.34.7.2.85 | Golden A Plus Co.,Ltd | ၈ | ၆၉၂,၀၀၀.၀၀ |
| ၁၃၅၉ | 13009.34.7.2.93 | Nice Style Travel &Tours | ၃၁ | ၃,၃၈၀,၀၀၀.၀၀ |
| ၁၃၆၀ | 13009.34.7.2.95 | Chubb Life Co,Ltd | ၃၅ | ၄,၂၀၀,၀၀၀.၀၀ |
| ၁၃၆၁ | 13009.34.7.2.107 | ဒို့တာဝန်မိသားစုအိမ်ဆောက်ပစ္စည်း | ၁၂ | ၇၁၆,၀၀၀.၀၀ |
| ၁၃၆၂ | 13009.34.7.2.111 | Fecon Trung Chinh Myanmar Construction Co.,Ltd | ၃၉ | ၄,၆၂၈,၀၀၀.၀၀ |
| ၁၃၆၃ | 13009.34.7.2.116 | Growval Myanmar Limited | ၁၂ | ၁,၄၄၀,၀၀၀.၀၀ |
| ၁၃၆၄ | 13009.34.7.2.117 | Zeniton 2 | ၂၃ | ၂,၅၄၂,၀၀၀.၀၀ |
| ၁၃၆၅ | 13009.34.7.2.127 | Asian Unity Myanmar | ၃၉ | ၄,၆၈၀,၀၀၀.၀၀ |
| ၁၃၆၆ | 13009.34.7.2.141 | P.P C.S Co.,Ltd | ၄၀ | ၃,၇၇၂,၈၀၀.၀၀ |
| ၁၃၆၇ | 13009.34.7.2.144 | Unity Co.,Ltd | ၁၀ | ၆၄၀,၀၀၀.၀၀ |
| ၁၃၆၈ | 13009.34.8.2.20 | Next Innovations Ltd | ၂၉ | ၃,၁၀၀,၀၀၀.၀၀ |
| ၁၃၆၉ | 13009.34.8.2.34 | ဘုန်းပြည့်နဂါး | ၅ | ၂၆၄,၀၀၀.၀၀ |
| ၁၃၇၀ | 13009.34.8.2.36 | White Monster Co.,Ltd | ၇ | ၇၄၀,၀၀၀.၀၀ |
| ၁၃၇၁ | 13009.34.8.2.42 | CITIC CONSTRUCTION INTERNATIONAL (MYANMAR) CO.,LTD | ၅ | ၅၀၈,၀၀၀.၀၀ |
| ၁၃၇၂ | 13009.34.8.2.47 | Go Green Go Clean Co.,Ltd | ၁၄ | ၁,၀၉၉,၇၈၄.၀၀ |
| ၁၃၇၃ | 13009.34.8.2.49 | Chugoku-TOA Paints(Myanmar)Ltd | ၇ | ၈၄၀,၀၀၀.၀၀ |
| ၁၃၇၄ | 13009.34.8.2.50 | SWTS Myanmar Co.,Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၃၇၅ | 13018.31.1.2.413 | Asia Winner အိမ်ရှိက်သံ | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၃၇၆ | 13018.31.6.2.23 | IPA Myanmar Co,Ltd | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၁၃၇၇ | 13018.31.8.2.30 | SBA Co.,Ltd | ၁၅ | ၁,၄၂၈,၄၈၀.၀၀ |
| ၁၃၇၈ | 13019.32.1.2.97 | Forward စက်မှုကုန်ထုတ် | ၃၀ | ၁,၄၄၀,၀၀၀.၀၀ |
| ၁၃၇၉ | 13019.32.1.2.176 | ဦးချိုတစ်ရှူး | ၁၃ | ၈၆၀,၀၀၀.၀၀ |
| ၁၃၈၀ | 13019.32.1.2.248 | MILLENNIUM GOLDEN LION CO.,LTD | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၁၃၈၁ | 13019.32.2.2.204 | Myanmar Apple Digital Printing | ၆ | ၃၀၀,၀၀၀.၀၀ |
| ၁၃၈၂ | 13019.32.5.2.48 | Sakai & Polestar | ၁၁ | ၇၀၂,၄၀၀.၀၀ |
| ၁၃၈၃ | 13019.32.6.2.20 | BASF Myanmar Manufacturing Co.,Ltd | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၁၃၈၄ | 13019.32.6.2.26 | ချစ်ကြည်အောင် အိတ်ချုပ်လုပ်ငန်း | ၂၂ | ၁,၂၉၂,၀၀၀.၀၀ |
| ၁၃၈၅ | 13019.32.6.2.55 | မြရောင်ခြယ် Group | ၉ | ၉၃၆,၀၀၀.၀၀ |
| ၁၃၈၆ | 13019.32.7.2.36 | Senar Billion Force Co.,Ltd | ၃၃ | ၂,၀၃၇,၆၀၀.၀၀ |
| ၁၃၈၇ | 13019.32.8.2.33 | ICONIC Digital Branding Solutions Ltd | ၄ | ၃၉၇,၆၀၀.၀၀ |
| ၁၃၈၈ | 13033.35.6.2.85 | ITI Logistics (Myanmar) Co.Ltd | ၉ | ၇၈၀,၀၀၀.၀၀ |
| ၁၃၈၉ | 13033.36.1.2.217 | Fantasy World | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၁၃၉၀ | 13033.36.1.2.251 | Top Choice ဗလာစာအုပ် | ၂၀ | ၁,၁၅၄,၄၀၀.၀၀ |
| ၁၃၉၁ | 13033.36.1.2.338 | အောင်သုခစက္ကူဖြတ်နှင့်စာအုပ်ချုပ် | ၁ | ၄၃,၂၀၀.၀၀ |
| ၁၃၉၂ | 13033.36.1.2.355 | ကျားရောင်စုံပုံနှိပ်တိုက် | ၅ | ၂၁၆,၀၀၀.၀၀ |
| ၁၃၉၃ | 13033.36.1.2.474 | Golbal Quailty | ၂၂ | ၁,၂၆၇,၂၀၀.၀၀ |
| ၁၃၉၄ | 13033.36.1.2.1052 | Adventure Myanmar | ၂၅ | ၂,၁၁၂,၀၀၀.၀၀ |
| ၁၃၉၅ | 13033.36.4.2.180 | Myanmar Institute Business (MIB) | ၇ | ၅၄၀,၀၀၀.၀၀ |
| ၁၃၉၆ | 13033.310.1.2.20 | စွယ်တော် စာအုပ်ချုပ် | ၃ | ၁၂၉,၆၀၀.၀၀ |
| ၁၃၉၇ | 13033.310.1.2.92 | မာကိုလီမိတက် | ၇ | ၄၆၈,၀၀၀.၀၀ |
| ၁၃၉၈ | 13033.310.1.2.113 | STARS EMPIRE | ၃၃ | ၂,၃၈၄,၀၀၀.၀၀ |
| ၁၃၉၉ | 13033.310.1.2.114 | Stars Colour Repro CtP | ၁၀ | ၇၂၄,၀၀၀.၀၀ |
| ၁၄၀၀ | 13033.310.1.2.304 | ဇော် မိတ္တူ/ကွန်ပျူတာ (2) | ၆ | ၂၅၉,၂၀၀.၀၀ |
| ၁၄၀၁ | 13033.310.1.2.305 | ဇော် မိတ္တူ/ကွန်ပျူတာ (3) | ၄ | ၁၇၂,၈၀၀.၀၀ |
| ၁၄၀၂ | 13033.310.1.2.472 | Myanmar Consolidated Media Co.,Ltd | ၁၇၆ | ၁၆,၇၈၈,၃၀၄.၀၀ |
| ၁၄၀၃ | 13033.310.2.2.212 | Hotel K Yangon | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၄၀၄ | 13033.310.3.2.111 | J – SAT Co.,Ltd | ၃၄ | ၃,၄၈၀,၀၀၀.၀၀ |
| ၁၄၀၅ | 13033.310.3.2.162 | Myanmar Consolidated Media Co.,Ltd (Printing Home) | ၅၉ | ၆,၈၂၂,၁၆၀.၀၀ |
| ၁၄၀၆ | 13033.310.3.2.168 | Global Hair Co.,Ltd | ၆၁ | ၃,၅၁၃,၆၀၀.၀၀ |
| ၁၄၀၇ | 13033.310.4.2.19 | Myanmar Consolidated Media Co.,Ltd | ၂၂ | ၂,၆၀၀,၀၀၀.၀၀ |
| ၁၄၀၈ | 13033.310.4.2.121 | Murakami Architects Myanmar Co.,Ltd | ၄၁ | ၂,၄၆၀,၀၀၀.၀၀ |
| ၁၄၀၉ | 13033.310.4.2.130 | ThyssenKrupp Myanmar Limited | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၄၁၀ | 13033.310.5.2.5 | Beauty Concepts | ၁၇ | ၁,၁၀၄,၈၀၀.၀၀ |
| ၁၄၁၁ | 13033.310.5.2.9 | Good Will Printing (GW) Co.,Ltd | ၁၄ | ၉၆၈,၀၀၀.၀၀ |
| ၁၄၁၂ | 13033.310.5.2.41 | ZAO Property Co.,Ltd | ၂ | ၁၇၀,၀၀၀.၀၀ |
| ၁၄၁၃ | 13033.310.5.2.84 | Thai Meidensha Co.,Ltd (Yangon Branch) | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၄၁၄ | 13033.310.6.2.70 | O A S Myanmar Co., Ltd. | ၁၂ | ၁,၄၀၈,၀၀၀.၀၀ |
| ၁၄၁၅ | 13033.310.6.2.79 | SATO KOGYO CO.,LTD. (YANGON BRANCH) | ၆ | ၇၂၀,၀၀၀.၀၀ |
| ၁၄၁၆ | 13033.310.7.2.6 | SCM SPIRIT MYANMAR | ၃ | ၂၉၂,၀၀၀.၀၀ |
| ၁၄၁၇ | 13033.310.7.2.35 | MYANMAR INTERNATIONAL BUSINESS TRANINING AND INTERNSHIP GENERAL SERVICES COMPANY LIMITED | ၁၄ | ၁,၅၂၀,၀၀၀.၀၀ |
| ၁၄၁၈ | 13033.310.7.2.43 | Ever Flow River Investment Management and Holding Co., Ltd. | ၈ | ၈၀၄,၀၀၀.၀၀ |
| ၁၄၁၉ | 13033.310.7.2.46 | Myanmar Toyohashi Engineering Co., Ltd. | ၇ | ၄၂၀,၀၀၀.၀၀ |
| ၁၄၂၀ | 13033.310.7.2.51 | Crete Master Co.,Ltd | ၃၃ | ၂,၀၉၇,၆၀၀.၀၀ |
| ၁၄၂၁ | 13033.310.7.2.53 | Seaberg Company Limited | ၆ | ၄၂၀,၀၀၀.၀၀ |
| ၁၄၂၂ | 13033.310.7.2.54 | Fairway Maritime Services | ၈ | ၆၄၈,၈၀၀.၀၀ |
| ၁၄၂၃ | 13033.310.7.2.89 | S.K.E.T WORKS MYANMAR Co.,Ltd. | ၇ | ၈၄၀,၀၀၀.၀၀ |
| ၁၄၂၄ | 13033.310.7.2.101 | Mote Poh Company Limited | ၉ | ၁,၀၈၀,၀၀၀.၀၀ |
| ၁၄၂၅ | 13033.310.8.2.1 | Regis International Co., Ltd. | ၃၁ | ၃,၄၂၄,၀၀၀.၀၀ |
| ၁၄၂၆ | 13033.310.8.2.30 | Patkol Myanmar Co., Ltd. | ၇ | ၈၄၀,၀၀၀.၀၀ |
| ၁၄၂၇ | 13037.39.1.2.179 | Beauty World Co., Ltd | ၁၁ | ၄၉၄,၄၀၀.၀၀ |
| ၁၄၂၈ | 13037.39.1.2.387 | နဂါးညီနောင်ရွှေပန်းတိမ် | ၄ | ၂၄၀,၀၀၀.၀၀ |
| ၁၄၂၉ | 13037.39.1.2.444 | Boom Soon International Co., Ltd. | ၁၄ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၄၃၀ | 13037.39.2.2.162 | ဘူမိအရင်းအမြစ်သတ္တုတူးဖော်ရေး | ၁၂ | ၇၃၂,၀၀၀.၀၀ |
| ၁၄၃၁ | 13037.39.2.2.209 | မဟာရောကုမ္ပဏီလီမိတက် | ၈ | ၂၉၆,၀၀၀.၀၀ |
| ၁၄၃၂ | 13037.39.2.2.268 | Infinity Global Solutions (IGS) Co.,Ltd | ၉၇၉ | ၆၂,၃၄၂,၉၄၉.၀၈ |
| ၁၄၃၃ | 13037.39.5.2.25 | GEO –PSI Drilling Co,Ltd | ၇ | ၈၀၀,၀၀၀.၀၀ |
| ၁၄၃၄ | 13037.39.7.2.10 | ဖွဲ့ထက် စိန်ရွှေရတနာဆိုင် | ၁၆ | ၉၆၀,၀၀၀.၀၀ |
| ၁၄၃၅ | 13037.39.7.2.41 | Royal 74 Motel | ၁၃ | ၇၈၆,၀၀၀.၀၀ |
| ၁၄၃၆ | 13037.39.8.2.46 | Autumn Dream Construction Co.,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၁၄၃၇ | 13041.33.1.2.453 | မြန်မာဂေါက်သီးရိုက်အသင်း | ၁၃၃ | ၈,၃၆၄,၀၀၀.၀၀ |
| ၁၄၃၈ | 13041.38.1.2.326 | တိုကျိုအင်တာပရိုက် | ၆၄ | ၇,၄၂၀,၀၀၀.၀၀ |
| ၁၄၃၉ | 13041.38.1.2.328 | အက်စပေ့ဟိုတယ် | ၈၂ | ၄,၉၁၀,၄၀၀.၀၀ |
| ၁၄၄၀ | 13041.38.2.2.157 | MK Fashion Shop | ၂၇ | ၁,၆၀၈,၀၀၀.၀၀ |
| ၁၄၄၁ | 13041.38.1.2.12 | ဦးငွေးဝင်းပိတ်ဂွမ်း | ၁ | ၂၀,၀၀၀.၀၀ |
| ၁၄၄၂ | 13041.38.1.2.29 | မျိုးလွင်ဦးပလတ်စတစ် | ၇ | ၁၉၆,၀၀၀.၀၀ |
| ၁၄၄၃ | 13041.38.6.2.10 | Smooth Way International Co.,Ltd | ၆ | ၅၈၄,၀၀၀.၀၀ |
| ၁၄၄၄ | 13041.38.7.2.6 | International Cooperation &Devemopment Co.,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၁၄၄၅ | 13041.38.7.2.25 | Shin Genki Co.,Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၄၄၆ | 13041.38.7.2.66 | Mandalay Capital | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၄၄၇ | 13041.38.7.2.79 | မင်းမဟော်ကုမ္ပဏီ | ၃၈ | ၂,၃၈၀,၈၀၀.၀၀ |
| ၁၄၄၈ | 13041.38.7.2.194 | Myanmar New Stars Industry Co.,Ltd | ၂၂ | ၁,၄၆၆,၀၀၀.၀၀ |
| ၁၄၄၉ | 13041.38.8.2.78 | WM Power Company Limited | ၁၇ | ၁,၃၃၃,၆၀၀.၀၀ |
| ၁၄၅၀ | 13001.37.1.2.255 | ATT Garment | ၄၆ | ၂,၆၄၉,၆၀၀.၀၀ |
| ၁၄၅၁ | 13001.37.1.2.290 | မြန်မာဝင်းစတားသစ်စက် | ၁ | ၄၃,၂၀၀.၀၀ |
| ၁၄၅၂ | 13001.37.1.2.369 | Royal Aung Chan | ၄၁ | ၃,၈၀၄,၀၀၀ |
| ၁၄၅၃ | 13001.37.2.2.15 | Myanmar V – Pile Coltd | ၁၀ | ၉၀၄,၀၀၀ |
| ၁၄၅၄ | 13001.37.2.2.178 | Prime Metal Co.,Ltd | ၈၆ | ၈,၀၅၃,၁၉၆ |
| ၁၄၅၅ | 13001.37.4.2.35 | INNO PACKAGING Com.,ltd.com | ၈၅ | ၅,၄၉၄,၈၇၀ |
| ၁၄၅၆ | 13001.37.4.2.37 | သီရိအလှကုန်ကုမ္ပဏီ | ၄၄ | ၃,၈၅၅,၂၀၀ |
| ၁၄၅၇ | 13001.37.4.2.44 | Southern Ocean Co,ltd | ၁၆ | ၁,၁၁၂,၀၀၀ |
| ၁၄၅၈ | 13001.37.5.2.27 | ဦးသိန်းထွန်းပလတ်စတစ်စက်ရုံ | ၉ | ၅၁၈,၄၀၀ |
| ၁၄၅၉ | 13001.37.5.2.35 | Manaw Phyu Industry Co.,Ltd | ၃၅ | ၃,၀၀၈,၀၀၀ |
| ၁၄၆၀ | 13001.37.5.2.44 | Thanlwin Private School | ၉၂ | ၈,၆၅၅,၂၀၀ |
| ၁၄၆၁ | 13001.37.6.2.23 | Jupiter Force Steel | ၉ | ၈၆၈,၄၀၀ |
| ၁၄၆၂ | 13001.37.7.2.38 | Our Style Co.,Ltd | ၄ | ၃၀၈,၀၀၀ |
| ၁၄၆၃ | 13001.37.7.2.44 | Andaman Eight Co.,Ltd | ၂၃ | ၂,၄၅၆,၀၀၀ |
| ၁၄၆၄ | 13001.37.7.2.62 | Myanmar Kentoku Agency | ၁၀ | ၁,၀၄၀,၀၀၀ |
| ၁၄၆၅ | 13001.37.8.2.25 | ငွေမိုးစက် | ၄ | ၂၃၀,၄၀၀ |
| ၁၄၆၆ | 13001.37.8.2.32 | အောင်မြင့်မိုရ်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး | ၇ | ၄၀၃,၂၀၀ |
| ၁၄၆၇ | 13001.37.8.2.37 | ပန်းသခင် | ၂ | ၁၁၅,၂၀၀ |
| ၁၄၆၈ | 13001.37.8.2.40 | MGEC Limited | ၆ | ၅၀၀,၀၀၀ |
| ၁၄၆၉ | 13001.37.8.2.41 | 4K2 Electrical Engineering | ၁၄ | ၈၃၃,၆၀၀ |
| ၁၄၇၀ | 13007.312.1.2.219 | စိန်လေမှုတ်စက် | ၄ | ၈၆,၄၀၀ |
| ၁၄၇၁ | 13007.312.1.2.308 | သွပ်ပြားစက်ရုံ | ၈ | ၂၅၉,၂၀၀ |
| ၁၄၇၂ | 13008.313.1.2.138 | Myanmar Kaido | ၂၂ | ၁,၂၆၇,၂၀၀ |
| ၁၄၇၃ | 13008.313.1.2.323 | မင်းကိုဦးပဲသန့်စင် | ၄ | ၈၈,၀၀၀ |
| ၁၄၇၄ | 13008.313.1.2.342 | Best Maker Co.,Ltd | ၉၁ | ၅,၁၆၉,၆၀၀ |
| ၁၄၇၅ | 13008.313.1.2.366 | သံတော်ဦးကြိမ်လုပ်ငန်း | ၄ | ၁၁၂,၀၀၀ |
| ၁၄၇၆ | 13008.313.5.2.112 | Zong Hong အထည်ချုပ် | ၂,၂၉၄ | ၁၂၇,၈၀၇,၆၈၀ |
| ၁၄၇၇ | 13018.31.1.2.3 | အာရှနဂါးအထည်ချုပ် | ၇၆၃ | ၄၃,၉၃၄,၄၀၀ |
| ၁၄၇၈ | 13018.31.1.2.194 | GOLDEN KTK Garment | ၃၀၂ | ၁၇,၄၃၈,၄၀၀ |
| ၁၄၇၉ | 13018.31.1.2.236 | Mectronic G.E.P | ၁၇၉ | ၁၁,၆၀၆,၄၀၀ |
| ၁၄၈၀ | 13018.31.1.2.354 | တော်ဝင်အမှုန့်ကြိတ် | ၃ | ၁၂၀,၀၀၀ |
| ၁၄၈၁ | 13018.31.1.2.457 | လင်းဝင်းသစ်အချောထည်စက်ရုံ(၃) | ၃၄ | ၁,၉၅၈,၄၀၀ |
| ၁၄၈၂ | 13018.31.1.2.476 | Dolphin Plastic | ၁၃ | ၇၄၈,၈၀၀ |
| ၁၄၈၃ | 13018.31.2.2.23 | Greenply Industries (Myanmar) Pvt., Ltd. | ၇၄ | ၄,၈၄၉,၉၀၅ |
| ၁၄၈၄ | 13018.31.2.2.107 | Glorious Family | ၂၆ | ၁,၄၉၇,၆၀၀ |
| ၁၄၈၅ | 13018.31.2.2.188 | ထွန်းစတားသစ်စက် | ၆ | ၂၅၉,၂၀၀ |
| ၁၄၈၆ | 13018.31.2.2.225 | ပုလဲတစ်ခါသုံးလက်အိတ် | ၉ | ၅၁၈,၄၀၀ |
| ၁၄၈၇ | 13018.31.2.2.236 | ဘုန်းသစ်ဝေကုမ္ပဏီ | ၈ | ၄၈၀,၀၀၀ |
| ၁၄၈၈ | 13018.31.3.2.107 | တက်နေထွန်းရောင်စုံပုံနှိပ်လုပ်ငန်း | ၇ | ၂၀၀,၀၀၀ |

စာမျက်နှာ ၂၆ သို့

# သာယာဝတီမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအား ကျေးရွာ ၂၀တွင် ဆောင်ရွက်မည်

**သာယာဝတီ နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာ ၂၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၂၀ မှာ ဇီးပွဲ၊ သာယာကုန်း၊ လယ်ပြင်စု၊ ဘန့်ဘွေးကုန်း၊ ရေမီးနင်း၊ ဘိုကြီးကုန်း၊ ဘူတာစု၊ မြောက်ဖလံကုန်း၊ ကျေးလူး၊ ကုက္ကိုင်း၊ အင်းပုညာရွာကြီး၊ အရှေ့ရင်းတိုက်ကုန်း၊ ကြခတ်အိုင်၊ ရှမ်းသပြေကုန်း၊ တောရကုန်း၊ အင်းကောက်ကြီး၊ ငါးအိမ်စု၊ ကျွဲဂရံ၊ စခန်းကြီး၊ ရွှေလောင်းကန်ကျေးရွာများဖြစ်ပြီး ယင်းကျေးရွာများတွင် ကျေးရွာတစ်ရွာလုံး ဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာ၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများအပေါ် အခြေခံရေးဆွဲထားသည့် လုပ်ငန်းများ၊ ကျေးရွာပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်မင်းထွန်းက ပြောသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာများရွေးချယ်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာရွေးချယ်ရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ခဲ့ကြကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောပြသည်။

ငြိမ်းသူ





**အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။**

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2- SARS-CoV-2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် မိတ္ထီလာခရိုင်နှင့်မြို့နယ်ဝန်ထမ်းအိမ်ရာ (၅၆'x၄၈') ၄ခန်းတွဲRC ၂ထပ် (ရေမီးအပါအဝင်) အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းကိုတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ရက် နံနက်(၉:၃၀)နာရီ

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊အချိန်** - ၈-၁၂-၂၀၂၀ရက် ညနေ(၄:၃၀)နာရီ

**တင်ဒါရွေးချယ်မည့်ရက်၊အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါရွေးချယ်မည့်နေရာ** - မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး လမ်း၃၀x ၆၈ လမ်း (ရုံးပေါင်းစုံဝင်း)မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၂-၄၀၃၉၂၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၁၅)ဖအောင်းရွာမရပ်၊ ဦးပိုင်အမှတ်(၁၇ဃ)၊ မြေကွက်အမှတ်(၆၉)၊ မြေဧရိယာ(၀ဒသမ၁၆၅၇) ဧကခန့်ရှိသောမြေကို ဦးဇော်ဝင်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းပြည်ထောင်စုဘတ်ဂျက်ဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ရွှေတောင်ဓာတ်အားပေးစက်ရုံတွင် ဆောင်ရွက်ရန်ရှိသော မြို့ပြထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဆောင်ရွက်ရမည့်လုပ်ငန်းအမည် |
|---|---|---|
| ၁။ | C-54 | ရွှေတောင်ဓာတ်အားပေးစက်ရုံ၊စက်ရုံပိုင်မြေအား ခြံစည်းရိုးကာရံခြင်း - (၅"x၅")သံကူကွန်ကရစ်တိုင်ဖြင့် အလျား(၈၈၇၀)ပေ၊ အမြင့်(၆)ပေ သွပ်ဆူးကြိုးခြံစည်းရိုးကာရံခြင်း[ ၉"ထု အုတ်ရိုးဖြင့် Retaining Wall မြေပေါ်အမြင့် ၁ ပေ အုတ်စီခြင်းနှင့် အုတ်နံရံခြံစည်းရိုးအလျား(၂၇၃၀) ပေ ၊အမြင့်(၆)ပေ ကာရံခြင်း](RC တိုင်၊ RCGB) |

၂။ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၄:၀၀ နာရီနောက်ဆုံးထား၍(လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၈-၁၂-၂၀၂၀ ရက်၊ ၁၄:၀၀ နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ဌာန

၅။ တင်ဒါပုံစံအား ၉-၁၁-၂၀၂၀ ရက်မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ဖုန်း-၀၆၇-၈၁၀၄၂၆၉၊၀၉-၄၄၂၀၃၂၈၄၀**



ကလေးနာမည်ပေး ဆရာကြီး ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးတင်ပွန်းတစ်ချစ်သူစုံတွဲမင်္ဂလာရက်ရွေး
01-399136,09-401207303,09-73009994 လူကြီးလိုရာမေးအိမ်ရောင်းထွက်ဖို့
09-515252 တိုက်အမှတ်(၉)၃ထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ပိတ်ရက်မရှိ)

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တအဆလ/တိုး(၃၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝေဟွပ်ဟွပ်နဲ့အပေါ်မှာ အောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

ဖျားနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။




ချစ်သူကိုပဲ ပေးပေး ...
ကိုယ်တိုင်သုံးဖို့ပဲ ဆောင်ဆောင် ...
နိုင်ငံခြားရောက် သူငယ်ချင်းကိုပဲ ပို့ပို့ ...
၂၀၂၁-ခုနှစ်
စံ-ဂါလီဘို
ဗေဒင်ဒိုင်ယာရီ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀(အထက်)၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉၊
၀၁-၇၀၉၀၃၂၊ ၈၁၈ ၃၉၁၁၆၉၊
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်မှ ကသာခရိုင်ဘဏ်ခွဲ အဆောက်အဦအသစ် တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကသာခရိုင်ဘဏ်ခွဲအဆောက်အဦသစ် (၄၀'x၅၀') RC (၂)ထပ် ဆောက်လုပ်ခြင်း နှင့် ခြံစည်းရိုးအုတ်တံတိုင်း (၂၄၈'x၈') ကာရံခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရက်** - ၁၂-၁၁-၂၀၂၀ ရက်မှ ၁၁-၁၂-၂၀၂၀ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရက်** - ၁၈-၁၂-၂၀၂၀ ရက် ၁၆:၀၀ နာရီအထိ

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - မြန်မာ့စီးပွားရေးဘဏ် (တိုင်းဒေသကြီးရုံး)၊ မုံရွာမြို့

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၄၄/၂၆၀၃၁ တို့ထံ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၄)၊ ဦးပိုင်အမှတ်(၂၁၄)နှင့် ဦးပိုင်အမှတ်(၂၁၁/၃၅၆)(ခဲစင်း)၊ ၂၉x၃၀လမ်းကြား၊ City Joy Hotel တောင်ဘက်နှင့် ၅၈လမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း ၁/ဗမန(နိုင်) ၀၀၅၅၄၀၊ ဒေါ်ဖြူမာထွန်း ၁/ဗမန(နိုင်) ၀၅၀၀၈၂တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၅၈/၂၀၁၄)၊ (၂၄၅၇/၂၀၁၄)တို့ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအေးချမ်းအောင် ၉/ခမဇ(နိုင်)၀၁၂၉၄၀က ဦးပိုင်(၂၁၄) အား သက်တမ်းတိုးလျှောက်ထားရန်နှင့် ဦးပိုင် (၂၁၁/၃၅၆)(ခဲစင်း)အား သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားရန်အတွက် ဂရန်စာချုပ်များတင်ပြ၍ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၃)၊ ဦးပိုင်အမှတ်(၉၄)၊ ၄၀x၄၁ လမ်းကြား၊ ၅၂xပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြနှင်းဝေ ၁၃/မရက(နိုင်) ၀၈၀၉၅၂က ဂရန်စာချုပ်မူရင်းအသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီးနေ
ဦးသိန်းအောင် [ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ပြည်နည်းပညာတက္ကသိုလ်]-ဒေါ်လှလှသီ (စာရင်းစစ်၊ ငြိမ်း) တို့၏သားကြီး

**မောင်ရဲဖြိုးသော်** B.Sc (IC)

Director (Active Business Consolidation Co.,Ltd)
(abc convenience store)

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ
ဦးသိန်းဦး[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (C-17)]-ဒေါ်ခင်ဦးဆွေ (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငြိမ်း) တို့၏သမီးကြီး

**မသက်သက်ထွန်း** B.A (Myanmar)

Diploma in Accounting (LCCI, UK), DMAc, ACCA (Part II), Assistant Finance BP Manager (Unilever Myanmar) Services, Ltd

တို့သည် ၇-၁၁-၂၀၂၀ ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲဖြိုးသော် - မသက်သက်ထွန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၆၀-က၊ ၆၁-က၊ ၆၂-က)အတွင်းမှ (၆၀-က+ ၆၁-က)(ခဲစင်း)၊ (ငါးဆွဲ-၂လမ်း) (၈လမ်း)၊ ၇၆လမ်းxမန်း-မတ္တရာ ရထားလမ်းကြားရှိ ဒေါ်မြိုင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးသန်း၊ မိခင် ဒေါ်မြိုင်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၉၇၄/၂၀၀၆)ဖြင့် အမွေဆက်ခံခဲ့သော သားများဖြစ်သည့် ဦးသန်းနွဲ့၊ ဦး၊ ဦးအတူးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၂၇/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဦးအေးပို ၉/မနမ(နိုင်)၀၂၉၉၄၈က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(ဘီ-၁)၊ အခန်းအမှတ် (၄၁၆)၊ Type(A), Area(၁၂၆၁)Sqft ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းမောင် ၁၂/ဗဟန(နိုင်) ၀၃၈၆၈၂၊ဒေါ်ခင်ဆွေသစ် ၁၂/ဗဟန(နိုင်)၀၅၀၂၂၃တို့ထံမှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီ ၁၂/ဒဂန(နိုင်) ၀၀၆၆၅၃**
**ဖုန်း-၀၉-၅၀၁၆၇၇၈၊၀၉- ၂၆၁၃၈၈၃၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊အကွက်အမှတ်နှင့်အမည်(၈၇/အလံတိုင်)၊ ဦးပိုင်အမှတ်(၄၀)၊ဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိမြေအား ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်အေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇၈၊ငြိမ်းချမ်းရေး)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ ၀ ဒသမ ၂၉၀ ဧကအား အမှုတွဲအမှတ် ၁၀၃/ ၁၉၉၃ အရ ၂၂-၁၂-၁၉၉၃ မှ ၂၀-၁၂-၂၀၂၃ ထိ ဦးစိန်မောင်၊ ဒေါ်အမာ အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသည့်ဝင်းမြေအား ဦးအောင်မင်းစိန် (ခ)ဦးရှမ်း၊ ဒေါ်ကျင်နွမ်းအမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ လယ်တီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၉၊ကံသာအေး)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိမြေအား အမှုတွဲအမှတ် ၁၂၈ V ၂၀၀၀-၂၀၀၁ အရ ၂၁-၉-၂၀၀၀ မှ ၂၀-၉-၂၀၃၀ ထိ ဒေါ်ငွေးယဉ်အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေအနက်မှ အကွက်အမှတ်နှင့်အမည်(၃၉၊ ကံသာအေး)၊ ဦးပိုင်အမှတ်(၆၁-က)၊ဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိမြေအား ဒေါ်သင်းသင်းလှိုင် အမည်ဖြင့် (ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## ကချင်ပြည်နယ်ဦးစီးမှူးရုံး၊မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေး လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပူတာအိုခရိုင်ဦးစီးမှူးရုံး(၆၀'x၄၀'x၂၈')RCC(၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေမီး၊ Apron & Drain ၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း(၄၉၆၀ စတုရန်းပေ)

(ခ) ပူတာအိုခရိုင်ဦးစီးမှူးရုံး၊ ပြင်ပ(၂)ခန်းတွဲ အုတ်ရေချိုးခန်း(၁၀'x၅'x၆')+ ပြင်ပအုတ် အိမ်သာ(၂)ခန်းတွဲ(၁၀'x၅'x၆') ဆောက်လုပ်ခြင်း

(ဂ) ပူတာအိုခရိုင်ဦးစီးမှူးရုံး၊ ကွန်ကရစ်လမ်းခင်းခြင်း(အလျား ၁၁၀'x အကျယ် ၁၄'x ထု ၈")

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါများရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ ရက်မှ ၃၀-၁၁-၂၀၂၀ ရက်အထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၄၀၁၅၊ ၀၇၄-၂၂၁၈၂၂၊၀၉-၇၆၇၆၁၄၄၀၄ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကျန်စစ်သားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၈၃)၊ မြေကွက်အမှတ် (၃၇၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ ဒေါ်မြင့်မြင့်အေး အမည်ပေါက်နှစ်(၆၀)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင် ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်ခင်မာအေး (၁၂/တမန(နိုင်) ၀၇၉၅၂၄) ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ် ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမ၊ ရွာသာကြီးအပိုင်း (၁)ရပ်ကွက်၊ မြေကွက်အမှတ် (၃၁)၊ အကျယ်အဝန်း (အလျား ၁၇၀ပေ × အနံ ၇၂ပေ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးတင်ဝင်း (၁၂/လကန(နိုင်) ၁၃၁၇၉၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မင်းမော်ဟိန်း ၅/ပလန(နိုင်)၀၅၆၁၉၃ သည် မိဘ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာခံဘဲ မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်း စေမည့် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

**ဦးမျိုးဝင်း**
၈/ပခက(နိုင်)၀၀၂၆၈၈

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော် ငွေပဒေသာပင်စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဦးမျိုးမြင့်မောင်(နာယက) ၀၇၂-၂၁၄၃၂၊ ဦးစိုးမြင့် (ဥက္ကဋ္ဌ) ၀၉-၇၉၇၁၈၆၆၄၃၊ ဦးကျော်လွင်(ဘဏ္ဍာရေးမှူး)၀၉--၇၉၇၁၇၉၁၇၅
စစ်ကိုင်းမြို့ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ် 0560162056001335068
စစ်ကိုင်းမြို့ ရောဝတီဘဏ် ငွေစာရင်းနံပါတ် 0147222010001060
စစ်ကိုင်းမြို့ ကမ္ဘောဇဘဏ်(ဘဏ်ခွဲ-၁) ငွေစာရင်းနံပါတ် 05830205801764001

| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၅၃၄ | ဒေါက်တာကျော်လှဦးဆောင်သော မြစ်ငယ်မြို့နယ်မှ အလှူရှင်များအဖွဲ့ (၁၉)ကြိမ်မြောက်အလှူ | ၅၀၀၀၀၀ |
| ၅၃၅ | ဆရာမကြီးဒေါ်ခင်စိန်(မြို့နယ်ပညာရေးမှူး-ငြိမ်း)မိုးကုတ်မြို့(ဒုတိယအကြိမ်) | ၃၀၀၀၀၀ |
| ၅၃၆ | ဦးဇော်မျိုးထက်-ဒေါ်သန္တာဆွေ(၆၃)လမ်း၊၂၂-၂၃ကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၅၃၇ | ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းနုမိသားစု ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၅၃၈ | ဦးတင်ဖေ(အထက်တန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း) -ဒေါ်ခင်ခင်သန်း၊ ရွှေညောင်ပင်လမ်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့ | ၆၀၀၀၀၀ |
| ၅၃၉ | ကိုမိုးသိန်း(၃၁)နှစ်ပြည့်မွေးနေ့အလှူ အမှတ်(၃၀) မဟာဘောဂလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၁၀၀၀၀၀ |
| ၅၄၀ | ဗိုလ်မှူးဉာဏ်လင်းစိုး(ဒု-ညွှန်ချုပ်) ကော်မတီရုံး၊ ရန်ကုန်မြို့တော်စည်ပင်-ဒေါ်ခိုင်ကြည်ဦး ရန်ကုန် | ၂၀၀၀၀၀ |
| ၅၄၁ | ဒေါ်သန်းသန်းဆွေ(အ.ထ.ပြ-ငြိမ်း)နန်းတော်ရာရပ် စစ်ကိုင်းမြို့(၄-ကြိမ်ခွဲလှူ) | ၁၀၀၀၀၀ |
| ၅၄၂ | ဦးမျိုးမျိုး-ဒေါ်တင်တင်ဌေးမိသားစု မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၅၄၃ | ဦးမြတ်ထွန်းအားရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်စောကြည် မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၄ | ဦးတင်ကွန့်-ဒေါ်အုန်းတင်တို့အားရည်စူး၍သမီး-ဒေါ်ခင်စန်း၊သား-ဦးကျော်စိုးဝင်း-ဒေါ်နီနီဝင်း၊ မြေးတစ်စု မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၅၄၅ | ဦးအေးကို(ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်စက်မြင့်(ဦးစီးမှူး-ငြိမ်း)၊သမီး-မေဇင်ထွန်းမိသားစု၊ ဇေယျာတိုးချဲ့ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၄၆ | မိဘနှစ်ပါးဖြစ်သော ဦးခင်မောင်-ဒေါ်ခင်စိန်တို့အားရည်စူး၍ ဦးခင်မောင်လေး-ဒေါ်သန်းသန်းစိန်မိသားစု ဆိုင်းတောင်ရပ်၊ ဖားကန့်မြို့ | ၁၀၀၀၀၀ |
| ၅၄၇ | ဦးစည်သူအောင်-ဒေါ်မိုးမိုးဝေတို့၏သားငယ် မောင်ဘုန်းသစ်ကိုကို၏ ရက်(၁၀၀)ပြည့်မွေးနေ့ | ၁၀၀၀၀၀ |
| ၅၄၈ | ဦးဝင်းနိုင်၊ ဦးစည်သူအောင် ဈေးကုန်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၄၉ | မိဘနှစ်ပါးအားရည်စူး၍ Dr.ဦးမျိုးသင်"သီတဂူဆေးကုခန်း"ဈေးပိုင်းရပ်၊ ဒါးပိန်မြို့လှည်းကူးမြို့နယ် | ၁၀၀၀၀၀ |
| ၅၅၀ | ဒေါက်တာသက်စုစံ"မေ့ဆေးဆရာဝန်"မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်းဆေးရုံနေပြည်တော် | ၁၀၀၀၀၀ |
| ၅၅၁ | (ဘ)ဦးတင်မောင်ဝင်းအားရည်စူး၍ အမိ ဒေါ်ခင်ဝင်းအား အမှူးထား၍ ဦးမျိုးတင့်-ဒေါ်ဆွေဆွေဝင်းမိသားစု အောင်ကပ်ကျော်ရပ်ကွက် မြစ်ငယ်မြို့ | ၁၀၀၀၀၀ |
| ၅၅၂ | ရေဦးတိုက်ဟောင်း ကျောင်းဒကာ ဦးထွန်းရင်-အမိ ဒေါ်ခင်ထွေးတို့အားရည်စူး၍ ဦးတင်မောင်ဝင်း-ဒေါ်မေဦးသာမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၃ | ဒေါ်ယဉ်မာ(ရောဘဏ်-၁၈မှလွှဲ) | ၁၀၀၀၀၀ |
| ၅၅၄ | ဆရာတော်ဦးကောသလ္လနှင့်တပည့်များ သလ္လာဝတီချောင် | ၁၀၀၀၀၀ |
| ၅၅၅ | ဒေါ်နန္ဒမာလာ နှမ်းကြီးဇရပ်၊ ဂူနီချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၅၅၆ | ဦးစောလွင်"မေသဇင်"ပွဲရုံမိသားစု ပန်းဘဲတန်းရပ် | ၁၀၀၀၀၀ |
| ၅၅၇ | ဒေါ်မူမူမြင့် အမှတ်(၈၄) ကျောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် | ၁၀၀၀၀၀ |
| ၅၅၈ | ဦးရဲမြင့်-ဒေါ်ခင်မြဝင်း(၆၈)နှစ်ပြည့်မွေးနေ့အလှူ နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၅၉ | မုံရွာမြို့ အ.ထ.က(၁)ကျောင်းသား ကျောင်းသူဟောင်းများ | ၁၀၀၀၀၀ |
| ၅၆၀ | ထိပ်ထားဆန်ဆိုင်နှင့်အဖွဲ့၊ မြို့မဈေး၊ စစ်ကိုင်းမြို့(တတိယအကြိမ်) | ၁၀၀၀၀၀ |
| ၅၆၁ | ဒေါ်တာ"နေသုခမြိုင်" မိသားစု မိုးဇာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၆၂ | (ဘ)ဦးစိန်-အမိ ဒေါ်အေးရင် အစ်မ ဒေါ်လှငွေတို့အား ရည်စူး၍ ဦးကျော်ဝင်း၊ သောတာပန်ရပ်၊ ထန်းတော စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၆၃ | (ဘ)ဦးညွန့်မောင်-အမိဒေါ်မြသိန်းတို့အားရည်စူး၍ သားသမီး မြေးမြစ်တစ်စု | ၁၀၀၀၀၀ |
| ၅၆၄ | ဒေါက်တာဇော်ဝင်း(စစ်ကိုင်းတက္ကသိုလ်ပါမောက္ခချုပ်)-ဒေါ်ခိုင်ဇင်ဝင်းမိသားစု စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၆၅ | ဦးဝင်းမြင့်(စက်ရုံဝန်ထမ်း) | ၁၂၀၀၀၀ |
| ၅၆၆ | ကွယ်လွန်သူ(ဦးသိန်းအောင်-ဒေါ်ထွေးချစ်)(ဦးစန်းမောင်-ဒေါ်ထားတင်၊ အစ်ကို(ဦးသန်းဇော်မိုး)တို့အားရည်စူး၍ ဒေါ်ကြည်ကြည်ဝင်း စာတည်း(စာပေဗိမာန်ရုံး) အမှတ်(၁၆/၉၁)သမိန်ဗရမ်းလမ်းသွယ်-၂(၁၆)ရပ်ကွက် ဥက္ကလာမြို့သစ် ပဲခူးမြို့(၃လက်မသံပိုက်-တစ်လုံး)(မြေထိန်းနံရံ) (တစ်ခန်း) | ၇၀၀၀၀<br>၁၀၀၀၀၀ |
| ၅၆၇ | ဦးထိန်လင်း-ဒေါ်ဝါဝါ တိုက်(၅၇)၊ အခန်း(၈)၊ ဝါဇီ၊ လနစနယ်မြေ၊ မကွေးတိုင်းဒေသကြီး | ၃၀၀၀၀၀ |
| ၅၆၈ | စစ်ကိုင်းမြို့ မြို့မဈေးကြီး ဈေးသူ ဈေးသားများ အများပေါင်းစု ကောင်းမှုအလှူ (စတုတ္ထအကြိမ်) | ၁၀၀၀၀၀ |
| ၅၆၉ | ဦးကျော်မြင့်-ဒေါ်သိန်းသိန်းဝင်း၊သမီး-ဒေါက်တာအောင်မိုးမြင့်-မခိုင်သဇင်ကျော်၊ သား-မောင်အောင်ရဲကျော် မိသားစု ၄-၉၅၊ ရွှေမင်းဝံရပ် စစ်ကိုင်းမြို့ (ဒုတိယအကြိမ်) | ၁၀၀၀၀၀ |
| ၅၇၀ | ဖခင်ကြီးဦးကြည်ဝင်းအားရည်စူး၍ ဇနီးဒေါ်ခင်အေးမြင့်၊ သမီး-မယဉ်ယဉ်ထွန်း၊ မသင်းသင်းလှိုင် ဇေယျာကွက်သစ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၇၁ | ဆရာတော် ဦးကဝိဇ ရတနာရန်အောင်မြင်ကျောင်းတိုက် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ | ၄၀၀၀၀၀ |
| ၅၇၂ | ဇနီးဖြစ်သူဒေါ်ကြည်စိန်(၇)နှစ်ပြည့် အားရည်စူး၍ ဦးမျိုးမြင့်မိသားစု အပ်ချုပ်စုရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၇၃ | ဦးပွန်ချွန်း-ဒေါ်သန်ကြည်းတို့အားရည်စူး၍ "မြစတိုး" သားသမီး၊ မြေး မိသားတစ်စု အမှတ်(၈၇)မဟာသုခလမ်း လမ်းမတော်ရပ်ကွက် တောင်ကြီးမြို့ | ၁၁၀၀၀၀၀ |
| ၅၇၄ | နှစ်ဖက်မိဘများနှင့် သားကြီးမောင်နေလင်းတို့အားရည်စူး၍ ဦးလင်ဉာဏ်မင်း-ဒေါ်ယုဝါ မိသားစု အမေရိကန်နိုင်ငံ | ၆၀၀၀၀၀ |
| ၅၇၅ | နှစ်ဖက်မိဘများအား ရည်စူး၍ ဦးအိထွန်း-ဒေါ်ယုဇင်း သားသမီးမြေးမိသားစု ပင်လုံမြို့ | ၆၀၀၀၀၀ |
| ၅၇၆ | ဦးပွန်ချွန်း-ဒေါ်သန်းကြည်၊ဦးအောင်ခင် တို့အား ရည်စူး၍ ဦးအောင်နိုင်-ဒေါ်ခင်မြင့်သိန်း"ဒေါ်ခင်သိန်းရွှေဆိုင်" သားသမီးတစ်စု၊တောင်ငူမြို့ | ၃၀၀၀၀၀ |
| ၅၇၇ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ထွန်း-ဒေါ်ကျိုးကင်း သားသမီးမြေးမိသားစု၊ ပင်လုံမြို့ | ၆၀၀၀၀၀ |
| ၅၇၈ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးစန်းဝင်း-ဒေါ်စန်းမြင့်ဌေး သားသမီးမြေးတစ်စု တောင်ကြီးမြို့ | ၁၁၀၀၀၀ |
| ၅၇၉ | ဦးရှင်-ဒေါ်တင်စိန်၊သမီး-ဒေါ်နွဲ့နွဲ့အေး (၅၈)နှစ်ပြည့် မွေးနေ့အလှူ ရွှေမင်းဝံရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၈၀ | ဦးသန်းသစ်ဦး-ဒေါ်ယုယုဝေ၊သမီး-သဲမြတ်နိုးဦး၊မေပီတီချို မိသားစု ဇေယျာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၈၁ | ဦးဇော်အောင်ထွန်း-ဒေါ်သိမ့်သိမ့်ထွေး၊သမီး-မိုးမခ မွေးနေ့အကြို အလှူ သား-ဇေဘုန်းရှင် မိသားစုတောင်လေးလုံးတောင်ကြီး | ၁၀၀၀၀၀ |
| ၅၈၂ | ဦးကျော်မောင်-ဒေါ်ညိုညိုစိမ့်မိသားစု ရွှေကြိုးကြာ စားသောက်ကုန်လုပ်ငန်း၊ နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၈၃ | ဦးကောင်းမြတ်ကျော်-ဒေါ်ခိုင်ဇင်ဝင့်၊ သား-ကောင်းခန့်ညီဇင်၊သမီး-သွန်းရွှေနဒီ မိသားစု "ရွှေကြိုးကြာ"စားသောက်ကုန်လုပ်ငန်း နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၈၄ | U Htin Kyaw Myint(Edgewise Architects Co.,Ltd)-Dr Yin Min Kyaw (Best Guiding Star Co.,Ltd)Yangon | ၁၀၀၀၀၀ |
| ၅၈၅ | ဒေါက်တာကျော်ကျော်စိုး-ဒေါ်တင်မင်းကျော်(သား)မောင်ဇေဘုန်းစိုး၊သမီး-မသွန်းရွှေဝတီမိသားစု၊ဆန်ဖရန်စစ္စကိုမြို့ အမေရိကန်ပြည်ထောင်စု | ၁၀၀၀၀၀ |
| ၅၈၆ | ရဟန်းဒါယကာကြီး ဦးပေါ်ငွေ-ရဟန်းဒါယိကာမကြီးဒေါ်ထွေးကြည်တို့ကို အမှူးထား၍ ဦးသူရိယ (ပါဠိကာရီ)စစ်ကိုင်းမြို့၊ မကျီးစုရွာ မြင်းမူမြို့။ | ၁၀၀၀၀၀ |
| ၅၈၇ | ဇနီးဒေါ်ညွှန့်ညွှန့်ရွှေအားရည်စူး၍ ဒေါက်တာစိန်တင်(ညွှန်ချုပ်-ငြိမ်း) ဗဟိုစာရင်းအင်းအဖွဲ့အမှတ် (၃၀/၉၇)၊(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့ (စတုတ္ထအကြိမ်) [၃"သံပိုက်(၇)လုံးနှင့် စက်ဘောမျိုးစုံ] | ၅၀၀၀၀၀ |
| ၅၈၈ | ဒေါ်စန်းစန်းတင် မိသားစု အမှတ်(၄၅)၊ အနော်မာ(၂၀)အရှေ့၊ (၂)ရပ်ကွက် သာကေတမြို့နယ် | ၁၀၀၀၀၀ |
| ၅၈၉ | ဦးခင်မောင်မြင့်-ဒေါ်ကြူကြူသွင် မိသားစု နန်းတော်ရာရပ် စစ်ကိုင်းမြို့နှင့် ကိုစိုးမိုးသူ- မမြင့်မြင့်ဦး (မြင့်မြတ်မိုး အိမ်ဆောက်ပစ္စည်းဆိုင်)၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၅၉၀ | ဖခင်ကြီး ဗိုလ်ကြီးကျော်ရွှေ(နှစ်ပတ်လည်) မိခင်ကြီးဒေါ်ခင်ရီ၊(အစ်မ) ဒေါ်မာမာရွှေ(အစ်ကို) ဦးတင်မောင်ဆွေ၊ (မောင်)ဦးလှိုင်ဝင်း၊ ဦးသန်းနိုင်ရွှေနှင့် ဦးအောင်လင်းတို့အား ရည်စူး၍ မန္တလေးမြို့နေ ဒေါ်စီစီရွှေ မိသားစု | ၁၀၀၀၀၀ |
| ၅၉၁ | ဒေါ်ခင်မြင့်စန်း(၇၃)နှစ်ပြည့် မွေးနေ့အလှူ နန်းတော်ရာရပ် စစ်ကိုင်းမြို့ (မြေထိန်းနံရံ) | ၁၀၀၀၀၀ |
| ၅၉၂ | ဦးဝင်းမြင့်(၁)နှစ်ပြည့်အားရည်စူး၍ ဇနီးဒေါ်ဝေမာမြင့် မိသားစု နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅၉၃ | ဒေါ်ခင်ခင်ယု တိုက်အမှတ်(၃)၊ အခန်း(၄)၊ ဝါဇီ၊ လနစ နယ်မြေ ချောက်တစ်ဖက်ကမ်း၊ မကွေးတိုင်း | ၁၀၀၀၀၀ |
| ၅၉၄ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးဝင်းမောင်-ဒေါ်ကောင်းကြည်မိသားစု အိုးဘိုရပ် စစ်ကိုင်းမြို့(ဒုတိယအကြိမ်) | ၁၀၀၀၀၀ |
| ၅၉၅ | ဒေါက်တာမျိုးမင်း၊ဦးကြည်လှိုင်အမှတ်(၈၅)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း | ၂၀၀၀၀၀ |
| ၅၉၆ | ဇိနောဒယဆရာတော် ဇိနောဒယပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် စစ်ကိုင်းတောင်ရိုး | ၈၀၀၀၀၀ |
| ၅၉၇ | ဦးကျော်မိုး-ဒေါ်စန်း မိသားစု၊ ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၅၉၈ | ဦးသိန်းသန်းထိုက်-ဒေါ်ဟေမာစိုးတို့၏သား မောင်မင်းခန့်မောင် အသက်(၁၀) နှစ်ပြည့်မွေးနေ့အလှူတော် | ၁၀၀၀၀၀ |
| ၅၉၉ | မုံရွာမြို့နေ ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင်ကြီး ကွယ်လွန်သူမိခင်ကြီး ဒေါ်စိန်တင်ကောင်းမှု | ၅၀၀၀၀၀၀ |

# စစ်ကိုင်းတောင်ရိုး ဆရာတော်ကြီးများ၏ ဩဝါဒခံ စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီး၏ မေတ္တာရပ်ခံ ပန်ကြားလွှာ

**သမိုင်းအကျဉ်း**

ဤစစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးမှာ ကောဇာသက္ကရာဇ် ၁၂၇၅-ခု၊ ခရစ်သက္ကရာဇ် ၁၉၁၃-ခုနှစ်က စစ်ကိုင်းတောင်ရိုးတွင် အဦးအစပထမဆုံးအဖြစ် စတင်ပေါ်ပေါက်လာခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး အရှေ့ကုဋ္ဌာသယချောင်ဆရာတော် ဦးရာဇိန္ဒ အရှင်သူမြတ်က ဦးစီး ဦးဆောင်ပြု၍ ၁၂၇၅-ခု၊(၁၉၁၃) တွင် ဤစစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်ထိဆိုပါက နှစ်ပေါင်း (၁၀၇)နှစ်အတွင်း ချဉ်းနင်းဝင်ရောက်လာခဲ့ပြီး ဖြစ်ပါသည်။

ယခုလက်ရှိ ဤရေစက်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဇေယျာသိန်ဆရာတော်၊ ဇေယျာသိန်ပါဠိတက္ကသိုလ် စစ်ကိုင်းတောင်ရိုး
(၂) အရှေ့ကုဋ္ဌာသယဆရာတော် စစ်ကိုင်းတောင်ရိုး
(၃) ရတနာခုဝံဆရာတော် စစ်ကိုင်းတောင်ရိုး
(၄) ပထမဂန္ဓာရုံဆရာတော် စစ်ကိုင်းတောင်ရိုး
(၅) ဇေယျာရွှေမြေဆရာတော် စစ်ကိုင်းတောင်ရိုး
(၆) သမုတိရွှေနဂါးအုဋ္ဌ်ကျောင်းဆရာတော် ဦးပဏ္ဍိတ စစ်ကိုင်းတောင်ရိုး
(၇) ရွှေစင်တိပိဋကစရေဆရာတော်၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်
(၈) ရေဦးတိုက်သစ်ဆရာတော် ဦးကုမာရ စစ်ကိုင်းတောင်ရိုး
(၉) အောင်မြေဘုံစံဆရာတော် စစ်ကိုင်းတောင်ရိုး

ဤရေစက်ကြီးသည် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းချောင်ပေါင်း(၁၀၀)ခန့်အား နေ့စဉ် ရေဂါလန်ပေါင်း ရှစ်သောင်းခန့် ဖြန့်ဝေပေးလှူလျက်ရှိပါသည်။ ဤရေစက်ကြီးမှာ နှစ်ပေါင်း ရာကျော် သက်တော်ရှည် ရေစက်ကြီးဖြစ်ရာ ဤရေစက်ကြီး ယခုထက် ပို၍ပို၍ သက်တော်ရာပေါင်း များစွာ ရှည်ကြာခိုင်မာတည်တံ့နိုင်ပါစေခြင်းအလို့ငှာ-

အောက်ပါအတိုင်း မိမိတို့ စေတနာသဒ္ဓါတရားအလျောက် စွမ်းနိုင်ရာရာကို ချီးမြှောက် ထောက်ပံ့လှူဒါန်းတော်မူကြပါရန် ရိုသေလေးမြတ်စွာဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**လှူဒါန်းနိုင်သည့် အကြောင်းအရာများ**

| | | |
|---|---|---|
| ၁။ | ထာဝရရေအလှူတော် ငွေပဒေသာပင်(၁)ပင်လျှင် | ကျပ်တစ်သိန်း |
| ၂။ | လျှပ်စစ်မော်တာ(၁၀)ကောင်အား တစ်လုံးလျှင် | ကျပ်ငါးသိန်း |
| ၃။ | လျှပ်စစ်မော်တာ အကောင်(၃၀)အား တစ်လုံးလျှင် | ကျပ်တစ်ဆယ့်ငါးသိန်း |
| ၄။ | ၆ ထပ်ပန့်(၁)လုံးလျှင် | ကျပ်တစ်ဆယ်သိန်း |
| ၅။ | ၃ လက်မ သံပိုက်အရှည်ပေ(၂၀) တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ကျပ်ခုနစ်သောင်း |
| ၆။ | ၂ လက်မသံပိုက်အရှည်ပေ(၂၀) တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ကျပ်ငါးသောင်း |

**ဆက်သွယ်လှူဒါန်းရန်မှာ-**

၁။ ဦးမျိုးမြင့်မောင်(နာယက)
အတုလဝတီပုံနှိပ်တိုက်
အထက(၂)နှင့်မျက်နှာချင်းဆိုင်
ဈေးလမ်း၊စစ်ကိုင်းမြို့
ဖုန်း-၀၇၂-၂၁၄၃၂

၂။ ဦးစိုးမြင့်(ဥက္ကဋ္ဌ)
ရွှေပြည့်အောင်ပိုးထည်တိုက်
အမက(၁)တောင်ဘက်
နန်းတော်ရာရပ်၊စစ်ကိုင်းမြို့
ဖုန်း-၀၉-၇၉၇၁၈၆၆၄၃၊ ၀၇၂-၂၁၃၂၈

၃။ ဦးကျော်လွင်(ဘဏ္ဍာရေးမှူး)
ရွှန်းလဲ့စတိုး အထက(၁)တောင်ဘက်
နန်းတော်ရာရပ်၊စစ်ကိုင်းမြို့
ဖုန်း-၀၉-၇၉၇၁၇၉၁၇၅

| | | | |
|---|---|---|---|
| ၄။ | **စစ်ကိုင်းမြို့** | မြန်မာ့ရှေ့ဆောင်ဘဏ်- | **ငွေစာရင်းနံပါတ်-0560162056001335068 (ဦးစိုးမြင့် A/C)** |
| ၅။ | **စစ်ကိုင်းမြို့** | **ရောဝတီဘဏ်-** | **ငွေစာရင်းနံပါတ်-0147222010001060 (ဦးစိုးမြင့် A/C)** |
| ၆။ | **စစ်ကိုင်းမြို့** | **ကမ္ဘောဇဘဏ်ခွဲ(၁)-** | **ငွေစာရင်းနံပါတ်-05830205801764001 (ဦးစိုးမြင့် A/C)** |

## Company မှ တိုက်ရိုက်ခေါ်ယူခြင်း

Maxwell Myanmar Company Limited ၏ Pazundaung ရုံးခွဲသစ်အတွက် ဝန်ထမ်း ကျား/မ(၅၀)ဦး အလိုရှိပါသည်။ ပညာအရည်အချင်း ၁၀တန်းမှ ဘွဲ့ရအထိ၊ အသက် ၁၈ နှစ်မှ ၃၀ အတွင်း ရာထူးအမျိုးမျိုးအတွက် ရုံးသို့ နံနက် ၉ နာရီမှ မွန်းလွဲ ၂:၃၀ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၉-၁၁-၂၀၂၀ ရက်မှ ၁၆-၁၁-၂၀၂၀ ရက်အတွင်း လျှောက်ထားပေးပါရန်။

လိပ်စာ- အမှတ်(၂၀၂)၊ သုံးလွှာ (ဘယ်၊ညာ)၊ ဗိုလ်တထောင်ဘုရားလမ်း (အပေါ်ဘလောက်)၊အလက(၁) ပုဇွန်တောင်ကျောင်းဘေးတိုက်၊ (၁)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၇၈၂၅၂၇၇၉၂

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

မူးလျှင်ရှူ-မောလျှင်သောက်
အမှတ်တံဆိပ်
TMR000849(0519)
ပန်းပေါင်းစုံ သွေးဆေး
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ် မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသားအရေ စိုပြေမှု ကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊ မီးယပ်ကွက်များ ထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ရွှေမန်းတောင်ဆေးဝါးစက်ရုံ - အမှတ်(၁၁၆၅ - ၆၆ - ၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့၊ ဖုန်း(၀၁)၅၉၀၀၀၃၄
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၀၉ - ၈၅၉၈၄၅၃

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၅၇/မမ/ (ဌာနခွဲအသီးသီး) | ရုံးသုံးစက်ကိရိယာပစ္စည်း(၂၁)မျိုး ဝယ်ယူရန် |
| ၂ | ၅၈/မမ/ (ဌာနခွဲအသီးသီး) | ရုံးသုံးပရိဘောဂပစ္စည်း(၃)မျိုး ဝယ်ယူရန် |
| ၃ | ၅၉/မမ/(CE) | တိုင်းအမှတ်(၈) မော်လမြိုင် အောင်းစိုင်-ရင်းငြိမ်ဘူတာကြား(၆)မိုင် (၉.၆၅၆)ကီလိုမီတာ စက်ဖြင့် ပက်ကင် ရိုက်ခြင်းလုပ်ငန်း |
| ၄ | ၆၀/မမ/(CE) | နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်း နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်းတွင် တွဲစစ်ဆေးကျင်း အမိုး(၁၅၀)ပေ ပြုလုပ်ခြင်း (သံလမ်းတိုင်/ Amcan အမိုး)လုပ်ငန်း |
| ၅ | 12(T)23(CME) (ISN) | Spare Parts for D.E.L (397)Items ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၇ .၁၂.၂၀၂၀ ) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၆.၁၁.၂၀၂၀) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994,291985


**အောင်ကမ္ဘာ**

ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းများအား ရေတာရှည်၊ သာယာဝတီ၊ မင်းလှ၊ အုတ်ဖို၊ ပေါင်းတည်မြို့များတွင် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁၁-၂၀၂၀ရက်မှ ၁၀-၁၂-၂၀၂၀ ရက်အထိ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၂၀ ရက် ညနေ ၄နာရီ (ရုံးချိန်အတွင်း) နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာနှင့်အသေးစိတ်သိလိုသည့် အချက်များကို တိုင်းဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ပဲခူးမြို့၏ ဖုန်း-၀၉-၄၃၀၃၅၃၇၁၊ ၀၅၂-၂၂၂၁၂၆၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ


**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
09400940041
09260664490


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(D)၊ မြေကွက်အမှတ်(၁၂)၊ ဧရိယာ/အကျယ်အဝန်း (၆၀'x၁၀၀') ရှိ မြေကွက်အား ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) ၉/မထလ(နိုင်) ၀၅၉၃၁၁ မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြေကွက်ချအကြောင်းကြားစာ၊ ငွေသွင်းချလန်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်(ဂရန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ညွှန်ကြားရေးမှူးရုံး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
မန္တလေးမြို့


**မီး**

**သတိပြု**


### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုလယ်ယာဦးစီးဌာန
### တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ဧရာဝတီတိုင်းဒေသကြီး
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဟင်္သာတမြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၁၅၀ နှင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၂၀၀ ဖော်ထုတ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ၁၁-၁၁-၂၀၂၀ ရက်မှ ၂၆-၁၁-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း Online စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ၁၁-၁၂-၂၀၂၀ ရက် မွန်းတည့် ၁၂:၀၀ နာရီ နောက်ဆုံးထားပြီး ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သည့် အိတ်ဖွင့်တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပြန်လည်တင်သွင်းရမည့်လိပ်စာမှာ စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထုံးဘိုရပ်ကွက်၊ ကမ်းနားလမ်း၊ ရွှေတဆုပ်လမ်းသွယ်၊ ပုသိမ်မြို့ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၄၂၄၈၊ ၀၄၂-၂၄၃၃၂ နှင့် ၀၉-၄၃၀၇၈၂၅၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### ဒေသ(၂)၊ဧရာဝတီတိုင်းဒေသကြီးရုံး၊ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်၊ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းထိန်းလုပ်ငန်း၊ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းတစ်ရပ်လုံးတင်ဒါများ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း၊တင်းသွင်းခြင်း** - Online စနစ်(Mail Address)(Bank acc)
**တင်ဒါပုံစံစိစစ်ရွေးချယ်ရာနေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ပုသိမ်မြို့
**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၀-၁၁-၂၀၂၀ရက် မှ စ၍ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၉-၁၂-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနှင့်နည်းပညာအဆိုပြုလွှာ (Technical Proposal)တင်ရမည့်ရက်** - ၁၀-၁၂-၂၀၂၀ရက်(ရုံးချိန်အတွင်း)
**လုပ်ငန်းတစ်ရပ်လုံးတင်ဒါ (Price Proposal) ဖွင့်လှစ်မည့်ရက်/အချိန်/နေရာ** - ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)၊နံနက် ၁၀:၀၀နာရီ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၂) ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၂)၊ဧရာဝတီတိုင်းဒေသကြီးရုံး ၊ပုသိမ်မြို့ (ဖုန်း-၀၄၂-၂၉၁၅၄)သို့ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စန်းစန်း(ဖျာပုံ)
### အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ရှင်ရဲထွဋ်လမ်းနေ (ဦးဖိုးပို-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးတင်စိန်)၊ (ဒေါ်မြရီ)တို့၏ညီမ၊ ဘိုကလေးမြို့နေ (ဦးအေးညိမ်း)၊ ဒေါ်သန်းကြည်တို့၏အစ်မ၊ နေပြည်တော်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် (၁၄၇)၊ အခန်း(၁၁)နေ ဒေါက်တာသန်းနိုင်စိုး(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)-ဒေါ်ဖြူဝင်းအေးတို့၏မိခင်၊ မအိကြယ်စင်စိုး၊ မအိရွှေစင်စိုးတို့၏ အဘွားသည် ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၀ရက်(တနင်္လာနေ့)တွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၀ရက် (စနေနေ့)နံနက်တွင် နေပြည်တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီးပုဇွန်တောင်မြို့နယ်၊
### မဟာဗန္ဓုလလမ်း၊ အမှတ်(၁၂၈)နေ
### ဒေါ်အိဖြူစင် Grand United Co.,Ltd.,
### Pretty Peacock Construction & Trading Co., Ltd. သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့် အမှတ်(၂၉၈)ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊မဟာဗန္ဓုလလမ်း၊ အမှတ်(၁၂၈)နေ Grand United Co.,Ltd., Pretty Peacock Construction & Trading Co., Ltd၏ဒါရိုက်တာ တစ်ဦးဖြစ်သော ဒေါ်အိဖြူစင်သည် ကျွန်ုပ်၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၌ Project Loanဖြစ်သော လုပ်ငန်းခွင့်ပြုချေးငွေကျပ်သိန်း (၃၆၂၀)တိတိအား လူကြီးမင်း၏ ကယားပြည်နယ်ကုသရေးဦးစီးဌာန(၆)ခန်းတွဲ (၄)ထပ်၊ လွိုင်ကော်ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး(2)နှစ် Budgetလုပ်ငန်း ခွင့်ပြုငွေ ကျပ်(၅၅၀.၀)သန်း လုပ်ငန်းအတွက် (၁)နှစ်သက်တမ်းဖြင့် ချေးယူခဲ့ပါသည်။ ထိုသို့ ချေးယူခဲ့ပြီးနောက် ဘဏ်၏ Project Loanအရ လည်းကောင်း၊လူကြီးမင်း၏Loan Settlement Planအရ လည်းကောင်း၊ ပထမ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းတစ်ခုလုံး၏ (၃၂%)အား လူကြီးမင်း၏သက်ဆိုင်ရာဌာနမှ ထုတ်ယူရရှိပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် ကျွန်ုပ်၏ဘဏ်သို့ Project Loan ချေးငွေအရင်း(၅၀%)အား လာရောက်ပေးသွင်းရန် (၉-၁၀-၂၀၂၀)ရက်စွဲပါ အကြောင်းကြားစာနှင့် (၂၆-၁၀-၂၀၂၀)ရက်စွဲပါ အကြောင်းကြားစာတို့ဖြင့် (၆-၁၁-၂၀၂၀)ရက် နောက်ဆုံးထားမပျက်မကွက်လာရောက်ပေးဆပ်ရန် အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း လူကြီးမင်းဘက်မှ တစ်စုံတစ်ရာ လာရောက်ပေးဆပ်မရှိသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏ဘဏ်သို့ မပျက်မကွက် လာရောက်ပေးဆပ်ရန် အကယ်၍လာရောက်ပေးဆပ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ လူကြီးမင်းအပေါ် သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းပပသောင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၆)**
**အမှတ်(၁၂၈၅/ခ)၊ (၁)ထူပါရုံ(၆)လမ်း၊ အရှေ့သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၈၅၅၅၂၄၆**

## ဒေါ်သိန်းသိန်း
### (ကျန်းမာရေးဆရာမကြီး L.H.V ငြိမ်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ(၂)လမ်း၊ အမှတ်(၁၁၄)နေ (ဦးဟုတ်စိန်-ဒေါ် စောလှ)တို့၏သမီး၊ (ဗိုလ်မှူးညွန့်ဝင်းမောင်ဒွေး-ငြိမ်း)၏ဇနီး၊ ဒေါက်တာ မိုးမိုးဒွေး(ပါမောက္ခဌာနမှူး၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)- ဒေါက်တာဒွေးဒွေး(ပါမောက္ခ သတ္တဗေဒဌာန၊ ဟင်္သာတတက္ကသိုလ်)၊ ဦးထင်အောင်ကျော်ဒွေး-ဒေါ်မြမြသိမ်း၊ ဒေါ်စောသီတာဒွေး၊ ဒေါ်စောစန္ဒာဒွေး-ဦးမင်းဇော်၊ ဒေါ်စောနန္ဒာဒွေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး လေးယောက်တို့၏ဘွားဘွားကြီးသည် ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ဝင်း(ခ)ဒေါ်တင်တင်အေး
### စီမံ/စီးပွားဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးစံတိုး-ဒေါ်မြရီ)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နေ (ဦးစံကူး-ဒေါ် သိန်းသိန်း)တို့၏သမီးချွေးမ၊ (ဦးခင်မောင်မြင့်)၏ဇနီး၊ (ဦးလှိုင်မြင့်)-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(ထက်)၊ အမှတ်(၂၁၅-က၊ ၃ထပ်-ဝဲ)နေ ဦးလင်းသိန်းမြင့်-ဒေါ်အိအိဖြိုး၊ ဦးသူရိန်လင်းဟိန်း-ဒေါ်လဲ့နန္ဒာမြင့်တို့၏မိခင်၊ မောင်လင်းပြည့်ဖြိုး၊ မောင်ဇေယျာလင်းထက်၊ မောင်လင်းမြတ်သူ၊ မောင်လင်းပြည့်သူ၊ မစံဝတီလင်းလဲ့၊ မစံရတီလင်းလဲ့တို့၏အဘွားသည် ၇-၁၁-၂၀၂၀ ရက် ည ၈:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒုအရာခံဗိုလ် ခွန်မောင်မောင်မြတ်သူလွင်(လမ်း/ဦး)
### အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၉၀၀)နေ အရာခံ ဗိုလ်မြင့်လွင်(ငြိမ်း)(ကကထောက်)-(ဒေါ်နှင်းခင်)တို့၏သား၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၂၄၆)နေ (ဗိုလ်ကြီး အောင်သန်း)(ကကကြည်း)-ဒေါ်ကြည်လှိုင်တို့၏သားသမက်၊ မကြည်ဖြူခင်၏ဖခင်၊ ဒေါ်ဥမ္မာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦး အောင်လွင်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးလှမိုးကျော်-ဒေါ်ချိုမာလွင်တို့၏ညီ/မောင်၊ မမြတ်နိုးခင်၊ မရွှန်းဝတီကျော်တို့၏ ဦးလေးသည် ၆-၁၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၀ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိကြောင်း
# ဦးစည်သူအေးအောင်
### (Chairman Asia Hi-Tech Construction Co.,Ltd.)
### အသက်(၄၀)

၂-၁၁-၂၀၂၀ ရက်တွင် တပ်မတော်အသည်းအထူးကုဆေးရုံတွင် ကွယ်လွန်သွားပါသော တစ်ဦးတည်းသောသားကြီး ကိုစည်သူအေးအောင်၏ နာရေးသတင်းကြားသိ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းပေးကြသောသူများ၊ ကိုဗစ်ကာလ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဆက်သွယ်နှစ်သိမ့်ပေးကြပါသော သူများ၊ သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် ပန်းခြင်းပန်းခွေများ ပေးပို့ကြပါသော ဆရာသမားများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူငယ်ချင်းများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

အထူးအားဖြင့် သားကြီးတက်ရောက်ကုသစဉ် စေတနာထား ကုသစောင့်ရှောက်ပေးပါသော တပ်မတော်အသည်းဆေးရုံမှ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အရာရှိများ၊ တာဝန်ကျဆေးမှူးနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ နာရေးအခမ်းအနားမှစ၍ မီးသင်္ဂြိုဟ်ပြီး အရိုးအိုးကောက်သည်အထိ အစစအရာရာ စီမံဆောင်ရွက်ပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံတပ်နယ်မှူးနှင့် အမှတ်(၁/၁၀၀၀) တပ်မတော်ဆေးရုံကြီးမှ တပ်မှူး၊ အရာရှိ အရာခံအကြပ်တပ်သားအားလုံးကိုလည်းကောင်း၊ အရိုးဂူသွင်းသည်အထိ စီမံဆောင်ရွက်ပေးပါသော မြို့တော်စည်ပင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား လည်းကောင်း၊ သားကြီးနှင့်ပတ်သက်၍ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်စွာဖြင့်
ကျန်ရစ်သူအေးရိပ်ဝေမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေစက် အလှူ့ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (တိုင်းရင်းမေ၏မိခင်ကြီး)

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းဟန်-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးအေးဖေ)(တိုင်းရင်းမေဂျာနယ်နှင့်မြသဇင်ဆန်စက်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ပြုံးပြုံးအေး-ဦးဆန်းဝင်း-ဒေါ်ဆွေဆွေအေး၊ ဒေါက်တာဝင်းနိုင်-ဒေါ်ဝေဝေအေး၊ ဒေါက်တာနွယ်နွယ်အေး၊ ဦးမျိုးဝေ-ဒေါ်မွန်မွန်အေး၊ ဦးဝင်းအေးဖေ-ဒေါ်နီနီအေး၊ ဦးလင်းအေးဖေ-(ဒေါ်ညွန့်ညွန့်ဝေ)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်ခင်မြတ်မွန်နှင့် တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေး ၁၃ယောက်၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၀:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေစက် အလှူ့ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်(တိုင်းရင်းမေ၏မိခင်ကြီး)

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းဟန်-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးအေးဖေ)(တိုင်းရင်းမေဂျာနယ်နှင့် မြသဇင်ဆန်စက်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးအေးနိုင်၊ ဦးအောင်မော်ဇင်-ဒေါ်ဦး(USA)၊ ဦးစည်သူဝင်း-ဒေါ်သန့်၊ ဒေါက်တာမေဝင်းနိုင်(Singapore)၊ Joshua Rosales -ဒေါ်အေးမွန်ထွဋ်(မဂ္ဂမ်း)(USA)၊ ဦးအေးချို-ဒေါ်ပြည့်၊ ဦးကျော်ဇေလင်း-ဒေါ်အေးမျိုးမျိုးစိုး၊ ဦးဇော်ဝင်းနိုင်-Adelyne Shi(Singapore)၊ ဦးဝေမျိုးကျော်-ဒေါ်အေးသဥ္ဇာဝေ(Singapore)၊ ဦးဉာဏ်မင်းထွဋ်(ဇာနည်)-ဒေါ်သီတာအောင်(ဇူလိုင်)၊ ဦးထွဋ်-ဒေါ်ဆုမြတ်အောင်၊ ဦးထိန်လင်းဝေ-ဒေါ်ပေရယ်မိုး၊ ဦးသီဟလင်း-ဒေါ်နေခြည်လင်းနိုင်၊ ဦးမင်းဇင်နိုင်-ဒေါ်ဖြူစင်ဝေတို့၏အဘွား၊ မောင်အောင်စည်သူ၊ မောင်မြလင်း၊ မရှင်းသန့်သူ၊ မောင်လှမင်း၊ မေသန့်သူ၊ မောင်ဉာဏ်ဇင်၊ မောင်မင်းဗညားမွန်၊ (Denzil)၊ မောင်ဝဿန် Adamထွဋ်Rosales၊ မောင်မင်းသတ္တိထွန်း(Hector)၊ မနေခြည်တာရာ Rosales၊ မောင်ဝေဘုန်းမြတ်၊ မောင်လမင်းထွဋ်တို့၏ဘွားဘွားကြီးသည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၀:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလင်းမြင့်

**ဘူမိဗေဒအရာရှိချုပ်(ငြိမ်း)**

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက်(၇၀)**

ရန်ကုန်မြို့၊ အောင်သိဒ္ဓိရိပ်သာ၊ ရွှေပေယ်လမ်းနေ ဦးထွန်းရွှေ-ဒေါ်တင်မြတ်တို့၏သား၊ (ဒေါ်ခင်ခင်ဝင်း)၏ခင်ပွန်း၊ ဦးထူးထူးအောင်-ဒေါ်နန်းနေခြည်တင်ကြွယ်၊ ဒေါက်တာကောင်းမြတ်လင်း-ဒေါက်တာခင်သီတာဦး၊ ဒေါ်လင်းသန္တာဝင်း၊ ဦးဇာနည်အောင် - ဒေါ်နှင်းသီတာလင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်ကောင်းကင်ရွှေရောင်လင်း၊ မဂ္ဂန္ဓြေထူးထူးအောင်၊ မောင်လှိုင်လထူးထူးအောင်၊ မောင်ဝီရိယထူးထူးအောင်၊ မောင်ထက်အောင်ခန့်၊ မမြတ်ဖြိုးပိုင်တို့၏အဘိုးသည် ၈-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေ အိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သတိပေးနှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

## ဒေါ်နှင်းကြည်(ခ)ဒေါ်မနှင်း

**အသက်(၉၆)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရေးမြို့၊ ကရုပ္ပိကျေးရွာနေ (ဦးဟုတ်လှိုင်-ဒေါ်ငွေအိမ်)တို့၏သမီး၊ (ဦးဘိုးတန်-ဒေါ်ဖွား)တို့၏သမီးချွေးမ၊ (ဦးအိန်စွန်း)၏ဇနီး၊ ဦးဖေကျော်တင်-ဒေါ်နုနုကြည်၊ ဒေါ်မိမိကြည်၊ ဦးခင်မောင်ကြည်-ဒေါ်နှင်းနှင်းယု၊ ဦးညိုကြည်၊ ဒေါက်တာကျော်မင်း-ဒေါ်မွေးမွေးကြည်၊ ဒေါ်ဌေး ဌေးကြည်၊ ဦးအောင်လတ်၊ (ဒေါ်စုစုကြည်)တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောဘူးလေ (တောင်ငူမြို့)

**အသက်(၈၉)နှစ်**

တောင်ငူမြို့၊ ဒယ်စုရပ်ကွက်၊ စက်ရှင်လမ်း၊ အမှတ်(၂၀/၃၆၄)နေ (ဒေါ်နော်လှဘူး)၏ ချစ်လှစွာသောခင်ပွန်း၊ နော်ဖရီးစေးလာ-ဦးစောဦးမော်၊ စောစီးလာ၊ အမေရိကန်ပြည်ထောင်စုနေ Saw Mission -Naw Eh Poe Doo တို့၏ချစ်လှစွာသောဖခင်သည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) ည ၇:၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး အနောက်သုသာန် ဗောရိသာရ၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးခင်အောင်ကြည်

**ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စက်မှုတက္ကသိုလ်**

**အသက်(၈၉)နှစ်**

ရန်ကုန်စက်မှုတက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း)၊ ဆရာကြီး ဦးခင်အောင်ကြည် အသက် (၈၉)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရပါ သဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

အထူးဝမ်းနည်းကြေကွဲခြင်း

## သုဓမ္မမဏိဇောတဓရ ဦးသက်ဆွေ

ရန်ကုန်မြို့နေ ဒေါ်ယမင်းကိုကို၏ ချစ်လှစွာသော ခင်ပွန်း သုဓမ္မမဏိဇောတဓရ ဦးသက်ဆွေသည် ၇-၁၁-၂၀၂၀ရက်တွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

O.T.S(၆၆)မှ သူငယ်ချင်းများနှင့်မိသားစုများ

## ဦးစန်းမြင့်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက် မြိုင်တန်းသာလမ်း၊ အမှတ် (၁၄၇/၁၊ မြေညီထပ်)နေ (ဦးမောင်တင်-ဒေါ်အေးသွယ်)တို့၏သား၊ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်နိုင်-ဒေါ်လွင်လွင်စိုး၊ ဦးမြင့်ဇော်-ဒေါ်သက်သက်တင်၊ ဦးထွန်းထွန်းဇော်-ဒေါ်ခင်ဝါဝါမင်းတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလင်းမြင့်

**ဘူမိဗေဒအရာရှိချုပ်(ငြိမ်း)**

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက်(၇၀)**

Supreme Trading Company Limited, Deputy Chief Executive Officer ဦးထူးထူးအောင် ဇနီး ဒေါ်နန်းနေခြည်တင်ကြွယ်တို့၏ဖခင် ဦးလင်းမြင့်သည် ၈-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

BOD,Management နှင့်ဝန်ထမ်းမိသားစုများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဇေယျဝတီစာသင်တိုက်၊ ဂန္ဓကုဋိရကျောင်း(တိုက်အုပ်ဆရာတော်)

## ဘဒ္ဒန္တဝရုတ္တမ(ခ)ဝါယာမ

**သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ဇေယျဝတီစာသင်တိုက်၊ ဂန္ဓကုဋိရကျောင်း(တိုက်အုပ်ဆရာတော်)ထားဝယ် ရဟန်းတော်များအသင်း၏ ဩဝါဒါစရိယဆရာတော် သည်(၁၃၈၂ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေ နေ့) နံနက် ၆:၅၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၈၂ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်) ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူ တပည့်ဒါယကာ၊ ဒါယိကာမများ

## ဒေါ်တင်အေး

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၂၁/က)နေ (ဦးဆွဲ-ဒေါ်လှရွှေ)တို့၏သမီး၊ (ဦးဘသိန်း-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ (ဦးအောင်ခင်)(အထွေထွေမန်နေဂျာ-မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်မင်းမင်းသက်၊ ဒေါက်တာမိမိအောင်ခင်-(ဦးထင်အောင်)၊ ဒေါ်သီသီခင်၊(ဒေါက်တာနီနီခင်)-ဦးဇင်မင်း၊ ဦးဇော်လင်း-ဒေါ်မြင့်ရီ(ဒုညွှန်မှူး-ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၈-၁၁-၂၀၂၀ ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြွင်မြင့်

**(ကုန်သွယ်လယ်ယာ-ငြိမ်း)ညောင်လေးပင်မြို့**

**အသက်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးပု-ဒေါ်ညွန့်)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးစိန်မောင်-ဒေါ်မွေး)တို့၏သားသမက်၊ (ဦးလှ-ဒေါ်သန်းကြင်)၊ ပျဉ်းမနားမြို့နေ ဦးမြင့်-(ဒေါ်ကြင်တီ)တို့၏မောင်၊ ဦးကြင်တိုး၏အစ်ကို၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်လှသိန်း၊ ဦးသံခဲ-ဒေါ်စီဖိုး၊ (ဦးမင်းလွင်)-ဒေါ်ဝင်းရီ၊ ဦးကုလား-ဒေါ်အမာကြည်၊ ဦးဇော်ခင်-ဒေါ်စန်းဌေး၊ ဦးရွှေလုံး-ဒေါ်လှဲ့လှဲ့မူ၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်သန်းသန်းအေး၊ ဦးလွင်ကြည်-ဒေါ်သင်းသင်းမြင့်၊ ဦးစိန်ဦး-ဒေါ်တင်ဌေးမြင့် တို့၏ဦးလေး၊ မြေး၂၃ယောက်တို့၏အဘိုး၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ တောင်စက်ရုံလမ်း၊ အမှတ်(၁)နေ ဒေါ်ညွန့်ရွှေ၏ ခင်ပွန်းသည် ၈-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ညောင်လေးပင်မြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်း ကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဆွေကြူ

**ပါမောက္ခ(ငြိမ်း)၊ ရူပဗေဒဌာန(ဌာနမှူး)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်(၂၀)နေ (ဦးစိန်ကြူ - ဒေါ်ခင်မမကြီး) တို့၏သမီးကြီး၊ ပါမောက္ခ ဦးအောင်သိန်း၏ဇနီး၊ ဗိုလ်ကြီးဉာဏ်လင်းအောင်(တပ်မတော်-ဆေး)-မနန္ဒာမြတ်ထွန်း၊ မရည်မွန်အောင်၊ မဆုမွန်အောင်တို့၏ မိခင်၊ ဒေါက်တာခင်နွယ်နွယ်ကြူ၊ ဒေါက်တာခင်စိုးစိုးကြူ၊ ဒေါက်တာခင်မျိုးမြင့်ကြူ၊ ဒေါက်တာဦးမိုးမြင့်ကြူ၊ ဒေါ်ခင်စောမြတ်ကြူ၊ ဒေါက်တာခင်ဖုန်းမြင့်ကြူတို့၏အစ်မကြီးသည် ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁နာရီတွင် သွေးအားနည်းရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ ပါဝင်ဆန္ဒမဲပေး

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပရာ တပ်မတော်သားများနှင့် မိသားစုဝင်များသည်လည်း သက်ဆိုင်ရာမဲရုံများတွင် စည်းမျဉ်းသတ်မှတ်ချက်များနှင့် အညီ ဆန္ဒမဲများပေးခဲ့ကြသည်။

ထိုသို့ ဆန္ဒမဲများပေးကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာ ရပ်ကွက်၊ ဇေယျာသီရိကုန်တိုက်ရှိ မဲရုံ အမှတ်(၁)သို့ သွားရောက်၍ ဆန္ဒမဲပေးကြသည်။

ထို့အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန ၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကလည်း သတ်မှတ်မဲရုံများ၌ ဆန္ဒမဲများ အသီးသီး ပေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆန္ဒမဲပေးကြစဉ်။
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပြည်ထောင်စုနယ်မြေမဲရုံများ၌ ဆန္ဒမဲပေးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် အ.ထ.က (၅) ရှိ မဲရုံအမှတ် (၁)၊ အမှတ် (၂)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်ရှိ မဲရုံအမှတ် (၂) နှင့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံအမှတ် (၁) အ.မ.က (ချင်းရွာ) များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲဆန္ဒရှင်များ Mask တပ်ဆင်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့်

*စာမျက်နှာ ၃ ကော်လံ ၂* ◆





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် မဲရုံအမှတ် (၁) အ.မ.က (ချင်းရွာ) ၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးမှုကို ကြည့်ရှုစဉ်။
သတင်းစဉ်

**၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ**
စာ - ၁၅

**ဒိန်းမတ်နိုင်ငံတွင် တိရစ္ဆာန်မှ လူသို့ ကိုဗစ်-၁၉ ရောဂါ အသစ်ကူးစက်မှု တွေ့ရှိရသည့်အတွက် ဗြိတိန်က ဒိန်းမတ်နိုင်ငံမှ ခရီးသွားများ လာရောက်မှုကိုပိတ်ပင်**
စာ - ၂၀

**ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ လေးသိန်းနီးပါးရှိလာ**
စာ - ၂၂

